ဓမ္မရံသီစာစဉ်(၂)

မိုးကုတ်မြို့ ကုန်းမြင့်သာယာရပ်၊ ဓမ္မရံသီရိပ်သာ ပဓာနနာယက
ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက

## ဘဒ္ဒန္တသုနန္ဒ

# သူလိုမိန်းမသားရှားမှရှား

**အရှင်ဇောတိသာရ(စဉ့်ကူး)**

စီစဉ်ပူဇော်သည်



GRAPHIC
NAY WINN AUNG
09906159 7

ဓမ္မရံသီစာစဉ် (၂)

မိုးကုတ်မြို့၊ ကုန်းမြင့်သာယာရပ်၊ ဓမ္မရံသီရိပ်သာ
ပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက

# ဘဒ္ဒန္တ ဇနိန္ဒ

၏

# သတိပဋ္ဌာန်းဝသား ရှုပွား

အရှင်ဇောတိသာရ (ဝဋ်ကူး)
စီစဉ်ပူဇော်သည်

မိုးကုတ်မြို့၊ ကုန်းမြင့်သာယာရပ်၊ မွေ့ရုံသီရိပ်သာ

ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက

# ဘဒ္ဒန္တသုနန္ဒ အရှင်သုဗြတ် ၏

## ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်ရာဇာတိ

အရှင်သုနန္ဒလောင်းလျာကို ၁၃၂၇ ခု ကဆုန်လပြည့်ကျော် (၆)ရက်နေ့ ၂၀-၅-၁၉၆၄ သောကြာနေ့ နံနက်(၄)နာရီ ၃၀ မိနစ် အချိန်တွင် ခမည်းတော် ဦးအောင်ကျော်၊ မယ်တော် ဒေါ်... သောင်းတို့မှ ဖွားမြင်ခဲ့ပါသည်။ မွေးချင်း(၆)ယောက် အနက် (ပဉ္စမ)မြောက် သားရတနာဖြစ်ပါသည်။

### လောကီပညာသင်ကြားမှုနှင့်အောင်မြင်မှု

(၅နှစ်မှ ၁၄ နှစ်အရွယ်၊ ၁၉၆၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်)ကြားအရှင်သည် သူငယ်တန်းမှ ( ... တန်းအောင်မြင်သည်အထိ ရှမ်းပြည်မြောက်ပိုင်း နောင်ချိုမြို့ အ-ထ-က ကျောင်း၌ ပညာသင် ... ခဲ့ပါသည်။ (၆)တန်းမှ (၈)တန်း ကျောင်းသားအတွင်း မဟာလောင်မယ် သင်တန်းနှင့်စာမေး ... ဝင်ရောက် ဖြေဆိုအောင်မြင်ခဲ့ပါသည်။

### ဓမ္မသံဝေဂဖြင့် သာမဏေပြုခြင်း

ထို့နောက် သက်တော်(၁၄)နှစ်အရွယ်တွင် နောင်ချိုမြို့ သာသနာ့ရောင်ခြည်ကျောင်းတိုက် ဆရာ ... ဦးအာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်ပြီး အခြေခံပရိယတ္တိစာပေများသင်ကြားခဲ့ပါသည်။

### ပညာသင်ယူခြင်း

ထို့နောက် သက်တော်(၁၆)နှစ်အရွယ်တွင် ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ရွှေပြောင်း၍ အခြေခံပရိယတ္တိစာပေများ ဆက်လက်သင်ယူရာ အစိုးရအဘိဓမ္မာ ပ-ဒု-တ အ ... များနှင့် အစိုးရပါဠိပထမပြန် မူလတန်း အငယ်တန်းကို အောင်မြင်ခဲ့ပါသည်။

### ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

ထို့နောက် သီဟိုဠ်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသ ဆရာတော်ဘုရားကြီး ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ပညာဆက်လက်သင်ယူခြင်း

ရဟန်းဖြစ်ပြီး သက်တော်(၂၀ မှ ၂၅)နှစ်အတွင်း အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရွှေပြောင်း၍ ပညာဆက်လက်သင်ယူခဲ့ရာ မဟာဂန္ဓာရုံ ပညာရေးမှူးအရ ဂါမဝေတေးကျော် လက်ရ တန်းအတွက် ပ-ဒု-တ အဆင့်များကို ကျမ်းကြီးပေါက်သင်ယူခဲ့ရပါသည်။

## ပရိယတ်-ပဋိပတ် ပညာရည်နို့သောက်စို့ခြင်း

ထို့နောက် သက်တော်(၂၆ မှ ၂၇)နှစ်အရွယ်တွင် မှော်လုံးကျွန်းသာရေး အဖြေအနေ့အရ ပရိယတ္တိကိုနား၍ ပဋိပတ္တိနယ်ပယ်သို့ကူးပြောင်းကာ အမရပူရမြို့ မိုးကုတ်ဝိပဿနာမဟာသာရှင်ရိပ်သာ (သံဝေဇနီယဌာန)သို့ ပြောင်းရွှေ့၍ ဆရာတော်ဦးဓမ္မသာရ (ဆင်မြူကျွန်း) ဆရာတော်ဘုရားနှင့် ဆရာတော်ဦးကုမာရ(သံဝေဇနီယဌာန)တို့၏ အနီးကပ်စောင့်ရှောက်မှုကိုခံယူပြီး (၁၀)ရက်စခန်း (၆)ကြိမ်ဆက်တိုက် သင်တန်းတက်ရောက် ပွားများအားထုတ်ခဲ့ပါသည်။

## ပရိယတ်-ပဋိပတ် ပညာရည်ဆက်လက်နို့သောက်စို့ခြင်း

ထို့နောက် သက်တော်(၂၆-၂၇)နှစ်အရွယ်တွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် မုန်မြို့တောင်တောရသို့ ကြွရောက်၍ မဟာနာယက ကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တသံဝရအရှင်သူမြတ်၏ အနီးကပ်စောင့်ရှောက်ကြီးကြပ်ကြပ်မှုဖြင့် မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိကဖြင့် ရောက်ရှိလာပါသည်။

## နယ်လှည့်သာသနာပြုခြင်း

ထို့နောက် သက်တော်(၂၇-၂၈)နှစ်အရွယ်တွင် အမရပူရမြို့ မိုးကုတ်ဝိပဿနာ မဟာသာရှင်ရိပ်သာ သံဝေဇနီယဌာနသို့ ပြန်ကြွပြီး ဆရာတော်ဦးကုမာရ (ကမ္မဋ္ဌာနစရိယ နယ်လှည့်ဓမ္မကထိက)နှင့်အတူ မိုးကုတ်ဆရာတော်ဘုရားကြီး ညွှန်ကြားချက်အတိုင်း ဆက်လက်သာသနာပြု ဟောပြောပို့ချခဲ့ပါသည်။

## ရိပ်သာတည်ထောင်ခြင်း

ထို့နောက် သက်တော်(၂၈)နှစ်အရွယ် (၁၉၉၃)ခုနှစ်တွင် မိုးကုတ်မြို့ ကုန်းမြင့်သာယာရပ် ဓမ္မရုံသိမိုးကုတ်ဝိပဿနာရိပ်သာကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ဖွင့်သည့်နှစ်မှစ၍ တစ်နှစ်လျှင် (၁၀)ရက် တရားစခန်း (၁၀)ကြိမ် ဖွင့်လှစ်ခဲ့ပြီး တစ်ကြိမ်လျှင်(ယောဂီ ၂၅၀)ကျော်ခံနိုင်ခဲ့ပါသည်။

## ရိပ်သာခွဲများတည်ထောင်၍ သာသနာပြုခြင်း

သက်တော်(၂၈ မှ ၄၁)နှစ်အရွယ် (၁၉၉၃ မှ ၂၀၀၆)ခုနှစ် ယခုအခါ သာသနာပြုသက်တမ်း (၁၃)နှစ်အတွင်း တရားစခန်းပွဲများနှင့် ညအထူးသစ္စာဓမ္မသဘင်ပွဲများကို နယ်အနှံ့ ဆက်လက်ဟောကြားလျက် မိုးကုတ်၊ မန္တလေး၊ ရုံရွာ၊ ကျောက်ဆည်မြို့ကြီးများ၌ ရိပ်သာခွဲများတည်ထောင်၍ ပရိယတ်-ပဋိပတ် သာသနာ့တာဝန်နှစ်ဖြာကို ဆက်လက်ကြိုးစားပွားများအားထုတ်လျက်ရှိပါသည်။

လှူသူနှင့်ယူသူ စာဖတ်သူအများ
သိပညာ ဆင့်ဆင့်ကြွားကာ မြင့်မားစေသား

သို့

..........................
..........................
..........................

**အမှတ်တရ ပြွတ်ဒါန**

မှ/လက်ဆောင်ရှင်

..........................
..........................
..........................

နေ့စွဲ..............

# ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၃၂၁၁၄၆၀၆၀၉

**အဖုံးခွင့်ပြုချက်** - ၃၂၁၁၆၆၀၆၀၉

ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀၀

အောက်တိုဘာလ၊ ၂၀၀၆ ခုနှစ်

**ထုတ်ဝေသူ**

ဦးကျော်ဆန်း (ရဲအောင်စာပေ)

အမှတ် ၂၊ ချွန်း ၁ လမ်း၊ မင်္ဂလာတောင်ညွန့်။

**ပုံနှိပ်သူ**

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်)

အမှတ် ၈၇၊ ၅၆ လမ်း၊

၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။

**ဖြန့်ချိရေး**

ဇမ္ဗူဒီပစာပေ

အမှတ် ၉၇၊ ရွှေတိဂုံဘုရားအရှေ့မုခ်

ဖုန်း (အိမ်) ၃၈၁၈၃၃- ၂၃၇

(ဆိုင်) ၃၇၈၆၅၃

ခမ္မရံသီရိပ်သာ၊ ကုန်းမြင့်သာယာရပ်၊ မိုးကုတ်မြို့။

ဖုန်း - ၀၉၉၀၃၀၂၆၅။

**တန်ဖိုး - ၁၀၀၀ ကျပ်**

# မာတိကာ


| | |
|---|---|
| စိစဉ်သူ၏ ရင်တွင်းစကား | ၁ |
| ကျေးရှူးမော်ကွန်း | ၁၁ |
| တရားအဖွင့်ဝမ်းမြောက်သင့် | ၁၃ |
| ဉာဏ်လမ်းပေါ်လျှောက် နိဗ္ဗာန်ရောက် | ၁၇ |
| အရိယာ မဆိတ်သုဉ်းပါ | ၂၅ |
| အရဏ်တက်မှ နေထွက်ရ | ၃၁ |
| ဖြစ်ပျက်သိမြင် ဒိဋ္ဌိစင် | ၄၁ |
| တရားခံဘယ်သူလဲ စိစစ်ခွဲ | ၄၉ |
| ဓာတ်ခံပါရမီ နှိုးဆော်ပြီ | ၅၃ |
| ကျေးရှူးကိုဆပ် သမီးမြတ် | ၅၇ |
| ဘက်စုံထူးချွန်ထက်မြက်သူ | ၆၉ |

လေးအင်ပြည့်ဝ အောင်မြင်ရ ၇၇

သက်သေထင်ရှား ထေရီများ ၈၁

မိန်းမသားတို့ ကြိုးစားစို့ ၈၉

သူဌေးကတော်မှ ထေရီမယ်ဘဝသို့ ၉၉

ဂုဏ်ပြုထိုက်သော မိန်းမသား ၁၀၉

မိဘကျေးဇူးကျေတဲ့ သူတော်ကောင်းမလေး ၁၂၁


သမီးလိမ္မာ ရှုဋ္ဌသုဘဒ္ဒါ ၁၂၉

အရိယာသံဃာ ဂုဏ်ပေါင်းဖြာ ၁၃၉

သူလိုမိန်းမသား ရှားမှရှား ၁၄၇

မသေခင်လေး ညာဏ်ချင့်တွေး ၁၅၉

ခဏဖြစ်ရ လူ့ဘဝ အနှစ်ရှိအောင် ကြိုးစားကြ ၁၆၅



# စီစဉ်သူ၏ ရင်တွင်းစကား

(၁)

တရုသု ဓမ္မမိတ်ဆွေများ၏ ရှေ့မှောက်တွင် ရောက်ရှိနေသော "သုလိုမိန်းမသား ရှားမှရှား" တရားစာအုပ်သည် ဓမ္မရံသီစာစဉ်အမှတ် (၂) ဖြစ်ပါသည်။ ဝိပဿနာတရား၏ စွမ်းအားကို ထူးခြားစွာ သာဓကပြသွားခဲ့သော သမီးလေး နန်းထက်ထက်အောင်အကြောင်း အခြေခံဟောပြောခဲ့သည့် တရားတော်ဖြစ်ပါ၏။ ဝိပဿနာတရားပြ အကျော် မိုးကုတ်မြို့ ဓမ္မရံသီဆရာတော်ဘုရား၏ လူသိများ ထင်ရှားသော တရားတော်လည်း ဖြစ်ပါသည်။

(၂)

စာရေးသူသည် ဓမ္မရံသီဆရာတော်ဘုရား၏ "ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါးတရားတော်" ကို အသံသွင်း တိတ်ခွေမှ စာမူ၊ စာမူမှ စာအုပ်ဖြစ်အောင် အဆင့်ဆင့် စီစဉ်ဖန်တီးကာ ဓမ္မရံသီစာစဉ် အမှတ်(၁) အဖြစ် ၂၀၀၅ ခုနှစ်က စတင်ထုတ်ဝေ ဖြန့်ချိခဲ့သည်။

ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါး တရားတော်တွင် ဆရာတော်ဘုရားသည် စေတနာမေတ္တာကြီးမားစွာဖြင့် တရားနာစာရှုသူအားလုံးတို့ ရင်ထဲတွင် ရှင်းလင်းပြတ်သားစွာ သိမြင်စေရန်၊ ရတနာသုံးပါးကို မှန်ကန်စွာ ဆည်းကပ်နိုင်စေရန် အထူးအားစိုက်ဟောကြားထား၏။ အဆင့်မြင့် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် ပီပီပြင်ပြင်နေထိုင်သွားနိုင်ကြစေရန် မူရင်း ပဋိစ္စသမုပ္ပါဒ်ကို အခြေတည်၍ (logic)နည်းကျကျ ဟောပြတော်မူခဲ့သဖြင့် ဘာသာရေးစာပေလောကမှာ အထူးအောင်မြင်ကျော်ကြားသော စာအုပ်တစ်အုပ် ဖြစ်လာခဲ့ပါသည်။

ပထမဆုံးထုတ်ဝေလိုက်သော ဗုဒ္ဓဘာသာငါးမျိုးနှင့် သစ္စာလေးပါးစာအုပ်ကို ဖတ်ရှုခံစားကြရသည့် အနယ်နယ်အရပ်ရပ်ရှိ ဓမ္မမိတ်ဆွေ ယောဂီသူတော်စင်အပေါင်းတို့က ထိုသို့သော ဓမ္မရသအရသာမျိုးကို ထပ်မံသုံးဆောင်လိုကြပါကြောင်းဖြင့် ဓမ္မရံသီဆရာတော်ဘုရားထံ စာဖြင့်တစ်မျိုး ဖုန်းဖြင့်တစ်သွယ် တောင်းပန်လျှောက်

ထားလာကြရာ ဆရာတော်မှ စာရေးသူအား ယခုလို ဒုတိယမြောက် စာအုပ်ကို စီစဉ်ဆောင်ရွက်ပေးရန် ဆက်လက် တာဝန်ပေးလိုက်ခြင်း ဖြစ်ပါ၏။

(၃)

စာရေးသူ မိုးကုတ်မြို့ ဓမ္မရံသီရိပ်သာကျောင်းတိုက်ကြီးသို့ စာအုပ်ကိစ္စပြင့် ရောက်ရှိနေခိုက် ဆရာတော်၏ တိုက်တွန်းချက်အရ VCD တစ်ချပ်ကို ကြည့်ဖြစ်ခဲ့၏။

ကြည့်ရင်းကြည့်ရင်း စာရေးသူမှာ အံ့ဩခြင်း၊ ပီတိဖြစ်ခြင်း၊ အားကျကျေနပ်ခြင်း၊ ဓမ္မသံဝေဂရခြင်း စသော စိတ်ခံစားမှုများ တစ်သီတစ်တန်းကြီး ဖြစ်ပေါ်ခဲ့ရသည်။

ထို VCDခွေမှာ သမီးလေးနန်းထက်ထက်အောင်၏ ဈာပနနှင့် ဘဝမှတ်တမ်းအခွေပင် ဖြစ်ပါ၏။

နန်းထက်ထက်အောင်ကို ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့ ဦးဇော်နီ+ဒေါ်နန်းရွှေအိမ်တို့မှာ (၁၂-၄-၁၉၉၂) ရက်တွင် ဖွားမြင်ခဲ့သည်။ (၂၇-၈-၂၀၀၅ ရက်မှာ ကွယ်လွန်သွားရာသဖြင့် ဆယ့်လေးနှစ်အရွယ် ကလေးသူငယ်မျှသာ ဖြစ်ပါ၏။

သို့သော် သူမ၏ လုပ်ဆောင်ချက်များကတော့ သာမန် လူကြီးတစ်ယောက်ပင် ဆောင်ရွက်နိုင်ဖို့ ခဲယဉ်းသော အကြောင်းအရာများ ဖြစ်နေပါသည်။

သူမသည်ကျောင်းစာတော်သော ကျောင်းသူတစ်ယောက်ဖြစ်ရုံမက ဘက်စုံထူးချွန်သော စံပြကျောင်းသူတစ်ယောက်လည်း ဖြစ်ပါ၏။

စတုတ္ထတန်းမှာ နိုင်ငံတော်က ကျင်းပသော အဆို၊ အက အရေးအတီးပြိုင်ပွဲတွင် ပြည်နယ်အဆင့်အထိ ရွေးချယ်ခံရသည်။ တစ်ခါ ပဉ္စမတန်းမှာ ခရိုင်အဆင့်အထိ သတ္တမတန်းမှာ ပြည်နယ်အဆင့်အထိ ထပ်မံ၍ ရွေးချယ်ခံခဲ့ရပြန်သည်။

ထို့မျှမကသေးပါ ကျောက်မဲမြို့ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်သော နှစ်ပတ်လည် သင်းလုံးကျွတ် ဆုနှင်းသဘင်အခမ်းအနား၊ စုညီပွဲတော်၊ ကျောင်းနှစ်ငါးဆယ်ပြည့် ရွှေရတုသဘင် အခမ်းအနား စတဲ့ ပွဲတွေမှာလည်း ဆရာသမားမိဘတွေရဲ့ တိုက်တွန်းမှုကြောင့် ပါဝင်ကပြဖျော်ဖြေပေးခဲ့ရသည်။ အခြားအခြားသော ရှမ်းရိုးရာပွဲတော်၊ နှစ်သစ်ကူးပွဲတော်၊ သင်္ကြန်ပွဲတော်များမှာလည်း ပါဝင်ကပြပေးခဲ့ရသေးသည်။

၂၀၀၅ ခုနှစ် အဋ္ဌမတန်း ကျောင်းသူဘဝ ရောက်ချိန်မှာတော့ ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေဖို့ ကွန်ပျူတာသင်တန်းနှင့် ဓာတ်ပုံ၊ ပန်းထိုး စက်ချုပ်စတဲ့ မိန်းကလေးများ တတ်ကျွမ်းထားသင့်သည့် သင်တန်းများကိုပါ နွေကျောင်းပိတ်ရက်များမှာတက်ရောက် သင်ကြားခဲ့ ပြန်ပါသည်။

ထိုမျှ လုပ်ဆောင်ခဲ့ရုံနှင့် နန်းထက်ထက်အောင်ကို အထင်ကြီးလေးစားရတော့မည်လား၊ အောက်ပါအချက် အလက်များကို စာဖတ်သူတို့ ဆက်လက်ရှုစားကြည့်ကြပါ ဦး။

၁၉၉၉ ခုနှစ် တတိယတန်း ကျောင်းသူဘဝမှာ နွေရာသီတွင် ဖွင့်လှစ်သည့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကစတင်၍ သမီးလေး နန်းထက်ထက်အောင် ဘာသာရေး လမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိ လာခဲ့သည်။

ဆက်လက်ပြီး မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ များတွင် ဓမ္မရံသီဆရာတော်၊ ဆရာမကြီးဒေါ်နန်းသန်းပွင့် တို့၏ အနီးကပ်ကြည့်ရှုစောင်မမှုဖြင့် မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းများကို မိခင်နှင့်အတူ သုံးနှစ်ဆက် တိုက် အားထုတ်ခဲ့သည်။

ထိုသို့ အားထုတ်ရာမှာ သာမန်သဘောပေါက် နားလည်ရုံမျှ မဟုတ်ဘဲ အဆင့်မြင့် ဝိပဿနာစခန်းအထိ ပင် ပေါက်မြောက်အောင် အားထုတ်နိုင်ခဲ့လေသည်။

ဆယ့်လေးနှစ်သမီးလေးက ခရစ်ယာန်ဘာသာဝင် ဖခင်ဖြစ်သူကို ဗုဒ္ဓဘာသာအယူ ယူလာအောင် ပြုပြင်နိုင် ခဲ့ခြင်းမှာ အံ့သြစရာပင် မဟုတ်ပါလား။ သာမန်လူကြီး တစ်ယောက် စွမ်းဆောင်ဖို့ မလွယ်သော ဘာသာရေး လုပ်ငန်းတစ်ရပ်ကို သူမသည် ထူးခြားစွာ လုပ်ဆောင်ပေး

နိုင်ခဲ့ပါ၏။

သုံးနှစ်ကျော် လေးနှစ်တိုင် ဝိပဿနာတရားပွား များအားထုတ်လာခဲ့သော သမီးလေး နန်းထက်ထက် အောင်ခမျာ ရုတ်တရက်ပြင်းထန်သော ရောဂါဝေဒနာ စွဲကပ်လာပြီး ဘဝနေဝင်ချိန်ကို စောင့်ဆိုင်းနေရရှာပါ လေပြီ။

သူမ၏ ဘဝနေဝင်ချိန်မှာ အခြားအခြားသော ပုဂ္ဂိုလ်များနှင့် များစွာခြားနားလျက်ရှိသည်။

သူမသည် အမှန်တကယ် လောကကြီးမှ ထွက်ခွာ သွားရတော့မည်ကို သိနေ၏။ မိဘနှစ်ပါး၏လက်ကို သူမ နဖူးပေါ်သို့ ဆွဲတင်ကာ

"ဖေဖေနဲ့မေမေ သမီးကို စကားမပြောကြပါနဲ့ တော့နော်၊ သမီး တရားဘာဝနာရှုမှတ်ပြီး နေချင်လို့ပါ၊ သမီး တရားရှုမှတ်နေတဲ့အချိန်မှာ သမီးကို မထိကြပါနဲ့၊ မကိုင်ကြပါနဲ့။ သမီး တရားကိုပဲ နှလုံးသွင်း ရှုမှတ်နေပါ ရစေ။ သမီးကို မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရား တိတ်ခွေများကိုသာ တစ်ခွေပြီးတစ်ခွေ ဖွင့်ပေးပါ"ဟု မိဘနှစ်ပါးအား ပြောကြားခဲ့သည်။ မနန်းထက်ထက် အောင် အဖွင့်ခိုင်းသော မိုးကုတ်ဆရာတော်ကြီး၏ တရား တိတ်ခွေများမှာ ဖဂ္ဂုဏ ရဟန်း ဥပမာပြ ဩဝါဒ်မျိုး သင်ပေးပုံ၊ ဂိလာန ရဟန်းအား ဝေဒနာပြ၍ ဟောကြားပုံ၊ အနာထပိဏ်သူဌေးကြီးအား အရှင်သာရိပုတ္တရာက ဖြစ်

ပျက်ရှုနည်း သင်ပေးပုံ တိတ်ခွေများဖြစ်ကြောင်း သိရ၏။

မနန်းထက်ထက်အောင်သည် အထက်ပါ တရားတော်များကို တစ်ညလုံး နာယူရှုမှတ်ရင်းဖြင့် ဘဝနိဂုံးချုပ်သွားရှာလေသည်။

သူမ၏ ဟန်ပန်က ဘဝတစ်ပါး ပြောင်းသွားသည်ဟု မထင်ရ၊ သာမန်အိပ်စက်အနားယူနေ သလိုပင် မျက်နှာကလည်း ကြည်လင်ဝင်းပနေသည်။ ဝါဝင်းသော အသားအရည်များနှင့် ပို၍ပင် လှပနေလေသည်။

ဆေးဘက်ဆိုင်ရာ ဆရာဝန်များကဆယ်ကြိမ်တိတိ စစ်ဆေးပြီးမှ သမီးလေး တကယ်အသက်မရှိတော့ကြောင်း အတည်ပြုပေးခဲ့ရ၏။

ထူးခြားအံ့ဩဖွယ်ရာပင် သမီးလေး၏ အရိုးအဆစ်တွေက ပျော့ပြောင်းနေသည်။ အသက်ဝိညာဉ်ကင်းမဲ့နေသော ခန္ဓာကိုယ်မှာ သက်ရှိပမာပင် လက်ခြေများ ကွေးလို့ ဆန့်လို့ ရနေသေးသည်။

ထို့ထက်ပိုပြီး ထူးခြားနေတာက သူမကွယ်လွန်ပြီး နောက်သုံးရက်အထိ အသားအရည်များ မပျက်စီး မပုပ်သိုးဘဲ မူလပကတိအတိုင်း ရှိနေခြင်းပင်။

တစ်ထောင်တွင် တစ်ယောက်၊ တစ်သောင်းတွင် တစ်ယောက်ဆိုသလို တွေ့ရတတ်သော အရာမျိုး မဟုတ်ခဲ့ပါ။

ဒါကိုပင် ဓမ္မရံသီဆရာတော်ဘုရားက ဝိပဿနာ

အကျိုးဟု ဟောတော်မူပါသည်။ သမီးလေး နန်းထက်ထက်အောင်မှမဖာုတ်၊ မည်သူမဆို ဝိပဿနာကျင့်လျှင် ကျင့်သလို ရနိုင်ပါသည်တဲ့။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ကလည်း–

"ညည်းညူမရှိ၊ မြဲဂတိနှင့်
သတိမမေ့ ချိန်မြည့် သိပြန်၊
မျက်လှန်ကြောဆွဲ မရှိဘဲနှင့်၊
သေလည်း မတောင့်တင်း၊
ပုပ်နံ့ကင်းသည့်၊
ကျိုးရင်း ဝိပဿနာ တန်ခိုးတည်း။"

ဟု မိန့်ဆိုတော်မူထားသည်နှင့်အညီ သမီးလေး နန်းထက်ထက်အောင်က အတိအကျ လိုက်နာကျင့်သုံးကာ သာဓကပြသွားရှာခဲ့ပါလေသည်။

## (၄)

သမီးလေး နန်းထက်ထက်အောင် ကွယ်လွန်သည်မှာ(၂၇–၄–၂၀၀၆ )နေ့က ရှစ်လပြည့်ခဲ့၏။ ကွယ်လွန်ခြင်း ရှစ်လပြည့်အထိမ်းအမှတ်အဖြစ် ဓမ္မရံသီဆရာတော်ဘုရားက နန်းထက်ထက်အောင်ကို ဓမ္မဒိန္နာ၊ ဇူဠသုဘဒ္ဒါတို့နှင့် နှိုင်းယှဉ်ကာ ဟောကြားတော်မူခဲ့ပါသည်။

ဤနေရာတွင် စာရှုသူများက ပါရမီရှင်ကြီးများနှင့်

နိုင်းယှဉ်ရလေမလားဟု စာဒကတက်ဖွယ်ရှိသည်။ ပါရမီဆိုတာ ဘာလဲမသိပါက ပို၍ပင် ဝေဝါးနိုင်ပါသည်။

(Parami me ans perfections) ပါရမီဆိုတာ လေ့ကျင့်ခြင်း ဖြည့်ဆည်းခြင်းသာဖြစ်၏။

သိုးဆောင်းဘာသာဗေဒမှာ (Genius) ပါရမီရှင်ဟူ၍ ရှိသည်။ သူတို့အဆိုအရ ပါရမီဆိုသည်မှာ ယမ်းနှင့် အလားတူပါသတဲ့။ မီးနှင့် တွေ့ဆုံမှသာ ဝုန်းခနဲ ထပေါက်သလို သိခြင်းသဘောဖြစ်သည်။

မြတ်ဗုဒ္ဓအလိုတော်ကျဆရာတော်ကြီးများ ရှင်းပြသော ပါရမီကတော့ ထိုသို့ အဓိပ္ပာယ်မဆောင်ပါ။ တဖြည်းဖြည်းချင်း လေ့ကျင့်ယူရာမှ စုမိဆောင်းမိပြီး အကျိုးပေးသော သဘောကိုသာ ပါရမီဟု ဆိုလိုပါသည်။

နန်းထက်ထက်အောင်၏ ပါရမီမှာလည်း တဖြည်းဖြည်းချင်း လေ့ကျင့်ယူပြီးမှ စုမိဆောင်းမိကာ အကျိုးပေးလာခြင်းပင် မဟုတ်ပါလော။

သူမ၏ လေးနှစ်နီးပါး ကျင့်သုံးခဲ့သော ပါရမီက ဤမျှထူးခြားဆန်းပြားသည့် အကျိုးအာနိသင်ကို ပေးပါသလားဟု မေးလာခဲ့သော် နန်းထက်ထက်အောင်၏ ဝိပဿနာအပေါ် စွဲနှစ်ခဲ့တဲ့စိတ်၊ နှစ်ဝင်ခဲ့တဲ့အာရုံတို့ မည်မျှ အင်အားကြီးမားခဲ့မည်ကိုသာ ချင့်တွက်ကြပါလေဟုသာ အဖြေပေးနိုင်ပါသည်။

မှန်၏။ စိတ်သည် အရာရာကို စိုးမိုးချယ်လှယ်နိုင်

သည်ဟု မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါလေပြီ။

ဓမ္မရံသီ ဆရာတော်ဘုရားက ဤတရားတော်ကို "သူလိုမိန်းမသား ရှားမှရှား" ဟု အမည်ပေးထားပါသည်။ စာရေးသူကတော့ ဤအမည်နှင့် ဆန့်ကျင်စွာ သူလိုမိန်းမသားတွေ ကမ္ဘာပေါ်မှာ အများကြီး ရှိစေချင်ပါသည်။ ရှိလည်းရှိအောင် မိန်းမသားများ ကြိုးစားစေချင်သည်။

ဤသည်ကပင် ဓမ္မရံသီ စာစဉ် အမှတ်(၂)စာအုပ်ကို စာရေးသူအနေဖြင့် စီစဉ်ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံလိုက်ရ ပါတော့သည်။

သမ္မာဆန္ဒဖြင့်

**အရှင်ဇောတိသာရ (စဉ့်ကူး)**
**ပိဋကဆောင်၊**
**မဟာဂန္ဓာရုံကျောင်းတိုက်၊**
**အမရပူရမြို့**
**၁၃၊ ၉၊ ၂၀၀၆။**
**ဖုန်း ၀၂-၇၀၇၅၈**


# ကျေးဇူးဖော်ကွန်း

ဤအသိပညာပေး သံဝေဂဓမ္မ ၊ စာအုပ်၇-ခုလေး ဖြစ်တဲ့ **“သူလိုမိန်းမသား ရှားမှရှား”** ဆိုတဲ့ စာအုပ်ကလေး စာဖတ်သူ ဓမ္မမိတ်ဆွေသူတော်စင်များ လက်ဝယ်ရောက်ရှိရေးအတွက် ဝိုင်းဝန်းကူညီကြသော–

စိစဉ်သူ အရှင်ဇောတိ သာရ(စဉ့်ကူး)၊ တိတ်ခွေမှ တဆင့် မူကြမ်းကူးယူပေးကြသော အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် စာသင်ပျိုနု ညီငယ်များ၊ တည်းဖြတ်စိစစ်ပေးကြသော သာသနာ့ပြဘက် အရှင်ဉာဏသိဒ္ဓိ (ဓမ္မကထိက)၊ အရှင်ထေရိန္ဒ(ဓမ္မကထိက)၊ အရှင်ဣဿရိယ (ဓမ္မကထိက)။

အတွင်းပန်းချီနှင့်မျက်နှာဖုံး ဂရပ်ဖစ်ဒီဇိုင်း ကိုနေဝင်းအောင်၊ ကွန်ပျူတာစာစီ (Dream City Computer) နှင့် စာအုပ်ဖြစ်ပေါ်လာရေးအတွက် စေတနာ လှူဒါန်းခဲ့ကြသော အလှူရှင်များအားလုံး အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ခန္ဓာဒုက္ခဝန်မှ မြန်မကြာ လွတ်မြောက်နိုင်ကြပါစေဟု ဆန္ဒပြုလျက်။

**ဓမ္မရံသီဆရာတော်**



# တရားအဖွင့်ဝမ်းမြောက်သင့်

သာသနာတော်နှစ် ၂၅၄၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့၊ ခရစ်သက္ကရာဇ် ၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့။

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၇) ရပ်ကွက်၊ မြောက်ကုန်း ဓမ္မမေဒနီ ရွှေကျင်ကျောင်းတိုက်ကြီးအတွင်း၌ ဤကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာ တော်ဘုရားကြီးနှင့် ဤကျောင်းတိုက်တာအတွင်း သီတင်းသုံး စံပျော်မွေ့လျော်တော်မူကြကုန်သော သံဃာတော်အရှင်သူမြတ် များ၊ ကျောက်မဲမြို့ ရပ်ကွက်အသီးသီး၊ ကျောင်းတိုက်အသီးသီးတို့၌ သီတင်းသုံးစံပျော် မွေ့လျော်တော်မူကြလျက် ပရိယတ် ပဋိပတ်သာသနာ တာဝန်နှစ်ဖြာကို ကြိုးစားမယုတ် ပွားများအားထုတ်တော်မူကြသည့်

သံဃာတော်အရှင်သူမြတ်တို့၏ ဘုန်းရိပ် ကံရိပ် မေတ္တာရိပ် ဩဝါဒရိပ်တို့ကို ခံယူပြီး–

ကျောက်မဲမြို့နယ်လုံးဆိုင်ရာ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး သာသနာနုဂ္ဂဟ ပင်မ ဝေယျာဝစ္စအသင်းကြီးမှ ကြီးမှူးလျက် ဆွမ်းဒကာ ဆွမ်းအစ်မ အလှူဒကာ၊ အလှူ့အမတို့၏ ပစ္စယာနုဂ္ဂဟ ကို ခံယူကာ–

နှစ်စဉ်မပျက် ဆင်ယင်ကျင်းပပြုလုပ်အပ်သော ဆဋ္ဌမ အကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ ရက်အခိဋ္ဌာန် အလုပ် ပေးတရားစခန်းပွဲကြီး၏ ၈ ရက်မြောက်သောနေ့၊ ဤ ၈ ရက် မြောက်သောနေ့အဖို့တွင် ဘုရားအမှူးရှိသော သံဃာ တော်အရှင်သူမြတ်များနှင့်တကွ တရားဝင် တရား အားထုတ် ကြပေကုန်သော ယောဂီသူတော်စင်အပေါင်းတို့ ၏ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို အာရုံပြုပြီး–

အရဏ်ဆွမ်း အာဟာရများဖြင့် သဒ္ဓါပြဋ္ဌာန်း၊ ဉာဏ်ရွှင်လန်းကာ လာရောက် ဆက်ကပ်လှူဒါန်းကြတဲ့ သဒ္ဓါ ကြည်လင်ပါရမီရှင် ကုသိုလ်ရှင်ကြီးများကတော့ ကျောက်မဲ မြို့အမှတ် ၈ ရပ်ကွက် ပြုံးရွာသစ်မှ ဆရာ ဆရာမများဖြစ်ကြသော ဆရာမ ဒေါ်ခင်စန်းဝေ၊ ဆရာမ ဒေါ်နန်းခင်ကြည်၊ ဆရာမ ဒေါ်မြင့်မြင့်ရီတို့မှ တပည့် ရတနာမလေး၊ မနန်းထက်ထက်အောင်အတွက် ၈ လပြည့်

အထိမ်းအမှတ်အားဖြင့် လှူဒါန်းဆက်ကပ် ပူဇော်ကြခြင်း ဖြစ်ပါတယ်။

တစ်ဖန် နေ့ဆွမ်း အာဟာရကိုဖြင့် ကျောက်မဲမြို့ အမှတ် ၄ ရပ်ကွက်၊ ပတ္တမြားလမ်းနေ ကွယ်လွန်ပြီးဖြစ်သော သမီးလှရတနာ မနန်းထက်ထက်အောင်၏ ၈ လ ပြည့် အထိမ်းအမှတ်အားဖြင့် ဖခင်ဖြစ်သူ ဦးဇော်နီ + ဒေါ်နန်းရွှေအိမ်၊ ဦးလေးဖြစ်သူ ဦးဟန်ရှိန် + ဒေါ်နန်းဝိုင်ဆာ၊ ဟိန်းဗီဒီယိုနှင့် လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေး မိသားစုများမှ လှူဒါန်းဆက် ကပ်ပူဇော်ကြခြင်း ဖြစ်ပါတယ်။

အလှူရှင် အလှူအစ်မများနှင့်တကွ တရားဝင် တရား အားထုတ်ကြသော ယောဂီသူတော်စင်များနှင့် အချိန်ပိုင်းအားဖြင့် တရားနာ တရားထိုင် ကြွရောက်လာကြတဲ့ ညတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့အား ဘုန်းကြီးများ ကျေးဇူးဆပ်ဟောကြားမည့် တရားကတော့ နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ပဋိစ္စသမုပ္ပါဒအခန်းနှင့် သစ္စသံယုတ်ပါဠိတော်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ဝိသုဒ္ဓိမဂ်အဋ္ဌ ကထာနှင့် မဟာဋီကာ စူဠဝေဒလ္လသုတ်၊ ဝိသာခနှင့်ဓမ္မဒိန္နာ အပါအဝင် ခုဒ္ဒကနိကာယ်ဝင် ဓမ္မပဒပါဠိတော်ကြီးကို အခြေခံ၍ ဟောကြားအပ်သော **"သူလိုမိန်းမသား ရှားမှရှား"** တရားတော်။

ဤတရားတော်မြတ်ကြီးကို မဟောကြားသေးမီ

မနှာကြသေးမိ တရားပိုင်ရှင်ဖြစ်တော်မူသော သုံးလောက ထွတ်တင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကို အာရုံ ပြုပြီးတော့ နမောတဿ သုံးကြိမ်ဖြင့် ညီညာဖျဖျ ကန်တော့လိုက်ကြပါဦးစို့။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဟောသူရော နာသူပါ ကျေးဇူးတော်ရှင် အရဟန္တာ တစ်ဆူ ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရား၏ဉာဏ်တော်ကို ဦးထိပ်မှာထားကာ ဟောကြ နာကြမှာ ဖြစ်လေသောကြောင့် ဆရာတော်ဘုရားကြီး ရေးသားသီကုံးတော်မူခဲ့သော "မူလနှစ်ဖြာ၊ လင်္ကာဆောင်ပုဒ်"ကို ညီညာဖျဖျ ရွတ်ဖတ်ပူဇော်ပြီး တရားပွဲ စလိုက်ကြရအောင်။

ဆောင်။ ။ မူလနှစ်ဖြာ၊ သစ္စာနှစ်ခု

လေးခုအလ္လာ၊ အင်္ဂါဆယ့်နှစ်ပါး

တရားကိုယ်များနှင့်၊ သုံးပါးအစပ်


နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်

ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်

ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်

သိစေအပ်သည်

သံသရာမှ လွတ်ကြောင်းတည်း။



# ဉာဏ်လမ်းပေါ်လျှောက် နိဗ္ဗာန်ရောက်

တို့အားလုံးသော ပရိသတ်အပေါင်းသူတော်ကောင်းတို့သည် ဘာသာအနေအရ ပြောရလျှင် ဘယ်ဘာသာဝင်တွေပါလိမ့်?

"ဗုဒ္ဓဘာသာဝင်တွေပါ ဘုရား"

ဗုဒ္ဓဘာသာဝင်တို့ပီပီ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်ဖို့အတွက် ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ် ဆောင်ရွက်ကြတဲ့နေရာမှာ အားလုံးသော ဒကာဒကာမတွေ ဒါန သီလ သမထ ဝိပဿနာ ဘာဝနာဆိုတဲ့ ကုသိုလ် ကောင်းမှုအမျိုးမျိုးကို ပြုလုပ်ဆောင်ရွက်နေကြတယ်ဆိုတာ တခြားလိုချင်လို့လား နိဗ္ဗာန်လိုချင်လို့လား?

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

နိဗ္ဗာန်လိုချင်လို့ ကုသိုလ်ကောင်းမှုတွေ ပြုနေကြတယ်၊ တချို့ကပြောသေးတယ် "မင်းတို့ နိဗ္ဗာန်လိုချင်လို့ ဘယ်လောက်ပဲ အားထုတ်အားထုတ် ဒီဘဝ နိဗ္ဗာန်မရနိုင်ပါဘူးကွာ"လို့ အာဘော်လွှန်ပြီး ပြောနေကြတာ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက မင်္ဂလသုတ်ပါဠိတော်မှာ "ကာလေန ဓမ္မဿဝနံ" "ကာလေန ဓမ္မ သာကစ္ဆာ" သင့်တော်တဲ့အချိန်မှာ တရားနာပါ၊ သင့်တော်တဲ့ အချိန်မှာ တရားဓမ္မဆွေးနွေးမေးမြန်းပါ။ အဲဒါ မင်္ဂလာရှိတဲ့အလုပ်လို့ ဟောတော်မူထားတာ ရှိပါလျက်နဲ့ ဘုရားဟော မင်္ဂလာသုတ် ပါဠိတော်ကို သေချာဂရုမစိုက်ကြဘူး။ အမည်ခံ ဗုဒ္ဓဘာသာ အောက်တန်းစားအဆင့်လောက်နဲ့ ကျေနပ်နေကြတယ်။ဘုရားသွားကျောင်းတက်လောက်နဲ့ အဟုတ်ကြီး ထင်ပြီးတော့ အောက်ခြေလွတ်နေကြတာနော်။

"မှန်ပါဘုရား"

အဲဒီလူတွေဟာ ကိုယ်ကိုယ်တိုင်လည်းပဲ ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်တွေကို အားမထုတ်ချင်ကြဘူး။ တကယ်တန်း အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့တော့

လည်းပဲ "မင်းတို့ ဘယ်လောက် အားထုတ်အားထုတ် ပါကွာ၊ ဒီဘဝ သောတာပန် မတည်နိုင်ပါဘူး" အဲဒီလို သူများရဲ့ သဒ္ဓါတရားကို ဆုတ်ယုတ်သွားအောင် ပျက်ပြား သွားအောင် အရမ်းပြောဆိုနေကြတာ ဒီလောကမှာ မရှိ ဘူးလား?

"ရှိပါတယ်ဘုရား"

ဘုန်းကြီးက ဘုရားသွား ကျောင်းတက်လုပ်တာကို အပြစ်ပြောတာ မဟုတ်ဘူး။ ရည်ရွယ်ချက်ကို မြင့်သထက် ပိုပြီး မြင့်မြင့်ထားစေချင်လို့ ပြောနေတာပါ။ ကြုံရခဲတွေ့ရ ခဲတဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့ ကြုံကြိုက်တုန်းမှာ နိဗ္ဗာန်ဆိုတဲ့ အမြင့်ဆုံး ပန်းတိုင်ကြီးကို ရောက်အောင် လှမ်းစေချင်လို့ စေတနာနဲ့ပြောတဲ့စကား။ ဘာနဲ့ပြောတာ ပါလိမ့်?

"စေတနာနဲ့ပါဘုရား"

နိဗ္ဗာန်ရချင်ရင်တော့ သာမန်နဲ့မရနိုင်ဘူး။ ခန္ဓာ ဉာဏ်ရောက် ဝိပဿနာအလုပ်ကို အားထုတ်မှပဲ ရနိုင် မယ်လို့ ဆိုလိုတာပါ။ တို့ ဒကာ ဒကာမတွေ သံသရာ ဝဋ်က လွတ်မြောက်အောင် တစ်နည်းပြောရရင် နိဗ္ဗာန် ရောက်အောင် လျှောက်လှမ်းကြတဲ့နေရာမှာ လမ်းက သုံးသွယ်ရှိတယ်။ လမ်းသုံးသွယ်က ဘာတွေလဲဆိုတော့ ကံလမ်း၊ ဈာန်လမ်း၊ ဉာဏ်လမ်း၊ ဘာတွေပါလဲ?

"ကံလမ်း၊ ဈာန်လမ်း၊ ဉာဏ်လမ်းပါဘုရား"

ကံလမ်းဆိုတာက ခုနကပြောခဲ့တဲ့ ဘုရားသွားကျောင်းတက် စွန့်ကြဲပေးကမ်းလှူဒါန်း ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဥပုသ်တွေ ဆောက်တည်တာကိုပြောတာ၊ အဲဒါက ကောင်းတဲ့ ကံလမ်းနော်၊ မကောင်းတဲ့ကံလမ်းဆိုတာ ရှိသေးတယ်။ မကောင်းမှု ဒုစရိုက်တွေ လုပ်နေတာ မကောင်းတဲ့ ကံလမ်းပဲ။ အရက်သောက် ဖဲရိုက် ကြက်တိုက်၊ အပျော်အပါးလိုက်စား၊ သူများ အသက်သတ်ဖြတ် သူများပစ္စည်း မတရားသဖြင့် ခိုးဝှက်။ အဲဒါ မကောင်းတဲ့ ကံလမ်း။ မကောင်းတဲ့ ကံလမ်းကနေ လျှောက်မယ်ဆိုရင်တော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံကို သေချာပေါက်ရောက်မယ်။ အဲဒီလမ်းကို ဘုရားက မညွှန်ဘူး။ ညွှန်ရဲ့လား?

"မညွှန်ပါဘူးဘုရား"

ကောင်းတဲ့ကံလမ်းဆိုတဲ့ ဒါန သီလ ကောင်းမှုတွေ လုပ်ရင် ဘယ်ရောက်မှာလဲဆိုတော့ သုဂတိ ကာမဘုံတွေကို ရောက်မယ်၊ လူ့ပြည် နတ်ပြည်ပေါ့။

နောက်တစ်ခါ ဈာန်လမ်းဆိုတာက သမထလမ်း၊ အဲဒီ သမာထဈာန်လမ်းနဲ့ လျှောက်လှမ်းရင် ပထမဈာန်၊ ဒုတိယဈာန်စတဲ့ ဈာန်တွေရပြီးတော့ ရူပ အရူပဆိုတဲ့ ဗြဟ္မာဘုံကို ရောက်မယ်။

ကံလမ်းက သုဂတိဘုံ၊ ကာမသုဂတိဆိုတဲ့ လူ့ပြည် နတ်ပြည် သွားရာလမ်း။ ဈာန်လမ်းက ရူပ အရူပဗြဟ္မာ ပြည်သွားရာလမ်း၊ နိဗ္ဗာန်ကိုသွားတဲ့လမ်း ဟုတ်ရဲ့လား?

"မဟုတ်ပါဘုရား"

နိဗ္ဗာန်ကို ရောက်နိုင်တဲ့လမ်းက လျှောက်မှ နိဗ္ဗာန်ကို ရောက်မှာပေါ့၊ ကံလမ်း၊ ဈာန်လမ်းက လျှောက်နေလို့က တော့ မရောက်နိုင်ဘူး။ နိဗ္ဗာန်ရောက်ကြောင်း ပါရမီ ကံတော့ ဖြစ်ပါရဲ့။ တိုက်ရိုက်မရောက်နိုင်ဘူး။ ရောက်နိုင် တာက ဘယ်လမ်းကနေ သွားရမှာလဲဆိုတော့ ဉာဏ်လမ်း၊ ဘာလမ်း ပါလိမ့်?

"ဉာဏ်လမ်းပါဘုရား"

ဉာဏ်လမ်းဆိုတာ ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ကိုပြောတာ၊ အဲဒီ ဝိပဿနာအလုပ်ကိုလုပ်မှ နိဗ္ဗာန် ရနိုင်တယ်။ ဒီတော့ တို့ ဒကာ ဒကာမတွေ ကံလမ်း ဈာန်လမ်း ဉာဏ်လမ်း ဘယ်လမ်းကို ရွေးမှာပါလိမ့်?

"ဉာဏ်လမ်းကို ရွေးမှာပါဘုရား"

"ဉာဏ်လမ်းက လျှောက်မှ နိဗ္ဗာန်ရောက်တယ် နော်။ ဘုန်းကြီးက ကံလမ်း ဈာန်လမ်းကို ပိတ်ပင်တာ မဟုတ်ဘူး။ နိဗ္ဗာန်ရောက်နိုင်တဲ့ လမ်းကို ရွေးပေးနေ တာနော်။ နိဗ္ဗာန်ကို ရောက်နိုင်တဲ့ တစ်ခုတည်းသော လမ်းက ဉာဏ်လမ်း၊ ခန္ဓာ ဉာဏ်ရောက် ဝိပဿနာဆိုတဲ့

ဉာဏ်လမ်းပါ။

*　ရေကြည်သစ်သီး၊ ဆိမီးလှျူမျိုး
ရှိခိုးဝတ်ရွတ်၊ စေလွှတ်မေတ္တာ
တစ်ရာရှစ်သီး၊ စိတ်ပုတီးကို
မငြီးဆင့်ကဲ၊ ပြုမြဲပြုပါ
မဖျက်ပါနှင့်။

ပညာရှိကြီးတွေက ဆုံးမခဲ့တယ်။ ကံလမ်း ဈာန်လမ်းလည်း ကောင်းပါတယ်တဲ့။ ဒါပေမဲ့ ဒီ နှစ်လမ်းနဲ့တင် ကျေနပ်ရမှာလားဆိုတော့

*　ဆက်ကာတစ်မျိုး၊ ရှေ့သို့တိုး၍
အကျိုးနိဗ္ဗာန်၊ မျှော်ရိုးမှန်က

နိဗ္ဗာန်ထိအောင် ရည်ရွယ်ချက်ပန်းတိုင်ထားပြီး မျှော်မှန်းထားရင်တော့ ကံလမ်း ဈာန်လမ်းလောက်နဲ့ ကျေနပ်နေလို့ မရဘူး။ ရှေ့ဆက်ပြီး တိုးပါဦး။ ဘယ်လို တိုးရမှာလဲ ဆိုတော့

*　အကျိုးနိဗ္ဗာန်၊ မျှော်ရိုးမှန်က
ရုပ်နာမ်ခွဲခြား၊ ကျင့်တရားသာ
သံသရာဝဋ်၊ လွတ်ထွက်စကြောင်း
လမ်းမှန်ကောင်းဟု၊ ညွှန်ပြောင်းစိတ်ထဲ
ယုံကြည်စွဲလျက်။

ရုပ်နဲ့နာမ်နဲ့ ကွဲပြားအောင် ကြောင်းကျိုးသိအောင်

လုပ် ဖြစ်ပျက်မြင်အောင်ရှုတဲ့။ အဲဒီ ခွဲခြားတဲ့ အကျင့်မြတ် ကသာ သံသရာဝဋ်က ထွက်မြောက်ကြောင်း၊ နိဗ္ဗာန်ရောက် ကြောင်း လမ်းကောင်းလမ်းမှန်ဆိုတာ စိတ်ချလက်ချ ယုံကြည်လိုက် ကြပါ။ ရုပ်နာမ်ကွဲပြားအောင် ခွဲခြားတဲ့ ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ဆိုတဲ့ ဉာဏ်လမ်းကမှ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမှန်လို့ စိတ်ချ လက်ချ မယုံရဘူးလား?

"ယုံရမှာပါ ဘုရား"

အဲဒီလို ယုံကြည်ပြီးတဲ့နောက်

* ညွှန်ပြောင်းစိတ်ထဲ၊ ယုံကြည်စွဲလျက်
အမြဲမပြတ်၊ ဝိပဿနာ
ဘာဝနာကို၊ ခိုင်မာဆန္ဒ
ကြိုးလုံ့လမှု၊ ဗုဒ္ဓခေတ်မြတ်
တွေ့ကျုံးနပ်မည်၊ ကြပ်ကြပ်သတိ ရှိပါလေ။

ပညာရှိကြီးတွေက မဆိုဘူးလား။ နိဗ္ဗာန်လိုချင်ရင် ဉာဏ်လမ်းကလျှောက်၊ ဝိပဿနာ ဘာဝနာကို ခိုင်မာတဲ့ ဆန္ဒနဲ့အားထုတ်ကြ၊ ကြိုးစားကြတဲ့၊ ဝိပဿနာ ဘာဝနာကို အားထုတ်တဲ့သူမှသာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ပေါ်ထွန်းရာ ခေတ်ကောင်း ခေတ်မြတ်ကြီးနဲ့ တွေ့ရကျုံး နပ်မယ်တဲ့။ ဗုဒ္ဓဘာသာဝင်ကောင်းဖြစ်လိုသူ အားလုံး ကြပ်ကြပ်သတိရှိကြပါလို့ တိုက်တွန်းမထားဘူးလား။

"တိုက်တွန်းထားပါတယ်ဘုရား"

ဒါဖြင့် "မင်းတို့ ဘယ်လောက်အားထုတ်အားထုတ် ဒီဘ၀မှာ နိဗ္ဗာန် မရနိုင်ပါဘူးကွာ"လို့ ပြောနေကြတာက အာဘော်လွန်လား၊ မလွန်လား?

"လွန်ပါတယ်ဘုရား"

ဒါကြောင့် ဉာဏ်လည်းပေါ်ကာ လျှောက်ရင် နိဗ္ဗာန် ရောက်နိုင်တယ်ဆိုတာ ကြပ်ကြပ်သတိ ရှိကြပါ သူတော်ကောင်းတို့။



# အရိယာ မဆိတ်သုဉ်းပါ

အားလုံးသော သူတော်ကောင်းတို့ ဗုဒ္ဓုပ္ပါဒေါဒုလ္လဘော လောကသ္မိံ လောကမှာ မြတ်စွာဘုရားတစ်ဆူ ပွင့်ထွန်း ပေါ်ပေါက်တော် မူလာတယ်ဆိုတာ အင်မတန်မှ ခဲယဉ်းတယ်တဲ့။ ကမ္ဘာအသင်္ချေ ကာလပေါင်းများစွာ လွန်လေမှ ဘုရားတစ်ဆူပွင့်ဖို့ဆိုတာ ဖြစ်နိုင်တယ်နော်။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေကို ဖြည့်ကျင့်ပြီးမှ ပွင့်တော် မူလာရတာမို့ ခဲယဉ်းတယ်လို့ ပြောရတာ။ ကပ်ကမ္ဘာတိုင်းမှာ ပွင့်တာ မဟုတ်ဘူး။ ဘုရားပွင့်တဲ့ ကမ္ဘာနဲ့ နှိုင်းစာရင် မပွင့်တဲ့ ကမ္ဘာတွေက အများကြီး။

ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သက်တော်ရှစ်ဆယ် ဝါတော်လေးဆယ့်ငါးရောက်လို့ ပရိနိဗ္ဗာန် စံဝင်တော်မူတော့မယ်ဆိုတော့ ကုသိန္နာရုံပြည်

မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်မှာ မလ္လာမင်းတို့ အနား ယူဖို့ရာ ခင်းထားတဲ့ ရတနာ ညောင်စောင်းတော်ထက်မှာ လျောင်းတော်မူနေတဲ့အခိုက် ကုသိနာရုံမှာနေတဲ့ သုဘဒ္ဒ ဆိုတဲ့ ပရိဗိုဇ်ကြီးက မြတ်စွာဘုရားအား ဖူးတွေ့ခွင့်ပေးဖို့ အရှင်အာနန္ဒာကို ခွင့်တောင်းတယ်။

အဲဒီအခါ အရှင်အာနန္ဒာက ခွင့်မပေးချင်ဘူး။ ဘာလို့လဲဆိုတော့ ဘုရားကိုယ်တော်မြတ်က ဒီနေ့ညမှာပဲ ပရိနိဗ္ဗာန် စံတော်မူတော့မယ်။ ပရိနိဗ္ဗာန်စံတော်မူခါနီး ပြင်းထန်တဲ့ ဝေဒနာကြောင့် အင်မတန် ပင်ပန်းတော်မူနေ ရှာတယ်။ သုဘဒ္ဒ ပရိဗိုဇ်လို တိတ္ထိတွေက သူတို့အယူကို သိပ်ပြီးတော့ စွဲလမ်းတယ်။ အဲဒီအယူ အစွဲတွေ ကျွတ် အောင်သာ ဘုရားကိုယ်တော်မြတ် ဟောတော်မူရရင် နဂိုကပင်ပန်းနေရတဲ့ ကြားထဲမှာ ပိုပြီးတော့ ပင်ပန်းတော် မူရှာလိမ့်မယ်လို့ အရှင်အာနန္ဒာက ခွင့်မပေးတာ။

ဒါပေမဲ့ သုဘဒ္ဒပရိဗိုဇ်က မြတ်စွာဘုရားနဲ့ တွေ့ခွင့် ရဖို့အရေး အရှင်အာနန္ဒာကို မရမချင်းလျှောက်တာ၊ "လောက လူ့ရွာမှာ သစ္စာလေးပါးတရားသိမြင် ဘုရား ရှင်တို့ ပွင့်ထွန်းတော်မူခိုက်နဲ့ ကြုံတွေ့ဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းတယ်ဆိုတဲ့စကား တပည့်တော်ရဲ့ ဆရာ ဆရာကြီး များပြောတာ။ ကြားဖူးပါတယ်ဘုရား။ နောက်ပြီးတော့ တပည့်တော်တို့ရဲ့ ဆရာ့ဆရာကြီးတွေက အထူးတလည်

မှာကြားထားတာ ရှိပါသေးတယ်။ အဲဒါက ဘာလဲဆိုရင် အဲဒီလို အင်မတန်မှ ပွင့်ပေါ်ခဲပါတယ်ဆိုတဲ့ ဘုရားရှင်များ တကယ်လို့ ပွင့်တော် မူလာတာနဲ့ကြုံရင် မိမိစိတ်ထဲမှာ သံသယ ရှိတာတွေကို မေးဖြစ်အောင် မေးလိုက်ကြတဲ့ ဘုရားဆိုတာ သံသယတွေ အားလုံး ပျောက်ကင်းကျေနပ် အောင် ဖြေရှင်းပေးနိုင်တယ်တဲ့။ "ဒါကြောင့်မို့ တပည့် တော်ကို ဘုရားဖူးခွင့် ပေးတော်မူပါဘုရား"လို့ လျှောက် ထား တောင်းပန်တယ်။

အရှင် အာနန္ဒာက "ငါ့ရှင် သုဘဒ္ဒပရဗိုဇ် ခုအချိန် မှာ မြတ်စွာဘုရား အင်မတန် ပင်ပန်းနွမ်းနယ်တော်မူနေ ပါတယ်။ မေးခွန်းတွေမေးပြီး မညှဉ်းဆဲပါနဲ့တော့"လို့ တားမြစ်တယ်။ သုဘဒ္ဒကလည်း ထပ်တောင်းပန်၊ အရှင် အာနန္ဒာကလည်း ငြင်းဆန် "ဒီလိုနဲ့ သုံးကြိမ်မြောက် ရောက်တော့ သူတို့ အချီအချပြောနေတာတွေကို ဘုရားက ကြားတော်မူတော့ "အာနန္ဒာ သုဘဒ္ဒကို တားမနေပါနဲ့၊ ငါဘုရားအား ဖူးမြင် ခွင့်ပေးလိုက်ပါ။ သူ မေးချင်တာ ရှိလည်း မေးပါစေ"လို့ ခွင့်ပြုတော်မူလိုက်တယ်။

အဲဒီမှာ သုဘဒ္ဒပရိဗိုဇ်ကြီးက "မြတ်စွာဘုရား တပည့်တော် သံသယရှိတာလေး မေးခွင့်ပြုပါဘုရား၊ လူ့ဘောင်လောကမှာ ပူရာဏ ကဿပတို့ မက္ခလိ ဂေါသာလတို့ စတဲ့ ဒိဋ္ဌိ ဆရာကြီးတွေဟာ သူတို့

ကိုယ်သူတို့ ဘုရားလို့ပြောပြီး တရားအားလုံးကို သိတယ်လို့ ပြောနေကြပါတယ်ဘုရား၊ အဲဒါ သူတို့ပြောတဲ့အတိုင်း တရားအားလုံးကို သိတယ်ဆိုတာဟုတ်ပါသလား၊ ဒါမှ မဟုတ် မသိဘဲနဲ့ အလကား ကြွားဝါနေ ကြတာလား။ တချို့တဝက်လောက်ပဲ သိတာလား ဘုရား”လို့ လျှောက်တော့ မြတ်စွာဘုရားက “အဲဒါတွေ မေးမနေပါ နဲ့ကွာ၊ အခုအချိန်မှာ ဒါတွေဖြေနေဖို့ အချိန်မဟုတ်တော့ဘူး၊ အရေးကြီးတာကို ပြောမယ်”

ဒါဆိုရင်လဲ

“ကောင်းကင်မှာသွားတဲ့ ပုဂ္ဂိုလ်များ ခြေရာထင်ပါ သလားဘုရား”

“မထင်နိုင်ဘူးကွယ်”

“အရှင်ဘုရား သာသနာမှတစ်ပါး အခြားသော သာသနာမှာ အရိယာများ ဖြစ်နိုင်ပါသလားဘုရား။”

“ငါဘုရား သာသနာရယ်မှ မဟုတ်ပါဘူး၊ မဂ္ဂင် ရှစ်ပါး၊ ကျင့်စဉ်အမှန်တရားရှိတဲ့ ကျင့်တဲ့ သာသနာမှန် သမျှ အရိယာ ဖြစ်နိုင်ပါတယ်။ အရှင်ဘုရား ပရိနိဗ္ဗာန် ပြုပြီးတဲ့နောက်ပိုင်း အရိယာများ ဖြစ်နိုင်ပါဦးမလား ဘုရား။”

ဒီမယ် သုဘဒ္ဒမင်းကို ငါဘုရား အရေးကြီးတာပြော မယ် သေချာနားထောင်ပြီးတော့မှတ်။

**ဣမေ စ ဘိက္ခူ သုဘဒ္ဒ၊ သမ္မာဝိဟရေယျုံ။**
**အသုညော လောကော၊ အရဟန္တေဟိ အဿ။**

တရားတော်တွေ မကွယ်သေးသမျှ၊ တရားတော်တွေကို ညွှန်ပြတဲ့ ဆရာသမားကောင်းတွေ ရှိနေသေးသမျှ၊ တရားအလုပ်ကို အားထုတ်ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေ ရှိနေသေးသမျှ ဒီလောကကြီးမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဆိုတဲ့ အရိယာ ပုဂ္ဂိုလ်တွေ မဆိတ်သုဉ်းသေးဘူး သုဘဒ္ဒတဲ့။

အင်မတန်မှ အရေးကြီးတဲ့ စကားနော်။ သုဘဒ္ဒက သူသိချင်တာတွေ မေးနေပေမဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှာ ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးဆိုတော့ ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘူး။ အရေးကြီးတာကိုပဲ ပြောမယ်။ လောကမှာ ရဟန္တာပုဂ္ဂိုလ်တွေ မဆိတ်သုဉ်းသေးဘူးတဲ့။ ဘာမဆိတ်သုဉ်း တာပါလိမ့်?

"ရဟန္တာ ပုဂ္ဂိုလ်တွေ မဆိတ်သုဉ်းတာပါဘုရား"

ဒီစကားဟာ ကျင့်ဆဲယောဂီတို့အတွက် အင်မတန်မှ သက်ဆိုင်တဲ့စကား၊ အလွန်အရေးကြီးတဲ့စကား။

"သုဘဒ္ဒရေ ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော့မယ်၊ ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော် မူငြားသော်လည်း ငါဘုရားကိုယ်တော်မြတ်ကြီး ဟောကြားထားတဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ သုတ် ဝိနည်း အဘိဓမ္မာ ပိဋက

သုံးပုံ၊ နိကာယ်ငါးရပ်၊ ဗောဓိပက္ခိယတရား ၃၇ ပါး၊ မဂ္ဂင် ၈ ပါး၊ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရား၊ ပဋိစ္စသမုပ္ပါဒ် ဒိဋ္ဌိဖြုတ် သစ္စာတရားတွေ မကွယ်သေးသမျှ ကာလပတ်လုံး။

ဒီခန္ဓာဉာဏ်ရောက် သစ္စာတရားတွေကို ဟောပြောညွှန်ပြတဲ့ ဆရာကောင်းသမားကောင်းတွေ ရှိနေသမျှကာလ ပတ်လုံး။

ဒီ သစ္စာတရားတွေကို နာခံမှတ်သားဆောင်ထားလို့ ခန္ဓာဉာဏ်ရောက် ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ပုဂ္ဂိုလ်တွေ ရှိနေသမျှ ကာလပတ်လုံး။

ဘယ်တော့မှ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ အရိယာပုဂ္ဂိုလ်တွေ မဆိတ်သုဉ်းဘူးဆိုတာ မင်းမှတ် လိုက်စမ်းပါကွာ၊

ကြည့်စမ်း ဘုရားဖြေတော်မူလိုက်တာ ယောဂီတို့အတွက် အင်မတန်မှ အားရှိစရာ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

အလွန့်အလွန် အားရှိစရာ ကောင်းလိုက်တာ။ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ် ပရိနိဗ္ဗာန်ဝင်စံတော်မူလို့ နှစ်ပေါင်း၂၅၅၀ တောင် ကြာခဲ့ပြီးနော်။ ဒီလောက် နှစ်ပရိစ္ဆေဒတွေ ကာလကြာသည့်တိုင်အောင် သစ္စာတရားတွေ၊ ခန္ဓာဉာဏ် ရောက်တရားတွေ၊ ဝိပဿနာတရားတွေ၊

အဘိဓမ္မာတရားတွေ ကွယ်ပြီလားလို့ မေးရင်?

"မကွယ်ပါဘုရား"

ဟောပြောပို့ချမယ့် ဆရာကောင်း သမားကောင်းတွေလည်း ရှိနေတယ်။ လောကအလယ်မှာ ငွားငွားစွင့်စွင့် ရှိ မနေ ဘူးလား?

"ရှိနေပါတယ်ဘုရား"

ယောဂီတို့မှာလည်း ဒီသစ္စာတရားတွေကို ထောင်နိုင်တဲ့ ဉာဏ်နားလေးတွေရော မပါဘူးလား?

"ပါပါတယ်ဘုရား"

ယောဂီတို့မှာလည်း ခန္ဓာအရှိ ဉာဏ်အသိ မဂ်နဲ့ ကိုက်အောင် ရှုမှတ်ပွားများ အားထုတ်လိုတဲ့ လုံ့လ၊ ဝီရိယ၊ အာသာဆန္ဒတွေ ရှိကြလို့လည်း နီးစပ်ရာ တရားစခန်းတွေ ဝင်ရောက် တရားအားထုတ်လို့၊ တချို့လည်း အကြောင်း အကျိုးမညီညွတ်လို့ တရားစခန်းတွေ ဝင်ရောက်အား မထုတ် နိုင်ပေမဲ့ နည်းမှန်လမ်းမှန်ရထားတဲ့ ပုဂ္ဂိုလ်များပီပီ ကိုယ့်အိမ်မှာလည်း အာစိဏ္ဏကံ ဖြစ်ပျက်ကိုလေ ကြိုးစားမယုတ် မှန်မှန်လေးပွားများ အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ လောကမှာ ဒုနဲ့ဒေး အများကြီး မရှိဘူးလား။

"ရှိပါတယ်ဘုရား"

မြတ်စွာဘုရားကို သံသယတွေ မေးလျှောက်တဲ့ သုဘဒ္ဒ ပရိဗိုဇ်ဆိုတာ တခြားပုဂ္ဂိုလ်မဟုတ်ဘူး။ မြတ်စွာ

ဘုရားရှင် ဘုရားအဖြစ်ကို ရောက်တော်မူပြီးတဲ့နောက် မဟာဗောဓိ မဏ္ဍိုင်ကနေ ဗာရာဏသီပြည် မိဂဒါဝုန်တောကို ပဉ္စဝဂ္ဂီ ငါးဦးအား တရားဦး ဓမ္မစကြာဟောတော်မူဖို့ ကြွသွားတော်မူတဲ့အခါ လမ်းခရီးအကြားမှာ တွေ့ခဲ့ရတဲ့ ဥပကတက္ကတွန်း ကြီးရဲ့သားပဲ။

အဲဒီဥပက တက္ကတွန်းကြီးနဲ့ ဆာဝါနဲ့ရပြီးတော့ သုဘဒ္ဒကိုမွေးတာ။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် တစ်လျှောက်လုံး ဘုရားဆီကို ရောက်မလာခဲ့ဘဲနဲ့ ပရိနိဗ္ဗာန် စံတော့မယ်ဆိုမှ သူသိချင်တာလေး မေးမလို့ ရောက်လာတာနော်။

နောက်ဆုံးမှ ရောက်လာပေမဲ့ သုဘဒ္ဒ ပရိဗိုဇ်ကြီး ကံကောင်းပါတယ်။ မြတ်ဗုဒ္ဓသာသနာတော်မှာ ရဟန္တာ မဆိတ်သုဉ်းဘူးဆိုတဲ့ တရားကို နာရပြီး ချက်ချင်း ဝမ်းမြောက်ဝမ်းသာနဲ့ တိတ္ထိပရိဗိုဇ်ဘဝကနေ ဗုဒ္ဓဘာသာဝင် အဖြစ် သရဏဂုံ ခံယူဆောက်တည်ပြီးတော့ ဝင်ရောက်လာတယ်။ ရဟန်းပြုခွင့်လည်း ရတယ်။ မြတ်စွာဘုရား ထံတော်ကနေ တရားအား ထုတ်နည်းများ တောင်းပြီးတော့ တရားအားထုတ်လိုက်တာ အဲဒီ မလ္လာမင်းတို့ရဲ့ အင်ကြင်း ဥယျာဉ်အတွင်းမှာပဲ ပဋိသမ္ဘိဒါ လေးပါး၊ အဘိညာဉ် ခြောက်ပါး၊ သမာပတ်ရှစ်ပါးနှင့်တကွ အာသဝေါကုန်ခန်း ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားပါတယ်။ မြတ်စွာဘုရား

သာသနာတော်မှာ မြတ်စွာဘုရား သက်တော် ထင်ရှား ရှိနေခိုက် နောက်ဆုံးကျွတ်တမ်းဝင်တဲ့ အရိယာ သာဝက အဖြစ် ဥဒါန်းတွင်သွားပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ယောဂီများ ဘုရားဟော ဓမ္မက္ခန်တွေ ရှိနေသမျှ တရားဟောတရားပြ ဆရာကောင်း သမားကောင်းတွေ ရှိနေသမျှ ခန္ဓာဉာဏ်ရောက် ဝိပဿနာ တရား အလုပ် ကြိုးစားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေ ရှိနေသမျှ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ အရိယာပုဂ္ဂိုလ်တွေ မဆိတ်သုဉ်းဘူးဆိုတာ စိတ်ချလက်ချ မှတ်ထားခဲ့ကြပါ။

"မှန်ပါဘုရား"



# အရုဏ်တက်မှ နေထွက်ရ

ဒါကြောင့် ယောဂီတို့ရေ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက

**ဥဒ္ဒန္တိ ယထာဒိစ္စော၊ ပုရေစရော ရုံတဂ္ဂော ဝိပဿနံ ပုရေစရော မဂ္ဂဓမ္မော ပဝတ္တတိ။**

လောကသဘာဝ တစ်နေ့တာရဲ့အစမှာ နေမထွက်ခင်မှာ အရုဏ်ဆိုတာ အရင်လာတယ်။ လူတွေ ပြောပြောနေတဲ့ အရုဏ်တက်ချိန်ဆိုတာလေ။ အာရုံလို့ မပြောရဘူး၊ သူက ပါဠိလိုအရုဏ–ကနေလာတာမို့ အရုဏ်လို့ ပြောရမယ်။ အရုဏ်တက်ပြီးရင် နေထွက်မယ်။

အရုဏ်တက်ပြီးရင် နေထွက်လာတာ သေချာသလိုပဲ ခန္ဓာအရှိ ဖြစ်ပျက်ကို မြင်တဲ့ ဝိပဿနာဉာဏ်ကိုသာ

အရင်ဆုံးရအောင် ကြိုးစားနော်။ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာ ဉာဏ်သာ အရင်ဆုံးကိန်းပြီဆိုရင် စိတ်သာချပေတော့ ယောဂီတို့။ ဖြစ်ပျက်အဆုံးမှာ နိဗ္ဗာန်ရှိတယ်။ ဖြစ်ပျက် မြင်တဲ့ ဝိပဿနာဉာဏ်ရဲ့အဆုံးမှာ မဂ်ဆိုတာ ရောက်လာ မှာပဲ။

အရဏ်တက်ပြီးရင် နေထွက်မယ်။ ဝိပဿနာဉာဏ် ပြီးရင် မဂ်ဉာဏ်လာမယ်။ ဒါကြောင့် အားလုံးသောယောဂီ များ ဖြစ်ပျက်မြင်ဖို့က လိုရင်းဆိုတာ စွဲစွဲမြဲမြဲ နှလုံးထဲ အသည်းထဲအထိ စွဲနေအောင် မှတ်ထားပါ။

ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်အတွက်သာ နိဗ္ဗာန်ဆိုတာ ရှိနိုင်တယ်။ ဖြစ်ပျက်မမြင်တဲ့ ပုဂ္ဂိုလ်အတွက်တော့ နိဗ္ဗာန် ဆိုတာ ရှိကို မရှိနိုင်ဘူး။ ဘုရားပဲတည်တည်၊ ကျောင်းပဲ ဆောက်ဆောက်၊ သားလည်းပဲရှင်ပြု၊ သမီးလည်းပဲ နားသ၊ ကြိုက်တဲ့ အလှူကြီးတွေ ပေးလိုက်စမ်းပါ၊ လှူချင်တာတွေ လှူလိုက် စမ်းပါ။သို့သော် ခန္ဓာဉာဏ်ရောက် အလုပ်ကို မလုပ်သေးသမျှ ဒီပုဂ္ဂိုလ်အတွက် ဒီဘဝမှာလည်း နိဗ္ဗာန် မရှိ နောက်ဘဝ လည်း နိဗ္ဗာန် မရှိပါဘူး။

ဒါကြောင့်

အတ္ထိ ဘိက္ခဝေ နိဗ္ဗာနံ။

ဘိက္ခဝေ- ငါဘုရား၏ ချစ်သားတို့ ချစ်သမီးတို့၊ နိဗ္ဗာနံ-နိဗ္ဗာန်သည်၊ အတ္ထိ-ရှိ၏။

မြတ်စွာဘုရားက နိဗ္ဗာန်ဆိုတာ သေချာပေါက်ရှိကို ရှိတယ်တဲ့။ အဲဒီနိဗ္ဗာန် ချမ်းသာကြီးကို ဘယ်သူတွေရနိုင် ရောက်နိုင်သလဲဆိုရင်။

နိဗ္ဗာနဿေဝ သန္တိကေ၊ ဣတ္ထိယာ ပုရိသဿဝါ။

နိဗ္ဗာန်ဆိုတာလေ အမျိုးသားဝင်စံတဲ့ နိဗ္ဗာန်၊ အမျိုးသမီး ဝင်စံတဲ့ နိဗ္ဗာန်ရယ်လို့ သီးသန့် မရှိပါဘူးကွာ၊ အမျိုးသားတွေမှသာလျှင် နိဗ္ဗာန်ဝင်စံရမယ်၊ အမျိုးသား တွေမှသာလျှင် ဒီသစ္စာတရားကို နာရမယ်၊ ပွားများရမယ် ဒီလို မဟုတ်ပါဘူးကွာ၊ အမျိုးသမီးတွေလည်းပဲ ခန္ဓာဉာဏ် ရောက် ဝိပဿနာတရားကို သေချာကျနစွာ အားထုတ်ရင် နိဗ္ဗာန်ကို ရနိုင်ပါတယ်။

တကယ်တမ်းကျတော့ အမျိုးသား၊ အမျိုးသမီး ဆိုတာ လောကပညတ်ချက်လို့ မှတ်ရမယ်နော်။ အမျိုးသား လည်း ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး၊ အမျိုးသမီးလည်း ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး၊ ဒီအသိဉာဏ်နဲ့ ဒီခန္ဓာကိုယ်နဲ့ ဖွဲ့စည်းတည် ဆောက်ထားတဲ့ လူသားချင်းအတူတူပဲ။ သူက သာတယ် ကိုယ်က သာတယ်ဆိုတာ မရှိပါဘူး။ ဒီခေတ် လောကဘက်မှာ ကြည့်ရင် အမျိုးသားဘုရင် ရှိသလို အမျိုးသမီးဘုရင်မလည်း ရှိတာပဲ မဟုတ်လား။ အမျိုးသား သမ္မတ၊ အမျိုးသား ဝန်ကြီးချုပ်တွေရှိသလို အမျိုးသမီးသမ္မတ၊ အမျိုးသမီး ဝန်ကြီးချုပ်တွေ ရှိတာပဲ။

ကုမ္ပဏီပိုင်ရှင်ကြီးတွေ သူဌေးကြီးတွေထဲမှာလည်း အမျိုးသမီးတွေ ရှိနေတာပဲနော်။

နိဗ္ဗာန်ရဖို့ အရေးမှာလည်း ဘုရားလက်ထက်တော်က မိထွေးတော် မဟာပဇာပတိဂေါတမီတို့ ဥပ္ပလဝဏ်ထေရီမတို့၊ ခေမာထေရီမတို့ အရိယာ သာဝကကြီးတွေ အာသဝေါကုန်ခန်း ရဟန္တာထေရီမကြီးတွေရှိတယ် မဟုတ်လား၊ အမျိုးသားဘက်က ရဟန္တာအရှင်မြတ်ကြီးတွေ ရှိသလိုပဲ အမျိုးသမီး တွေဘက်ကလည်း ရဟန္တာထေရီမကြီးတွေ အများကြီးရှိတယ်ဆိုတာ နမူနာစံပြသာဓက ယူစရာတွေပါပဲ။

ဒါကြောင့် အမျိုးသမီတွေလည်းပဲ ခန္ဓာဉာဏ်ရောက်ဝိပဿနာတရားကို သေချာကျနစွာ အားထုတ်ရင် နိဗ္ဗာန်မရနိုင်ဘူးလား၊ ရနိုင်သလား?

"ရနိုင်ပါ ဘုရား"

အမျိုးသားတွေအတွက် သီးသန့်နိဗ္ဗာန်၊ အမျိုးသမီးတွေအတွက် သီးသန့် နိဗ္ဗာန်ရယ်လို့ ခွဲထားသလား?

"မထားပါဘုရား"

အမျိုးသား အမျိုးသမီးဆိုတာ လောကပညတ်ချက်ပါပဲနော်။ တကယ်တမ်း တရားဟော တရားနာနေကြတာ ခန္ဓာ ဘယ်နှစ်ပါးပါလိမ့်။

"ငါးပါးပါဘုရား"

အဲဒီ ခန္ဓာငါးပါးကို အကျဉ်းချုပ်လိုက်တော့ ဘာနဲ့ ဘာ?

"ရုပ်နဲ့နာမ်ပါဘုရား"

ယောဂီတို့ရေ ရုပ်မှာလည်း တည်တံ့နေတာလား၊ ဖြစ်ပျက်နေတာလား?

"ဖြစ်ပျက်နေတာပါဘုရား"

နာမ်ကလည်း?

"ဖြစ်ပျက်ပါဘုရား"

ရုပ်ကလည်း ဖြစ်ပျက်၊ နာမ်ကလည်းဖြစ်ပျက်။ ဒါဖြင့် ရုပ်နာမ်ဖြစ်ပျက်ကို အမှန်အတိုင်းမြင်လိုက်ရင် ယောကျ်ားဆိုတဲ့အမှတ် မိန်းမဆိုတဲ့အမှတ် ခေါင်း, ခါး, ခြေ, လက် အမှတ်သညာတွေဟာ မိမိသန္တာန်မှာ ပေါ်လာပါဦးမလား?

"မပေါ်ပါ ဘုရား"

ပညတ္တိံ ဌပေတွာ အနိစ္စာဒိ အာကာရေန ဝိဝိဓံ ပဿတီတိ ဝိပဿနာသို့ ဝိသုဒ္ဓိမဂ် မဟာဋီကာမှာ ဆိုထားတာ ဖြစ်လေသောကြောင့်

ပညတ်ကို အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ အခြင်းအရာအားဖြင့် အထူးထူးအပြားပြားခန္ဓာဖြစ်ပျက်ကို မြင်အောင်ရှုတာ ဝိပဿနာဆိုတဲ့အတိုင်း ယောဂီတို့ရဲ့ ဟောဒီခန္ဓာကိုယ်ကြီးမှာ ဖြစ်ပျက်ကိုမှုန့်နေအောင် ပိုင်ပိုင်နိုင်နိုင်သာ

ကြည့်ပါ။ ခေါင်း တွေ, ခါးတွေ, ခြေတွေ,လက်တွေဆိုတဲ့ ပညတ် အမှတ်သညာတွေ မိမိသဏ္ဌာန်မှာ ပေါ်ပါဦး မလား?

"မပေါ်ပါ ဘုရား"

ယောကျ်ားမိန်းမဆိုတဲ့ အမှတ်သညာတွေ လာပါ ဦးမလား?

"မလာတော့ပါ ဘုရား"

ဒါသည် ရုပ်ပဲ၊ ဒါသည် နာမ်ပဲ၊ ဒါသည် စိတ်ပဲ၊ ဒါသည် ဝေဒနာပဲဆိုတဲ့ ဝိဇ္ဇာမာနပညတ်သဘောတွေရော လာပါဦးမလား?

"မလာတော့ပါဘုရား"

တခြားမြင်လို့ မဟုတ်ဘူး၊ ဖြစ်ပျက်မြင်လို့နော်၊ ဖြစ် ပျက်သာမြင်ပါစေ ယောဂီတို့ရေ ဒီယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အမည်နာမတွေ ပညတ်ချက်တွေဟာ အလုံးစုံ ပျောက်သွားလိမ့်မယ်။

ဒါကြောင့် အမျိုးသမီးတွေလည်း ဖြစ်ပျက်မြင် အောင် အားထုတ်မယ်ဆိုရင် နိဗ္ဗာန်ကို ရနိုင်တယ်ဆိုတာ သေသေချာချာ မှတ်ထားကြပါ။



# ဖြစ်ပျက်သိမြင် ဒိဋ္ဌိစင်

ယောဂီတို့ ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ကြစမ်းပါ အမြဲတိုက်တွန်းနေတာပေါ့၊ တကယ်လုပ်ကြည့်ပါ၊ ဝိပဿနာအစ အာနာပါနကဆိုထားသည့် ဝင်လေကို မှန်မှန်ရှူထွက်လေကို မှန်မှန်ရှိုက် ဝင်လေ ဝင်တိုင်းသိ၊ ထွက်လေ ထွက်တိုင်းသိ၊ ဒါ ဘာလုပ်နေတာတုန်းဆိုရင် သမာဓိ ထူထောင်နေတာလို့ဆိုတယ်။

ဒါကိုပဲ မြတ်စွာဘုရားက "သမာဓိံ ဘိက္ခဝေ ဘာဝေထ" ဘိက္ခဝေ–ချစ်သား ချစ်သမီးတို့၊ သမာဓိံ သမာဓိကို ဘာဝေထ ရှေးဦးစွာ ပွားများကြစမ်းပါတဲ့။

အဲဒီလို ဝင်လေသိ ထွက်လေသိ သိနေရာကနေ ဝင်လေလေးက ဘယ်ကိုဝင်သွားသလဲ၊ ထွက်လေလေးက ဘယ်ကို ထွက်သွားသလဲဆိုတာကို စောင့်ကြည့်ပါ။

လေဆိုတာ ရုပ်တရား၊ နှာသီးဖျားဆိုတာကလည်း ရုပ်တရား၊ အဲဒီလို ရုပ်နှစ်ခုပေါင်းစပ်လိုက်တဲ့ အချိန်မှာ လေကလေးဟာလေ နှာသီးဖျားထဲကို တိုးဝှေ့ထိခိုက်ပြီး ဝင်လာတာကို ယောဂီတို့တွေ့လိမ့်မယ်။

ဟုတ်မဟုတ် စောင့်ကြည့်ပါ ဘုန်းကြီးပြောတာ မယုံနှင့် ခန္ဓာပြောတာကို ပဲယုံပါ။

ယောဂီတို့ တိုးမှ တိုးရဲ့လား?

"တိုးပါတယ်ဘုရား"

"တိုးနေတာ ရုပ်သဘော၊ တိုးမှန်းသိနေတာက နာမ်သဘော၊ ရုပ်သဘော၊ နာမ်သဘောမှတစ်ပါး အခြား မရှိပါဘူး၊ ဒါကိုပဲ မြတ်စွာဘုရားရှင်က-

"သမုဒယဓမ္မာ နုပဿီဝါ ရူပသ္မိံ ဝိဟရတိ"

သမုဒယဓမ္မာ-ဖြစ်ပေါ်လာသော၊ ရူပသ္မိံ- တိုးဝှေ့နေတဲ့ ရုပ်သဘောတရားကလေးအပေါ်၌၊ ဝိဟရတိ- ပဇာနာတိ- အသိကလေးနဲ့ နေပေးစမ်းပါ။

တစ်ခါ မတိုးဘဲနဲ့ သိတာလား၊ တိုးလို့သိတာလား။

"တိုးလို့သိတာပါဘုရား"

"တိုးတာက အကြောင်း၊ သိတာက အကျိုး"

ဩော် ဒါဖြင့်ရင် ငါ ရှူ ငါရှိုက်တာ မဟုတ်ပါလား၊ အကြောင်းအကျိုး ရုပ်နာမ်တွေ ဖြစ်ပေါ်နေတာပါလား ဆိုတာ ဝိပဿနာအားမထုတ်ခင် ကြိုတင်သိထားရမယ်။

ဒီလို ကြိုတင်သိထားတော့ ဘာကျေးဇူးများမလဲ ဆိုရင် ကြောင်းကျိုးသိတော့ ဘာကြောင့် ရှုတာလဲ ရှိက်တာလဲ၊ တိုးတာလဲသိတာလဲဆိုတာ သံသယ ဝိစိကိစ္ဆာ တွေ သေတာပေါ့၊ ကြောင်းကျိုးသိတော့ ဘာသေ"

"ဝိစိကိစ္ဆာသေပါတယ် ဘုရား"

"တိုးတဲ့ရုပ်သဘောနဲ့ သိတဲ့ နာမ်သဘော.သက် သက်ပါလား"လို့မြင်တော့ သက္ကာယဒိဋ္ဌိ ပြုတ်ပြန်တယ်၊ ရုပ်နာမ်သိတော့ ဘာပြုတ်ပြန်။

"သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား"

အဲဒီလို ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို အသိဉာဏ်နဲ့ အရင်ခွာ ပြီး ရှုတဲ့ဝိပဿနာမှသာလျှင် အားကြီးတဲ့ ဝိပဿနာ ဖြစ်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ကျေးဇူးပြုနိုင်မယ်ဆိုတာ သေချာမှတ်ပါ သဘောကျရဲ့လား"

"ကျပါတယ်ဘုရား"

ဒီ ဝိပဿနာရှုနည်း အခြေခံသဘောတရားတွေနဲ့ ပတ်သက်လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော် ကျ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဥပနိဿယအတိုင်း ပါဠိတော် အဋ္ဌကထာ ဋီကာသံယုတ်တွေနဲ့ ညှိနှိုင်းထုတ်ပြီး ဘုန်းကြီးတို့စွမ်းနိုင် သမျှ ကျေးဇူးဆပ်ထားတဲ့။ အခြေခံဝိပဿနာရှုပွားနည်း အလုပ်သင်တရား"ကို သေချာနာကြည့်ပါ၊ မကြာမီ

စာအုပ်အဖြစ်ထွက်လာတော့မယ် စီစဉ်နေတယ်။

အေး ကိုယ်တိုင် အလုပ်လုပ်ကြည့်တဲ့အခါ "အဲဒီ အခြေခံ ဝိပဿနာ ရှုပွားနည်း အလုပ်သင်တရားစာအုပ်ဟာ ယောဂီတို့အတွက် မဖြစ်မရှိ လိုအပ်လာတဲ့ စာအုပ်ပါ။

ဒါကြောင့် ကျမ်းတစ်စောင်ပေတစ်ဖွဲ့ အနေအားဖြင့် စာပေပညာရှင်၊ ဝါသနာရှင်များ ယောဂီများအတွက် မှုကြမ်းရေးပြီးသွားပါပြီ မကြာမီ ယောဂီတို့လက် ရောက်ရှိလာတော့မယ်။

အေး ဒါကြောင့် ဝိပဿနာလက်တွေ့အားမထုတ်မီ ကြောင်းကျိုး ရုပ်နာမ်သိအောင် ကြိုတင်လေ့လာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို အသိဉာဏ်နဲ့ အရင်ခွာ၊ ပြီးတော့ လက်တွေ့ အလုပ်လုပ်ပါ။

တကယ် အလုပ်လုပ်နေတဲ့အချိန် တိုးတာကရုပ်၊ သိတာက နာမ်လို့၊ ပါးစပ်က ရွတ်လည်း မရွတ်နဲ့၊ မှတ်လည်း မမှတ်နဲ့ ယောဂီတို့ အလုပ်က တိုးတာတိုးမှန်း သိရင်တော်ပြီ။

သဘောကျရဲ့လား။

"ကျပါတယ်ဘုရား"

တိုးတာ တိုးမှန်းသိတာလည်း အဖြစ်ကိုသိတာ အဖြစ်ကို သိတာသည် သမထ၊

ဝင်လေလေး ကုန်သွားလို့ ဆုံးသွားလို့ တိုးဝင်တဲ့ သဘောကလေး မရှိတာကို သိလိုက်တာသည် အပျက်ကို သိတာအပျက်ကို သိတာသည် ဝိပဿနာ။

ဒါကိုပဲ မြတ်စွာဘုရားက "ဝယ ဓမ္မာ နုပဿီဝါ ရူပသ္မိံ ဝိဟာရတိ"လို့ ဆိုထားတာပေါ့၊ ဖြစ်တာသိရုံနဲ့ တင်းတိမ်မနေဘဲ ဖြစ်ပေါ်လာတဲ့ အရှုခံတရား ဘယ်သဘောရှိသမလဲဆိုတာ သိအောင် စောင့်ကြည့်လိုက်တော့ တိုးတာလဲသိ၊ ဝင်လေကုန်သွားတော့မရှိတာလဲသိ၊

"တိုးတာသိတာက အဖြစ်ကိုသိတာ၊ မရှိတာ သိတာက အပျက်ကိုသိတာ"

ဒါကို ဥဒယဗ္ဗယရှုနည်း၊ ဝါ သမထနဲ့ ဝိပဿနာ တွဲလွတ်တဲ့ ယုဒါနဒ္ဓနည်းကို ခေါ်ပါတယ်။

လက်တွေ့လုပ်ကြည့်ပါ၊ လက်တွေ့လုပ်ကြည့်ရင် သိလာလိမ့်မယ်။

အဲဒီလို နှာသီးဖျားဝင်လေ ထွက်လေ ထိသိ ရုပ်နာမ်ဓမ္မ ဖြစ်ပျက်မှုကိုသိအောင် စောင့်ကြည့်နေရင်းက ခန္ဓာကိုယ် တစ်နေရာရာက ပူကနဲ၊ အေးကနဲ၊ လှုပ်ကနဲ၊ ငြိမ်ကနဲ၊ တောင့်ကနဲ့၊ တင်းကာနဲ့၊ စစ်ကနဲ၊ ဖြတ်ကနဲ၊ ဖောက်ပြန်တဲ့သဘောကလေးတွေ ပေါ်လာရင် ပေါ်လာ တာကဖြစ်တာ၊ အဲဒီပေါ်လာတဲ့ သဘောကလေးအခု မရှိတော့တာ ပျက်တာ။

ဟုတ်မဟုတ် သိချင်ရင် စောင့်ကြည့်ပါ။

ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက "ပေါ်ရာခန္ဓာရှိ မရှိ စောင့်ကြည့်တာ ဝိပဿနာ"လို့ မိန့်ဆိုတော်မူခဲ့ပါတယ်။

အဲဒီလို နှာသီးဖျား ဝင်လေထွက်လေ ထိသိရုပ်နာမ် ခမ္မဖြစ်ပျက်၊ မူလကမ္မဋ္ဌာန်းကို ရှုနေရင်း ခန္ဓာကိုယ် နေရာအနှံ့ ဖောက်ပြန်ပျက်စီးမှုလေးတွေ ပေါ်လာရင် ပေါ်ရာကို လှည့်ရှုနေတာကို "ကြားထိုးကမ္မဋ္ဌာန်း"လို့ ခေါ်တယ်၊ ခန္ဓာကိုယ်ထဲက ဘယ်နေရာမှ ဖောက်ပြန်မှု ထင်ထင်ရှားရှား မတွေ့ရင် "မူလကမ္မဋ္ဌာန်း" ပြန်ရှုပါ။ ကြားထိုးပေါ်ရင် ကြားထိုးကိုပဲရှုပါ။ ဒီလိုလှည့်ရှုပါ၊ သဘောကျရဲ့လား။

"ကျပါတယ်ဘုရား"

ဒီလိုလှည့်ရှုတော့ ဘာကျေးဇူးများသလဲလို့ မေးစရာမလိုဘူးလား။

"လိုပါတယ်ဘုရား"

သေချာမှတ်ပါ၊ ဘယ်လိုကျေးဇူးများသလဲဆိုရင်

"ဘူတံ ဘူတတော ဒိသွာ ဘူတံ ဘူတတော ပဿတိ"ဆိုတဲ့ အတိုင်း သဘောလေးပေါ်ပြီ သဘောလေး ပျက်သွားတာကို မြင်နေတဲ့အတွက် အထည်မပါ သဘော မျှ သက်သက်ကို မြင်လျှင်

"သက္ကာယဒိဋ္ဌိ စင်ပါတယ်။"

ပေါ်လာတဲ့ တရားကလေး ပျက်သွားတာကို မြင်လိုက်တဲ့အတွက် ခိုင်တယ်မြဲတယ်လို့ ယူတဲ့ သဿတဒိဋ္ဌိ စင်ပါတယ်၊ ပျက်ပြီး ပျက်သွားတာ မဟုတ်၊ နောက်ထပ် အစားဖြစ်မှု(ဝါ) ဖောက်ပြန်မှုကို မြင်လိုက်တဲ့အတွက် ပျက်တယ်ဆိုတဲ့ "ဥစ္ဆေဒဒိဋ္ဌိ" အယူစင်သွားပြန်ပါတယ်။

ကိုယ်တိုင် ဖြစ်ပျက်မြင်နေတဲ့အတွက် သံသယဆိုတဲ့ "ဝိစိကိစ္ဆာ"ပါ ရောသေနေပါတယ်။

အဲဒီတော့ ဖြစ်ပျက်နေတဲ့ တရားက ဒုက္ခသစ္စာ၊ ဖြစ်ပျက်မြင်တဲ့ ဉာဏ်က မဂ္ဂသစ္စာ၊ သေနေတဲ့ ဒိဋ္ဌိသုံးမျိုးနဲ့ ဝိစိကိစ္ဆာက သမုဒယသစ္စာ သမုဒယ ကိလေသာ ချုပ်နေတာက နိရောဓသစ္စာပေါ့၊ ဒါ ဖြစ်ပျက်မြင်ရင် သစ္စာဆိုက်ပုံကို ဆိုလိုတာနော်၊ အဲဒီဖြစ်ပျက်မြင် သစ္စာသိ ဒိဋ္ဌိစင်လို့ကတော့ ငရဲရေသောက်မြစ် ပြတ်ပါရောဗျာ"

ဒီအတိုင်းသာ ဖြစ်ပျက်မင် ကိုက်ပြီးသာသေ ဒုတိယဘဝမှာ စိတ်ချ အပါယ်မကျလို့ နိဗ္ဗာန်ရပြီးသောတာပန်ဘုံစဉ်စံ အရိယာပုဂ္ဂိုလ်အဖြစ်နဲ့ နိဗ္ဗာန်ကို ဝင်စံရမယ်။

သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"





## တရားခံဘယ်သူလဲစိစစ်ခွဲ

အေး... အဲသလို ရှုမှတ်သွားကြလို့ ဘုရားရှင် လက်ထက်ကနေ ယနေ့အထိ သူတော်စင်အများအပြား အသေဖြောင့်သွားပုံတွေ တို့တတွေ တွေ့မြင်တွေ့နေရတယ် လေ။

ဝေးဝေးမကြည့်ပါနဲ့ ဟိုး လွန်ခဲ့တဲ့ သုံးလေးနှစ် လောက်က ဒီကျောင်းတိုက်ကြီးပေါ်မှာ ဘုန်းကြီးတို့ ဒုတိယအကြိမ်မြောက် (၁၀)ရက်တရားစခန်းဖွင့်လို့ ပထမ ဦးဆုံးနေ့ နံနက်ပိုင်း ၇ နာရီ ၈ နာရီအချိန်ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် ဒိဋ္ဌိဖြုတ် သင်တန်းများ ပို့ချနေတဲ့အချိန် ပဋ္ဌမတန်းကျောင်းသူတစ်သိုက် ဒီကျောင်းဘေးက ဖြတ်

သွား၊ တရားသံကြားတော့ "ထက်ထက်အောင်"ဆိုတဲ့ ကလေးမလေးက သူ့သူငယ်ချင်းတွေကို လာဟော့ ကျောင်းတက်ရမယ့်အချိန်ကလည်း လိုသေးတယ်၊ တရားနာကြည့်ရအောင်"

"အို မသွားရဲပါဘူး၊ လူကြီးတွေ ဆူလိမ့်မယ်၊ ဘုန်းကြီးရိုက်လိမ့်မယ်"

"ဘာပြုလို့ ဆူရမှာလဲ ရိုက်ရမှာလဲ ဟဲ့"

"ကိုယ်က ဆူညံဆော့မှာမှ မဟုတ်ဘဲတရားနာတာပဲဟာ၊ အေး နင့် ဟာနင်သွားချင်သွား၊ ငါတို့ကတော့ မလိုက်ရဲဘူး ကြောက်တယ်"

"ကိုင်း–ကြည့်စမ်း ကလေးတွေရဲ့ စိတ်ထဲပရိသတ်ကြားထဲဝင်ပြီး တရားနာရမှာ ဘုရားကျောင်းကန် တက်ရမှာကို ဆူလွတ်မှာကြောက်နေပြီ စဉ်းစားကြည့်နော်။"

ကလေးတွေရဲ့ ဖြူစင်သန့်ရှင်းနုနယ်တဲ့ နှလုံးသားထဲကို မလိုလားအပ်တဲ့ ကြောက်စိတ်တွေဝင်သွားအောင် အတင်းရိုက်သွင်းလိုက်တဲ့ တရားခံဟာ ဘယ်သူတွေလည်း၊ အစွယ်သာကြီးပြီး အသိဉာဏ်ငယ်တဲ့ လူကြီးတွေပဲပေါ့၊

ဘာကြောင့် ဒီလို ပြောရတာလည်းဆိုရင် တချို့လူကြီးမိဘတွေကြည့်လေ၊ ဝါတွင်းဝါပ ဥပုသ်သီတင်းလပြည့်လကွယ် ကျောင်းကန်ဘုရားသွားမလို့ ပြင်ဆင်နေတာကို ကလေးတွေကမြင်တော့ "အဖေတို့ အမေတို့

ဘယ်ကို သွားမလဲဟင်” ဘုန်းကြီးကျောင်း ဥပုသ်စောင့်သွားမလို့၊ ဒါဆို အတော်ပဲ သားတို့သမီးတို့လိုက်မယ် ဘာလိုက်ရမှလဲ ကလေးနေရာကလေးနေ၊ သွားသွားနေရာတကာ လိုက်မရှုတ်နဲ့ ဘုန်းကြီးရိုက်လိမ့်မယ်။

ကိုင်း ကောင်းကြသေးရဲ့လား? ဖြူစင်နုနယ်တဲ့ ကလေးတွေရဲ့ နှလုံးသားထဲ “ဘုန်းကြီးကရိုက်လိမ့်မယ်” ဆိုတဲ့ အရိပ်ဝါဒမည်း၊ အသိမည်းကြီးတွေက လွှမ်းမိုးသွားခဲ့ပြီ၊ ဘယ်လောက် ဝမ်းနည်း စရာ ကောင်းလိုက်သလဲ။

ဒါကြောင့် တို့လူကြီးတွေ ဖြတ်လတ်တဲ့ လူငယ်တွေရဲ့ စိတ်ဓာတ်ကို မညှိုးနွမ်းအောင် ဂရုစိုက်ကြပါလို့ လေးစားစွာ တိုက်တွန်းလိုက်ပါတယ်နော်။

“မှန်ပါဘုရား”



# ဓာတ်ခံပါရမီ နှိုးဆော်ပြီ

ကဲ–ထက်ထက်အောင်လေးကို ကြည့်စမ်း၊ အိုလူကြီးတွေခြောက်တိုင်း ရမ်းမကြောက်စမ်းပါနဲ့၊ ကဲကဲ နင်တို့ကျောင်းသွားရင်သွားတော့၊ ငါတော့ တရားခဏ နာလိုက်ဦးမယ်။

ဒီလို နံနက်ပိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားနာ ညနေကျောင်းဆင်းချိန်ကျတော့ (၄း၃၀ မှ ၅း၃၀)အထိ ဟောတဲ့အခြေခံ ဝိပဿနာရှုပွားနည်း အလုပ်သင်တန်း တရားကိုဝင်နာ တရားပွဲပြီးတော့ အိမ်ပြန် ထမင်းစား ည (၇း၀၀ မှ ၈း၀၀)အထိ ဟောကြားတဲ့

သစ္စာလေးပါး ညအထူးတရားပွဲကို နာကြားနိုင်ဖို့ အဆင်သင့်ပြင်ပြီး မိခင်ဖြစ်သူ ဒေါ်နန်းရွှေအိမ်ကို

"မေမေ သမီးတို့ တရားနာသွားရအောင်"

"ဟဲ့ ဘယ်မှာလဲ၊ ဟို ရွှေကျင်ကျောင်းမှာလေ"

ဘာတရားတွေ ဟောတာလဲ သမီးရဲ့။

သမီးလဲ မနက်ကမှ ကျောင်းသွားရင် အချိန်ရသေးတာနဲ့ ဝင်နာကြည့်တာ မေမေရဲ့၊ ပိတ်စစက်ဝိုင်းကြီးမှာတုတ်နဲ့လည်းထောက်ပြတယ်၊ ရောင်စုံခွက်ကလေးတွေကိုလည်း ခုံပေါ်မှာ ချပြတယ်၊ ကြည့်လို့တော့ကောင်းတယ်၊ သမီးတော့ နားမလည်သေးဘူး မေမေရဲ့၊ မေမေတို့လိုလူကြီးတွေဆိုရင်တော့ ပိုနားလည်မလား မသိဘူး မေမေရဲ့"

လာပါမေမေ သွားနာကြည့်ရအောင်ပါ။

"ဟဲ့ သမီးရယ်၊ ကိုယ် နားမလည်တာကို အချိန်ကုန်ခံပြီး သွားမနေစမ်းပါနဲ့၊ သမီးကျောင်းစာတွေလည်း ကျက်ရဦးမယ်။"

ကျောင်းစာတွေကို သမီးရအောင်ကျက်ပါ၊ မေမေရယ် ဒီလိုတရားပွဲမျိုးက ဘုန်းဘုန်းတို့ကြွလာ တုန်းဟောပြတုန်းနာရတာ လာပါမေမေရယ်၊ သမီးကို ချစ်ရင်လိုက်ပို့ပေးပါနော်။

ကြည့်စမ်းပါ၊ ယောဂီတို့။

ထက်ထက်အောင် သမီးလေးဟာ အသက်အရွယ် ငယ်ပင်ငယ်ညားသော်လည်း သူ့ရဲ့အတိတ်ဘဝက ဖြည့်ကျင့်ခဲ့တဲ့ ပါရမီဓာတ်ခံတွေ ဘယ်မျှဆိုတာ ဘယ်သူ သိနိုင်မလဲ”

“မသိနိုင်ပါဘုရား”

ဒါကြောင့် တို့လူကြီးတွေ ကလေးတွေကို သိပ် အထင်မသေးကြပါနဲ့၊ ခုကြည့်လေ သူ့ရဲ့ ပါရမီဓာတ်ခံ နှိုးဆော်ပြီနော်၊ ဘယ်လူကြီးကမှ တိုက်တွန်းစရာမလိုဘူး၊ လူကြီးသူမကတွေကိုတောင် သူနဲ့အတူတရားနာဖို့ ကျေးဇူး ဆပ်သောအားဖြင့် တိုက်တွန်းပြီးပါအောင် ခေါ်နေတယ်။

ဘယ်လောက် အားကျစရာကောင်းလဲ၊ ယနေ့ခေတ် လူငယ်တွေ ဒါမျိုး အတုယူသင့်တယ်နော်။

“မှန်ပါဘုရား”

ကျောင်းရှင်ကိုယ်တော် ဦးမိုးကျော်



# ကျေးဇူးကိုဆပ်သမီးမြတ်

ဒီလိုနဲ့ ထက်ထက်အောင်တို့ သားအမိနှစ်ယောက် တရားနာလိုက်ရပြီ၊ အချိန်ကလေး လုပြီး တရားထိုင်လိုက်နဲ့ နွေရာသီကျောင်းပိတ်ရက်တွေမှာ တရားစခန်းဝင်လိုက်တဲ့အခါမှာလေ–

"မသိရာမှ၊ သိရာသို့
ဖြစ်ပျက် မမြင်ရာမှ၊
မြင်ရာသို့၊ တစ်စတစ်စ
စွန့်ဝံ့မှလျှင်၊ ဘဝနှောင်နှောင်း
ဆက်တိုင်းကောင်း၏"

ဆိုသလို ကြာကြာလေ့လာလေ အသိကြွယ်လေ အမှန်တရား (သစ္စာ)သိလေ အနှစ်တွေ့လေ၊ အဲဒီအမှန်တရားတွေ သိလာတာနဲ့ သမီးလေးထက်ထက်အောင်မှာ

မိဘကို ကျေးဇူးဆပ်ခြင်တဲ့ သဘောတွေက တဖွားဖွား ဖြစ်ပေါ်လာတယ်။

ဘာကြောင့် ဒီကလေးရဲ့စိတ်ထဲ မွန်မြတ်တဲ့ အသိဉာဏ်တွေ ပေါ်လာရတာလဲဆိုရင် ယောဂီတို့အားလုံး သိကြတဲ့အတိုင်း ဘုန်းကြီးတို့ တရားဟောတဲ့အခါ အကြောင်းအကျိုး ညီညွတ်တိုက်ဆိုင်သလို မိဘနဲ့သားသမီး ဆက်ဆံရေး မိဘကျေးဇူးဆပ်တဲ့ တရားတွေ ဥပမာ–

"သူတော်ကောင်းဓာတ် ကျေးဇူးဆပ်၊
ကျေးဇူးကိုဆပ်၊ သမီးမြတ်
အသန္တကာ၊ ကျိုးပေးသန်"

အစရှိတဲ့ ဒီတရားတွေဟာ သားသမီးတိုင်း မိဘရဲ့ ကျေးဇူးတရားကို သိနိုင်ဖို့ ဓောင်းပေး ဟောကြားထားတဲ့ တရားတွေဆိုတာ တို့ယောဂီတို့ သိပါတယ်နော်။

"မှန်ပါဘုရား"

ယောဂီတို့လိုပဲပေါ့ "ထက်ထက်အောင်ကလည်း ဒီတရားတွေကို နာရင်း ကျင့်ရင်း သိရင်းကနေ သူ့ရဲ့ ကျေးသဖခင် ကျေးဇူးရှင်ကြီးဖြစ်တဲ့ ဦးဇော်နီတို့ တရားနဲ့ ကျေးဇူးဆပ်ခြင်တယ်။ သို့သော် ဖခင်ကြီးတို့ဘက်က ခရစ်ယာန် ဘာသာဝင်တွေ ဖြစ်နေတော့ စဉ်းစားသာ ကြည့်၊ ဖခင်ဖြစ်သူကို ဘာသာအယူဝါဒ ပြောင်းလွဲပေးဖို့

ဆိုတာ လွယ်မလား?

"မလွယ်ပါဘုရား"

သားသမီးတိုင်းဟာ မိဘတွေရဲ့အယူဝါဒကို လွှန်ဆန်နိုင်ဖို့ အင်မတန် ခဲယဉ်းခြင်းထက်၊ မိဘတွေရှိရင်းစွဲ ဘာသာဝါဒမှတစ်ပါးသော ဘာသာအယူဝါဒသို့ ပြောင်းရွှေ့ပေးနိုင်ဖို့ဆိုတာ ပို၍ ခဲယဉ်းပါတယ်။

"မှန်ပါဘုရား"

ဒီလိုနဲ့ ထက်ထက်အောင်လေး၊ တရားနာ တရားထိုင်လို့ တစ်နှစ်ကနေ နှစ်နှစ်ထဲလဲရောက်ရော သူ့ဖခင် ဦးဇော်နီအထံ ချဉ်းကပ်တယ်။

"ဖေဖေ သမီးကို ချစ်လားဟင်"

ဘယ်လို မေးလိုက်တာလဲ သမီးလေးရယ်၊ တစ်ဦးတည်းသော သမီးလေးပဲချစ်တာပေါ့။

သမီးလည်းလေ ဖေဖေနဲ့ မေမေကို ချစ်လွန်းလို့ ဖေဖေတို့ မေမေတို့ ဖြစ်စေချင်တဲ့ဆန္ဒအတိုင်း သူငယ်တန်းကနေ စတုတ္ထတန်းအထိ ပထမကချည်းရအောင် ကြိုးစားခဲ့တယ်နော်။

"အမလေး ဟုတ်ပါတယ်၊ ဖေ့သမီးရယ်"

နောက်ပြီး ဖေဖေတို့ မေမေတို့ကို သမီးစိတ်ဆင်းရဲအောင် လုပ်ဖူးလားဟင်?

"ဒီကလေး တယ်ထူးဆန်းနေပါလား"

"သမီးမေးတာကိုသာ ဖြေပါ၊ ဖေဖေရဲ့"

"ကဲ–ကဲ မလုပ်ဖူးပါဘူး သမီးရဲ့"

"အမြဲတမ်း ဖေဖေတို့ မေမေတို့ရဲ့ ဆန္ဒအတိုင်း နေပြခဲ့တာနော်၊ ဟုတ်ပါပြီ၊ အဲဒါ ဘာဖြစ်နေလို့လဲ၊ သမီးရဲ့"

ဟိုလေ တစ်ခါလောက် သမီးရဲ့ဆန္ဒကို ဖြည့်ပေးပါလားဟင်။ တယ်လာပါလား၊ သမီးပြောတာပဲ၊ ဖြေပါ၊ ကဲကဲ ဘာဖြေပေးရမှာလဲ။ ဟိုညကျရင်လေ သမီးနဲ့အတူ တရားနာ လိုက်ခဲ့ပေးပါနော်၊ အို ဒါတော့ မလုပ်ပါနဲ့ သမီးရယ်၊ အဖေတို့ကလေ ဘုန်းကြီးလည်း မကန်တော့တတ်ဘူး၊ နောက်ပြီး ဗုဒ္ဓဘာသာတရားလည်း တစ်ခါမှ မနာဖူးဘူး။

အို ဖေဖေရယ် ဘုန်းကြီး မကန်တော့တတ်လည်း မကန်တော့နဲ့ပေါ့၊ ဘုန်းဘုန်းဟောတဲ့ တရားတွေက ဖေဖေတို့ သမီးတို့ နေ့စဉ်ပြုလုပ်ဆောင်ရွက်နေတဲ့ ဖြစ်စဉ်တွေဟောတာ ဖေဖေရဲ့။

ဟုတ်ရဲ့လားကွယ်"

ဟုတ်ပါတယ် ဖေဖေရဲ့ လာပါဖေဖေရယ်၊ သမီးချစ်ရင် ဒီတစ်ညတော့ လိုက်နာပေးပါနော်၊ နောက်ည ဖေဖေ မလိုက်ချင်နေ။

ကဲ–ကဲ ဒါဖြင့် သမီးစိတ်ချမ်းသာအောင် ဖေဖေ

လိုက်နာပေးမယ်။

"ဟေး ဒါမှ တို့ဖေဖေ၊ ဒါကြောင့် ဖေဖေကြီးကို သမီးချစ်တာ"

အေး... ဒါကြောင့် အခု တရားပွဲထဲရောက်နေတဲ့ အမိအဖ ညီအစ်ကို မောင်နှမ သားငယ်သမီးငယ်အပေါင်း တို့ ဒီနေရာမှာ ခမ္မလက်ဆောင် တစ်ခုပေးချင်တယ်။

ဘာလဲဆိုရင် သေသေချာချာ မှတ်ထားပါ။

"ကိုယ့်စကားကို နားထောင်စေချင်ရင် သူ့စကား ကို အရင်နားထောင်ပေးလိုက်ပါ"

"သဘောကျရဲ့လား"

"ကျပါတယ်ဘုရား"

အခုကြည့်လေ ထက်ထက်အောင်ကလေးက မိဘ တွေဖြစ်စေချင်တဲ့အတိုင်း လိမ္မာယဉ်ကျေးအောင် စာတော် အောင် အရင်လုပ်ပြီးပြတော့ ဟော သူ့ဆန္ဒကိုလည်း မိဘတွေက လိုက်လျောပေးလိုက်ရတာပဲ၊ ကောင်းတဲ့နေရာ ပြောတာ နော်၊ မကောင်းတဲ့နေရာမှာ အလိုမလိုက်ကြပါနဲ့၊ ဒါကြောင့် ရှေးပညာရှိတွေက ဆိုထားကြတာပေါ့။

"မြင်းကို နိုင်လို ဇက်ကိုဆွဲ"

"လှေကိုနိုင်လို တက်ကိုဆွဲ"

"ဆရာမိဘကို နိုင်လို ကျင့်ဝတ်မြဲ"တဲ့ ကိုင်း- ဘယ်လောက် ကောင်းလိုက်သလဲ။ ဒါကြောင့် သားတို့

သမီးတို့ မိဘဖြစ်စေချင်တဲ့အတိုင်း ယဉ်ကျေးလိမ္မာစာတတ် ပုဂ္ဂိုလ်တွေဖြစ်အောင် ကြိုးစားပြလိုက်ပါ။

ဒါဆို မိဘတွေကလည်း သားတို့သမီးတို့ရဲ့ ကောင်းသော လိုအင်ဆန္ဒအဝဝတွေ ဖြည့်ဆည်းပေးကြမှာပဲ သဘောကျရဲ့လား၊ ကျပါတယ်ဘုရား။

ဟော ဦးဇော်နီတစ်ယောက် ချစ်လှစွာသော သမီး လေးရဲ့ ဆန္ဒကို လိုက်လျောရင်း တရားပွဲထဲရောက်လာပြီး ဘုန်းကြီးတို့ဟောတဲ့ တရားတွေနာယူပြီး ဘုန်းကြီးတို့ ဟောတဲ့ တရားကလည်း ခန္ဓာနဲ့စပ်တဲ့ သစ္စာတရား တွေမို့လား။

"မှန်ပါဘုရား"

သစ္စာဆိုတာ ဘယ်မှာရှိတာလဲ။

"ခန္ဓာမှာရှိတာပါဘုရား"

ဗုဒ္ဓဘာသာ ခရစ်ယာန် အစ္စလာမ်၊ ဂျိန်း၊ မဟာ မေဒင် ဘယ်ဘာသာဝင် ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် တကယ်ရှိတာက ခန္ဓာဘယ်နှစ်ပါးလဲ။

"ငါးပါးပါဘုရား"

ဘာသာဝင်တွေ ဘယ်လောက် ကွဲပြားကွဲပြား ခန္ဓာရှိတာကတော့ အတူတူပဲ။

အဲဒီနေ့ည ဘုန်းကြီးဟောလိုက်တဲ့ တရားနာမည်က "ကြောင်းကျိုးသိမြင် ဒိဋ္ဌိစင်" တဲ့ဟုတ်ရဲ့လား။

"မှန်ပါဘုရား"

"သာဓက၊ သဘာဝ၊ အာဂမ၊ ယုတ္တိစုံလင်စွာ ဟောထားတော့ ဦးဇော်နီလည်းခန္ဓာဉာဏ်ရောက် တရားကို နာရင်း တယ်ဟုတ်ပါလား၊ တယ်ဟုတ်ပါလား၊ ခေါင်း တညိမ့်ညိမ့်နဲ့ သိပ်သဘောကျတယ်၊ ဒါပေမဲ့ ဘုန်းကြီး ကိုတော့ မကန်တော့သေးဘူး၊ ကိစ္စမရှိဘူး၊ မကန်တော့ လည်းနေ၊ ဒါနဲ့ တရားပွဲပြီးတော့ သားအဖ တစ်တွေ အိမ်ပြန်ကြတော့ သမီးလေးက မေးပြီ၊ ဖေဖေ ဘယ်နှင့်လဲ၊ ဘုန်းဘုန်း တရားဟောတာကောင်းလား"

"အင်းမဆိုးပါဘူး"

နောက်တစ်ရက် တရားနာသွားဖို့ အချိန်ကျတော့ သမီးထက်ထက်က သူ့အဖေရဲ့ သဘောထားကိုစမ်း သပ်တဲ့ အနေနဲ့ ဝေ့လည်ဝေ့လည် လုပ်နေလိုက်တယ်၊ ခပ်ဆိုင်းဆိုင်းပေါ့လေ၊ ခဏကြာတော့ ဦးဇော်နီက

"ဟဲ့ သမီးထက်ထက် မြန်မြန်လုပ်လေ တရားနာ သွားရအောင်"

အဖေရဲ့ နှိုးဆော်သံကြားလိုက်ရော သမီး ထက်ထက်လေး ပျော်လိုက်တာ၊ ဝမ်းမြောက်လိုက်တာ ဝမ်းသာလွန်းလို့ မျက်ရည်များတောင် ကျလို့ အခန်းထဲက တော်တော်နဲ့ကို မထွက်နိုင်ဘူးတဲ့။

"ဟဲ့... သမီး ထက်ထက် မြန်မြန်ထွက်ခဲ့လေ

တရား ချိန် နီးပြီ”

“ဟုတ် ဟုတ်ကဲ့ ဖေဖေ”

ကိုင်း ထက်ထက်နေရာ ဝင်ခံစားကြည့်စမ်း၊ ဘယ်လောက်ကြည်နူးလိုက်မလဲဆိုတာ ပထမနေ့ သူက ဖခင်ကို တရားနာလိုက်ဖို့ တိုက်တွန်း၊ ဟော ဒုတိယနေ့ကျတော့ ဖခင်ကြီး သူ့ဆန္ဒနဲ့သူ တရားနာသွားဖို့ ဆော်ဩလာပြီး ဒါတွင်မကသေးဘူး၊ တရားစခန်း (၇)ရက်မြောက်တဲ့နေ့ နေ့လယ် ၂ နာရီအချိန် ထက်ထက်အောင်က သူ့အဖေ လက်ကိုဆွဲပြီး ဘုန်းကြီးဆီရောက်လာပါရော၊ ပြီးတော့ ဘုန်းကြီးကို သူ့အဖေနဲ့ မိတ်ဆက်ပေး၊ သူသိချင်တဲ့ သရဏဂုံသုံးပါးအကြောင်း ကိုးကွယ်မှုဆိုင်ရာနှင့် သံသရာလို့ ဘာကြောင့်ခေါ်ရတာလဲဆိုတဲ့ အဓိပ္ပာယ်၊ ဘုန်းကြီး ဦးပဥ္ဇင်း ခေါ်ရပုံ နေ့လယ် ၁၂ နာရီထိုးပြီး သစ်သီးဝလံတွေ ဘုရားနားတင်ထားတာ ဝိကာလဘောဇန သိက္ခာပုဒ်နဲ့ ငြိမငြိ၊ အောင်မယ်လေး မေးတတ်လိုက်တာ၊ ကလေးနဲ့ မလိုက်အောင် မေးတတ်လိုက်တာ ဘုန်းကြီးတို့ကို အံ့ဩ ယူရော၊ ကဲ–နာမည်နဲ့လိုက်အောင် ထက်မြက်ပါဘိ။

နေ့လယ် ၂ နာရီကနေပြီး ညနေ ၄ နာရီထိ သူမေးသမျှ သာသနာရေး၊ ဘာသာရေး၊ ကိုးကွယ်မှုဆိုင်ရာ ဘုန်းကြီးတို့လည်း စိတ်ရှည်ရှည်နဲ့ ဖြေပေး၊ အဖေကြီး ဖြစ်တဲ့လူက ဘေးနားက နားထောင် သမီးကို ပြုံးစိစိ

ဖြေသမျှ သဘောကျ ဝမ်းသာအားရနဲ့ စောင့်ကြောင့်ထိုင်ပြီး "အရှင်ဘုရား တပည့်တော်ကို ခွင့်လွှတ်တော်မူပါဘုရား၊ တပည့်တော်ဟာ ခရစ်ယာန် ဘာသာဝင်တစ်ယောက် ဖြစ်ပါတယ်ဘုရား၊ အရှင်ဘုရား ဟောကြားအပ်တဲ့တရား ကို ဒီသမီးလေး ကျေးဇူးကြောင့် ခြောက်ညတိတိ နာခဲ့ရပါတယ်ဘုရား၊ နဂိုက မသိခဲ့ရတဲ့ အသိဉာဏ်တွေ လည်း ထိုက်သည့်အားလျော်စွာ ရခဲ့ပါပြီဘုရား၊ အရှင် ဘုရားဟောတဲ့ "ဗုဒ္ဓမိန့်ခွန်းလူလေးထွေ"ဆိုတဲ့ တရားကို နာကြားပြီး လူသားစစ်စစ်တစ်ယောက် သိရမဲ့ အသိဉာဏ် တွေ ရလိုက်လို့ ငါ အခုမှ လူစင်စစ်ဖြစ်ပါရောလားလို့ ကိုယ့်ကိုယ်ကို သုံးသပ်မိပါတယ်ဘုရား၊ ဒါကြောင့် တပည့် တော်ကို သနားသောအားဖြင့် ဗုဒ္ဓဘာသာအဖြစ် ခံယူခွင့် ပြုတော်မူပါဘုရားလို့" လျှောက်လဲလျှောက်လိုက်ရော အဲဒီမှာ သမီးဖြစ်တဲ့ ထက်ထက်အောင် အိခနဲ ငိုချလိုက်တယ်။

"ဟဲ့ သမီး ထက်ထက်ဘာဖြစ်လို့ မျက်ရည်တွေ ကျ ငိုနေရတာတုံးကွယ့်"

"သမီး သမီး ဝမ်းသာလွန်းလို့ပါ ဘုန်းဘုန်းရယ်"

"သမီးလေ အခုချိန် သေမယ်ဆိုရင် သေပျော်ပါပြီ ဘုန်းဘုန်းရယ်"

"သမီးလေး ဖေဖေနဲ့ မေမေကို တရားနဲ့ ကျေးဇူး ဆပ်ခွင့် ရခဲ့ပြီ"

အဲဒီတွင် ဖခင်ဖြစ်သူ ဦးဇော်နီက သူ့သမီးကို

"ကဲကဲသမီးအလိမ္မာလေး အာဂသမီးလေး ဖေဖေ တို့ မွေးရကျိုးနပ်လိုက်တာကွယ်၊ တိတ်တော့နော်၊ ဖေဖေ ဗုဒ္ဓဘာသာအဖြစ် ခံယူတော့မယ်"

အဲဒီအချိန် ဘုန်းကြီးသချာ အကဲခတ်ကြည့်တယ်၊ ဩော်... သမီးကို ချော့နေတဲ့ ဖခင်ရဲ့ အနေအထားက "အငိုမျက်လုံး အပြုံးမျက်နှာ"ကြီးနဲ့ပါလား၊ ဒီလိုနဲ့ ဦးဇော်နီရဲ့ နှလုံးသားထဲ သရဏဂုံသုံးပါး တည်ကိန်းလာ အောင် ဘုန်းကြီးကရှေ့ကတိုင်ပေး၊ ဦးဇော်နီက နောက်က လိုက်ဆို အသံဓာတ်က လှိုက်မောတုံခါလို့ ကြည့်စမ်း ပကာသနမပါတဲ့ ထေရဝါဒစစ်စစ်တို့ရဲ့ ဗုဒ္ဓဘာသာ ခံယူပွဲ ဘယ်လောက် အေးချမ်းလိုက်သလဲ။

ကြည့်စမ်း မိဘကို တရားနဲ့အညီ ကျေးဇူးဆပ်တဲ့ အပြင် ဗုဒ္ဓဘာသာအဖြစ် ခံယူနိုင်လောက်အောင် စွမ်း ဆောင်နိုင်တဲ့ ထက်ထက်အောင်က "ကျေးဇူးကိုဆပ် သမီးမြတ်"ဆိုတဲ့ ဂုဏ်ပုဒ်နဲ့အညီ ဒီလို မိန်းကလေးမျိုး လောကမှာ ပေါသလား၊ ရှားသလား ဖြေကြည့်ကြစမ်းပါ။


"ရှားပါ့ဘုရား"


ဒါကြောင့် ဒီကနေ့ညဟောတဲ့ တရားနာမည်က ဘာတဲ့

"သူလိုမိန်းမသား ရှားမှရှားပါဘုရား"

ဒီတရားကို နာကြားကျေးဇူးဆပ်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်နော်။

"မှန်ပါဘုရား"





# ဘက်စုံထူးချွန် ထက်မြက်သူ

ဒီတော့ တို့အားလုံးသော မိဘများအနေနဲ့ သားသမီးတွေ လိမ္မာယဉ်ကျေးစေချင်တယ်ဆိုရင် ငယ်ငယ်အရွယ် ရိုးနုနယ်တဲ့အချိန်ကစပြီး သွန်သင်ညွှန်ပြ ဆုံးမဩဝါဒပေးရမယ်။

အင်း လိမ္မာယဉ်ကျေးအောင် ဆုံးမမယ်ဆိုပြန်တော့လည်း မိဘကိုယ်တိုင်ကလည်း ဘာသာယဉ်ကျေးမှုအမွေရှိထားဦးမှ၊ မိဘကမှ ဘာသာယဉ်ကျေးမှု အသိတရားမရှိရင် သားသမီးကို ဘာအမွေပေးမလဲ။

"ပေးလို့မရပါဘုရား"

အခုဆိုကြည့်စမ်း၊ ဖခင်ကို ဗုဒ္ဓဘာသာဖြစ်အောင် ကျေးဇူးဆပ်တုန်းကဆို အသက်မှ ၁၂ နှစ် ၆ တန်း ကျောင်းသူ အရွယ်ပဲ ရှိသေးတယ်၊ တော်လှချည်လား အောင့်မေ့တယ်။

"လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ" ဆိုတဲ့အတိုင်း မိခင်ဖြစ်သူ အငြိမ်းစား ကျောင်းဆရာမကြီး ဒေါ်နန်းရွှေအိမ်ရဲ့ ရင်အုပ်မကွာသွန်သင်ဆုံးမမှုကို ခံယူပြီး ကြိုးစားခဲ့လို့လည်း အရာရာတိုင်းမှာ ထိပ်တန်းကချည်း အောင်မြင်တာပေါ့။

မိခင်ဖခင်ကျေးဇူးရှင်တို့ရေ သားသမီးတွေကို အချစ်စစ်နဲ့ ချစ်တတ်စေချင်တယ်ဗျ၊ တချို့မိဘတွေက မချစ်တတ်ဘူးသိလား၊ သားသမီးပူဆာသမျှ အားလုံး အကောင်းအဆိုးမဝေဖန်ဘဲ လက်ဖြန့်တိုင်း ပိုက်ဆံပေးနိုင်ရင် ငါ အမေဖြစ်ပြီ၊ ငါအဖေဖြစ်ပြီလို့ ယူဆထားကြတဲ့ မိဘတွေ၊ လောကမှာ ဒုနဲ့ဒေး မရှိဘူးလား ရှိသလား။

"ရှိပါတယ် ဘုရား"

ဒါကြောင့်လည်း ရှေးပညာရှိကြီးတွေက စာစပ်ခဲ့တာပေါ့

"ငယ်စဉ်ကာလ မိဘတို့ တတ်မသင်၊ စင်စစ်ကယ်

ရန်သူတဲ့၊ ဉာဏ်ရှိသူ ဗိုလ်လူထဲ ပွဲကြော့မဝင်၊ ဟာသ်ာခွင် တောင်စင်ဖြူလွှ လည်ပင်းခြေရှည်နှင့် ပုံမှုနည် အော်အော် ရိုင်း၊ ဗျိုင်းနှင့်တူစွ"သားသမီးကို ငယ်ကတည်းက လိမ္မာ အောင် ယဉ်ကျေးအောင် ပညာတတ်အောင် သင်မပေးတဲ့ မိဘဟာ "သားသမီးရဲ့ရန်သူ"။

ပညာရှိသူတော်ကောင်းတွေနဲ့ နီးစပ်ရမှာကို ကြောက်လာပြီး အရိုးကရင့်လာတော့ မိဘကို အဘိုးကြီးက အဘွားကြီးက ခင်ဗျားကြီးကနဲ့ လူပုံအလယ် အရှက်ခွဲပြီး အသံထွက်ကိုက ဗျိုင်းလိုပဲ ကြမ်းတမ်းလာပြီ။

လူငယ်တွေ ဒီလိုဖြစ်ရတာ ဘယ်သူတွေရဲ့ အား နည်းချက်လဲ စဉ်းစားနော် "သားသမီးတွေအတွက် မိဘရဲ့ အရိပ်ဟာ အအေးမြဆုံး၊ အလုံခြုံဆုံး၊ ခိုနားစရာ အကောင်း ဆုံးပါပဲ" အခုဆို ကလေးတွေရဲ့ ဘ၀အကျိုးပေးဟာ ဘယ်လောက် သနားစရာကောင်းလဲ၊ စဉ်းစားကြည့်ကြ နော်၊ မနက်မိုးမှမလင်းသေးဘူး ၅ နာရီခွဲ ၆ နာရီ ကျူရှင်သွား ကျူရှင်ကပြန်တော့ အမေ့မျက်နှာ မမြင်ရဘူး၊ အမေက ဈေးသွား၊ ဒါနဲ့ အိမ်ဖော်ပြင်ပေးတဲ့ ထမင်းကို ကဗျာကယာစား၊ လွယ်အိပ်လွယ် ကျောင်းတက်၊ ညနေ ကျောင်းဆင်းတော့ အမေက ဈေးက ပြန်မလာသေး၊ ဒါနဲ့ အိမ်ဖော်ခူးကျွေးတဲ့ ထမင်းကိုစား၊ ကျူရှင်ပြေး ည ၇ နာရီ ၈ နာရီ အိမ်ပြန်ရောက်။

ဆရာမက အသင့်စောင့်နေ၊ စာကျက်ရင်းနဲ့ အိပ်ပျော် တစ်နေ့တာအတွက် ဒီကလေးမှာ "အမေလို့ အားရအောင်ခေါ်ပြီး အမေ့ရင်ခွင်အေးရိပ်မှာ မှေးမှိတ်ဖို့ ဘယ်နှစ်မိနစ်များ ခိုလှုံခွင့် ရလိုက်လဲ။"

စဉ်းစားကြည့်ကြနော် လူကြီးမိဘတွေ ဘက်ကို ပြန်ကြည့်လိုက်ဦး၊ ည ၇ နာရီဆို တီဗီရှေ့ ကိုရီးယား၊ တရုတ်တွေနဲ့ မိတ်ဖွဲ့နေလိုက်တာများ သမီးကြီးတွေနဲ့ ကလေးက ကျူရှင်ပြန်လို့ မေ့ရင်ခွင်ပြေးဝင်မိတော့ "သွား နင့်အရာလား ဟိုမှာ ဆရာမ စောင့်နေတယ် စာကျက်"

အော်လွတ်ငေါက်လွှတ်၊ အဖေတို့အမေတို့ရယ် တကယ်တော့ သားသားမီးမီးတို့ကလေ ဇာတ်ကား ကြည့်ချင်လို့ မဟုတ်ပါဘူး၊ အဖေအမေမေတ္တာကို ရမလား လို့ ရင်ခွင်ထဲပြေးဝင်မိတာပါ၊ ဟုတ်မဟုတ် သိချင်ရင် ကလေးမျက်လုံးအစုံ တီဗွီကို ကြည့်နေလား မေ့မျက်နှာ ကို မော့ကြည့်နေလားဆိုတာ နည်းနည်းလေး အကဲခတ် ကြည့်လိုက်ပါ၊ သိလာပါလိမ့်မယ်။

အဖေတို့အမေတို့ရယ် တောင်းပန်ပါတယ်၊ တစ်နေ့ တာအတွက် အဖေတို့အမေတို့ရဲ့ မေတ္တာသက်နဲ့ အေးမြတဲ့ ရင်ခွင်မှာ သားသမီးကို ဆွဲသွင်းပြီး နွေးထွေးယဉ်ကျေးသာ ယာတဲ့စကား အလှဟာ သားသမီးတွေအတွက် လိမ္မာ ယဉ်ကျေးဖို့ ခွန်အားတစ်ရပ်ပါပဲ လုပ်ကြည့်လိုက်ပါဗျာ။

ဩော်... ခက်တယ်ခက်တယ်၊ သားသမီးမရှိတဲ့ ဘုန်းကြီး ကတုံးကြီးက သားသမီးပိုင်ရှင် မိဘတွေကို ချစ်တတ် အောင် သင်ပေးနေရတာ တယ်ဟန်မကျပါဘူး။

ဟိုမှာကြည့် ထက်ထက်တို့သားအမိ အမေကလည်း သွန်သင်လိုက်၊ သမီးကလည်း ကြိုးစားလိုက်နဲ့ ၃ တန်း ကျောင်းသူဘဝ "နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း" တက်ရောက်သင်ယူဖြေဆိုလိုက်တာ မြို့နယ် ပထမ ရတယ်၊ ယဉ်ကျေးမှုနယ်ပယ်က ကြည့်လိုက်ဦး ရှစ်တန်းကျောင်းသူအထိ ဆန်းပြားတဲ့ မလုံ့တလုံ ရှေ့ကွဲ နောက်ကွဲ အဝတ် ဘာမျှမဝတ် မင်္ဂလာတရားတော်နဲ့အညီ နေတယ်။

"ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း၊ သည်းခံလေ၊ ကျိုးကြောင်းပြည့်ွန်၊ ဆုံးမစကားကို ပြော ကြားလာက နာလွယ်စေ၊ သူမြတ်ပုဂ္ဂိုလ်ဟူသမျှကို မကြာခဏ တွေ့ဆုံလေ၊ သဘာဝတွေး၊ မှန်ကန်ရေး ဆွေးနွေးမပြတ်ပေ၊ အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့ မင်္ဂလာတွေ" ဆိုတဲ့ ရှင်တော်မြတ်ဗုဒ္ဓရဲ့ ဆုံးမဩဝါဒအတိုင်း အမေ ကလည်း သင်လို့ သမီးကလည်း လိုက်နာလို့ ဒါမျိုး အားကျပြစမ်းပါ၊ မိဘများနဲ့ သားသမီးတို့ရယ်။

"မှန်ပါ့ဘုရား"


မှန်ပါဘုရား နောက်မှထား လက်တွေ့ကျင့်ဖို့ လိုတယ်နော်၊ အနုပညာနယ်ပယ်က ကြည့်လိုက်ဦး နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဆို က ရေး တီး ပြိုင်ပွဲမှာ အခြေခံအဆင့် မူလတန်းအဆင့် အလယ်တန်း ပြိုင်ပွဲတွေမှာ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ပြည်နယ်အထိ ရောက်ဆောင် ထူးချွန်စွာဖြင့် ပြိုင်ပွဲတွေ ဝင်ပြီး အောင်ပန်းတွေ ဆင်နိုင်ခဲ့တယ်။


အသက်မွေးဝမ်းကြောင်းပညာ နယ်ပယ်က ကြည့်လိုက်စမ်း၊ မိန်းကလေးတို့ တတ်အပ်တဲ့ ဇာထိုးပန်းထိုး စက်ချုပ်နဲ့ ချက်ပြုတ်မှုပိုင်းဆိုင်ရာ ဘက်စုံထူးချွန် အောင် ကြိုးစားတဲ့ကလေး၊ ဒီကြားရှစ်တန်းနှစ်မှာ ကွန်ပျူတာ သင်တန်းက တက်လိုက်သေးတယ်။

ဘာသာရေးနယ်ပယ်က ကြည့်မယ်ဆိုရင်လည်း ယဉ်ကျေးမှုသင်တန်း မင်္ဂလာမောင်မယ်သင်တန်း၊ အဘိဓမ္မာသင်တန်းနဲ့ နွေရာသီဘုန်းကြီးတို့ ဖွင့်လှစ်တဲ့ မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်း၊ သီပေါက ဆရာမကြီး ဒေါ်နန်းသန်းပွင့်(အငြိမ်းစား ဆရာမကြီး)၊ ဦးစီးဖွင့်လှစ်တဲ့ ၁၀ ရက်တရားစခန်း မေမေ ဒေါ်ဒေါ် တို့နဲ့အတူ ၃ နှစ်ဆက်တိုက် ဝင်ရောက်အားထုတ်၊ ဒါကြောင့်လည်း **"စံပြကျောင်းသူ လူရည်မွန် ဘက်စုံထူးချွန် ထက်မြက်သူ"** လို့ ဂုဏ်ပြုခံရတာပေါ့။ ကြိုးစားကြစမ်းပါ၊

သားတို့သမီးတို့ရယ်၊ အားလုံးကိုလေ ဘုန်းဘုန်းကလူတော် လူကောင်းတွေ ဖြစ်စေချင်လွန်းလို့ တစ်နိုင်ငံလုံးလှည့်ပြီး အပင်ပန်းခံ တရားနဲ့ ကျေးရူးဆပ်နေတာ။

"ကျေးရူးများလှပါ ဘုရား"





## လေးအင်ပြည့်ဝ အောင်မြင်ရ

လောကကြီးမှာ အခုလိုပညာရေး၊ ဘာသာရေး၊ အနုပညာ၊ အသက်မွေးဝမ်းကျောင်းပညာ ဘက်စုံထူးချွန်တဲ့ မိန်းကလေးမျိုး ပေါ်သလား၊ ရှားသလားဟော့။

"ရှားပါတယ်ဘုရား"

ဒါကြောင့် ပညာရေးဘက်မှာလည်း ထူးချွန်၊ ဘာသာရေးဘက်မှာလည်းထူးချွန်၊ အနုပညာဘက်မှာလည်းထူးချွန်၊ နောက်ပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်မှာလည်း ထူးချွန်ထက်မြက်တဲ့ ဂုဏ်အင်လေးဝနှင့်ပြည့်စုံတဲ့ သမီးလေး၊ အောင်မြင်မှုတွေ အဆင့်ဆင့်ရခဲ့တဲ့ သမီးလေး ကြားရသူတွေ ဘုန်းကြီးတို့တစ်တွေက ဝိုင်းဝန်းပြီး ဂုဏ်ပြုကြတယ်၊ ချီးမွမ်းကြတယ်ပေါ့။

အများအကျိုး မိမိအကျိုးဆိုတဲ့ ပစ္စုပ္ပန်သံသရာနှစ်ဖြာကောင်းကျိုးတိုးတက်စေဖို့ ကြိုးစားနေတဲ့ ပုဂ္ဂိုလ်များအတွက် တစ်နေ့တာအတွက် ၂၄ နာရီဆိုတာ တိုတောင်းလှပါတယ်။

ရခဲတဲ့ လူ့ဘဝမှာ အလကားအချိန်တွေ မဖြုန်းလိုက်ကြပါနဲ့၊ တချို့ကလေးတွေ လက်ဖက်ရည်ဆိုင်ထိုင်ပြီး စီးကရက်လက်ကြားညှပ်၊ စတိုင်အမျိုးမျိုး ထုတ်ပြီး တန်ဖိုးရှိတဲ့အချိန်တွေ ဖြုန်းတီးနေလိုက်ကြတာ နှမြောစရာကောင်းလိုက်တာ ကလေးတို့ရေ၊ ထက်ထက်အောင်လေးလို မိန်းကလေးမျိုးတွေကို အားကျသင့်တယ်နော်၊ အချိန်ကို အအားမထား၊ ကြိုးစားရင်းက ရှစ်တန်း ကျောင်းသူဘဝရောက်လာတဲ့ ထက်ထက်တို့ သူငယ်ချင်း တစ်သိုက်ပြောဆိုခဲ့ကြပုံလေး လူငယ်တွေအတွက် ဘယ်လောက် မှတ်သားစရာ ကောင်းလဲဆိုတာ နားထောင် ကြည့်စမ်း

"တစ်နေ့ သူ့သူငယ်ချင်း မိန်းကလေးတွေ ပြောကြတယ်"

"ဟဲ့ မိထက် နင့်မှာလည်းဟယ်၊ အားရတယ် နားရတယ်လို့ မရှိဘူး၊ နင့်ကိုကြည့်ပြီး ငါတို့ မောလိုက်တာ"

"တစ်ခါတလေများ လူငယ်ပီပီ လွတ်လွတ်လပ်လပ်ကလေး နေစမ်းပါ"

"နင်တို့ပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ့မေမေက ငါ့ကို ဘယ်စုံထူးချွန်တဲ့သူ ဖြစ်စေချင်တာ ငါကိုယ်တိုင်ကလည်း ထူးချွန်ချင်တာ သိလား"

"ဒါတော့ ဟုတ်ပါတယ်၊ နင့်ကို ငါတို့ ကြည့်ရတာ တစ်နေ့တခြား နည်းနည်းပိန်သွားသလိုပဲ၊ နင် ကျန်းမာရေး ကောင်းရဲ့လား"

"ကောင်းပါတယ်"

"တော်ကြာ လှေလှော်ရင်း တက်ကျိုးဆိုတာလို ဖြစ်မှာကို ငါတို့ သိပ်စိုးရိမ်တယ်သိလား"

"နင်တို့ရဲ့ စေတနာကို ငါ နားလည်ပါတယ်၊ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ့မယ်ဟယ်"

"ဟို ဆရာသမားတွေ ဆုံးမထားတဲ့ စကား လက်ဆောင်တစ်ခု ရှိတယ်သိလား"

"ဘာတဲ့လဲ"

**"ဒီလိုလေ အလကားနေရင် အလကားပဲ၊ အလကားလူဖြစ်မှာပဲတဲ့၊ ငါလေ အလားလူဖြစ်မှာ သိပ်ကြောက်တယ်သိလား"**

ကိုင်း ကြည့်စမ်း ဒီအသိဉာဏ်တွေ ဒီအတွေးအခေါ်တွေ ဒီကလေး ဘယ်ကရသလဲ စဉ်းစားနော်၊ တရားနာခြင်း၊ တရားနှင့်စပ်သော ဓမ္မစာပေများဖတ်ခြင်းဆိုတဲ့ ရင်းနှီးမြှုပ်နှံမှု မရှိဘဲနဲ့ အသိဉာဏ်ရင့်ကျက်ခြင်းဆိုတဲ့

အမြတ်အစွန်း ရနိုင်ပါ့မလား။

"မရနိုင်ပါဘုရား"

ဒါကြောင့် တို့လူကြီးမိဘ သားငယ် သမီးငယ်များ မိမိရဲ့ဘဝကို တစ်ဆစ်ချိုး အကောင်းဘက်မှာ ပြောင်းလဲစေနိုင်တဲ့ အသိပညာပေး ဓမ္မစာပေနဲ့ အသိပညာပေး တရားဒေသနာများကို အချိန်ရရင် ရသလောက် နာယူမှတ်သား ဖတ်ရှုလေ့လာပေးကြပါလို့ လေးစားတိုက်တွန်းတယ်နော်။

"မှန်ပါ့ဘုရား"

ရှေးပညာရှိများဆိုခဲ့ဖူးတယ် မဟုတ်လား။

**"ဓမ္မ စကား နေ့တိုင်းကြားက**

**စိတ်ထားဖွေးလက် သိဉာဏ်ထက်၏"**တဲ့ ။

ဒါကြောင့် တို့ယောဂီများ လောကီအလုပ်ပဲဖြစ်ဖြစ် လောကုတ္တရာအလုပ်ပဲဖြစ်ဖြစ် အများအကျိုး သယ်ပိုးချင်တဲ့ မြင့်မြတ်သော ရည်ရွယ်ချက် ထက်သန်သော ဝီရိယ လောကီလောကုတ္တရာ ခိုင်မာသောစိတ်ဓာတ်၊ တိကျစွာ ဆုံးဖြတ်နိုင်တဲ့ ပညာနဲ့သာ ကြိုးစားသွားကြမယ်ဆိုရင် အမျိုးသားဖြစ်စေ အမျိုးသမီးဖြစ်စေ အရာရာ အောင်မြင်နိုင်တဲ့အပြင် သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်နန်းကို ကူးမြောက်နိုင်ကြပါတယ်ဆိုတာ သေချာမှတ်ပါ။

"မှန်ပါဘုရား"





# သက်သေထင်ရှား ထေရီများ

ဘုရားရှင် လက်ထက်တော်က ဖြစ်ပျက်သိမြင် နိဗ္ဗာန် ဝင်သွားကြတဲ့ အမျိုးသမီးတွေထဲက ထင်ရှားတဲ့ ပုဂ္ဂိုလ် ခုနစ်ယောက်။ ယောဂီတို့ ကြားဖူးနားဝ ရှိကြတယ် မဟုတ်လား။

**ခေမာ ဥပ္ပလဝဏ္ဏာစ၊ ပဋာစာရာစ ကုဏ္ဍလာ။**
**ကိသာဂေါတမီ ဓမ္မဒိန္နာ၊ ဝိသာခါ ဟောတိသတ္တမီ။**

ဒီ အမျိုးသမီး ခုနစ်ယောက်က မြတ်စွာဘုရား သာသနာတော်မှာ အင်မတန်မှ ထင်ရှားတဲ့သူတွေ။ သူတို့ အထဲက ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ပဋာစာရာထေရီ၊ ကုဏ္ဍလကေသီထေရီ၊ ကိသာဂေါတမီထေရီ၊ ဓမ္မဒိန္နာ ထေရီဆိုပြီးတော့ ရဟန္တာထေရီမကြီးတွေက ခြောက်

ယောက်။ နောက်တစ်ယောက်က ဝိသာခါ ကျောင်းအစ်မ ကြီးတစ်ယောက်ပဲ သောတာပန်အရိယာဖြစ်တယ်၊ ကျန်တဲ့ ခြောက်ယောက်က အားလုံး ဇာတဂ်ရ ရဟန္တာထေရီမကြီး တွေ ဖြစ်တာနော်၊ အနိမ့်ဆုံး ဝိသာခါက သောတာပန်တော့ ဖြစ်သေးတယ်။

ဒီတော့ ဒီဘဝ ဘယ်လောက်ပဲ တရားအားထုတ် အားထုတ် ဘယ်လောက်ပဲ ကြိုးစားကြိုးစား သောတာပန် မဖြစ်နိုင်ပါဘူးကွာလို့ ပြောနေကြတာ မှန်ရဲ့လား?

"မမှန်ပါဘုရား"

အမျိုးသမီးဖြစ်နေလို့ နိဗ္ဗာန်မရပါဘူးလို့ ပြောနိုင် ရဲ့လား?

"မပြောနိုင်ပါဘုရား"

မြတ်စွာဘုရားလက်ထက်တော်က ဝိသာခရဲ့ဇနီး ဓမ္မဒိန္နာအရှင်မကိုပဲ ကြည့်လေ ရာဇဂြိုဟ်ပြည်မှာ ဝိသာခ သူဌေးနှင့် ဓမ္မဒိန္နာသူဌေးကတော်ဆိုတာ ရှိတယ်။ ဒီဝိသာခ သူဌေးနဲ့ ကျောင်းအစ်မကြီး ဝိသာခါနဲ့က နာမည်ဆင်တူ တာပဲရှိတယ်နော်၊ ဘာမှ မတော်စပ်ဘူး။ သူဌေးနာမည် က ဝိသာခ၊ ကျောင်းအစ်မကြီးနာမည်က ဝိသာခါ၊ ခ နဲ့ ခါနဲ့ ကွာတယ်နော်။ သတိပြုပြီးတော့ မှတ်ပါ။

ဝိသာခနဲ့ ဓမ္မဒိန္နာ ဇနီးမောင်နှံဟာ အင်မတန်မှ ပစ္စည်းဥစ္စာတွေကလည်း ပေါများလိုက်တာ၊ ချမ်းသာ

လိုက်တာ။ အလွန် အင်မတန်မှ ကြွယ်ဝချမ်းသာတဲ့ ဓနိုး မောင်နှံပေါ့။ ရာဇဂြိုဟ်မြို့ကြီးက သူဌေးမင်းနဲ့ သူဌေးကတော် ဆိုတော့ မြို့မျက်နှာဖုံး ထင်ပေါ်ကျော်ကြား လူသိများတဲ့ မင်းပေါက်စိုးပေါက်တွေပေါ့။ သူဌေးဆိုတော့ ရာဇဂြိုဟ် ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရမင်းကြီးနဲ့ သိပ်ပြီး ရင်းနှီးချစ်ခင် တဲ့ မိတ်ဆွေသူငယ်ချင်းတွေတဲ့။

အဲဒီဘုရင် ဗိမ္ဗိသာရမင်းဆိုတာကလည်း မြတ်စွာဘုရားကို သိပ်ကြည်ညိုတယ်။ သူက ဘုရားမဖြစ်ခင် ဘုရားအလောင်း ဘဝကတည်းက ကြည်ညိုနေတာ။ ဘုရားအလောင်းကိုပဏ္ဍဝ တောင်ခြေမှာ တွေ့ကတည်းက ထီးနန်းစည်းစိမ် တစ်ဝက်ခွဲပေးပါမယ် သူနဲ့အတူ ဘုရင်လုပ်ရအောင်လို့ ဖိတ်ကြားခဲ့တဲ့ ဘုရင်။ ဘုရားအလောင်းက လက်မခံတော့မှ ဘုရားဖြစ်ရင် တပည့်တော်ရဲ့ တိုင်းပြည်ကို ကြွတော်မူခဲ့ပါလို့ ဖိတ်ကြား သွားခဲ့တဲ့ ဘုရင်နော်။

အဲဒီမှာ ဘုရားကိုယ်တော်မြတ်က မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့မှာ ဘုရားအဖြစ်ကို ရောက်တော်မူလို့ မိဂဒါဝုန်တောမှာ ပထမဆုံး ဝါကပ်တော်မူတယ်။ ဝါကျွတ်ပြီဆိုတော့ ဒေသစာရီ လှည့်လည်တော်မူရင်း ပြာသို လပြည့်နေ့မှာ ရာဇဂြိုဟ်ပြည်ကို ရောက်တော်မူတယ်။ ရောက်တယ်ဆိုရင်ပဲ ဗိမ္ဗိသာရမင်းကြီးနဲ့ မျူးမတ်ဗိုလ်ပါတွေ ရာဇ ဂြိုဟ်မြို့သူမြို့သားတွေ မြတ်စွာဘုရားကို

ခရီးဦးကြို့ဆို မြတ်စွာဘုရားက တရားခမ္မဟောပြ ချေချွတ်တော်မူတော့ အဲဒီတရားနာ ပရိသတ်ထဲမှာ ဝိသာခသူဌေးလည်း ပါတာပေါ့။ သူက ဘုရင်နဲ့ သူငယ်ချင်း အရင်းကြီးကိုး။

အဲဒီမှာ ဝိသာခသူဌေး မင်းပရိသတ်နဲ့အတူ တရားနာ တရားတွေထိုင် တရားတွေ အားထုတ်ပြီဆိုတော့ ဘုရားဟောကြားတော်မူတဲ့ တရားဆိုတာကလည်း တခြားတရားလား၊ သစ္စာတရားလား?

"သစ္စာတရားပါဘုရား"

သစ္စာတရားတွေ ဟောကြားတော်မူလိုက်တော့ သစ္စာတရားဆိုတာ ဘယ်မှာရှိတာပါလိမ့်။

"ခန္ဓာမှာရှိတာပါ ဘုရား"

ခန္ဓာမှာ ဘာသစ္စာလဲဆိုတော့ ဒုက္ခသစ္စာ။ ဒုက္ခသစ္စာဆိုတဲ့ စကားလုံးကို ပုဒ်ခွဲလိုက်ရင် ဒု–ရယ်, ခ–ရယ်, သစ္စာရယ်။

ဒု=စက်ဆုပ်စရာ၊ ခ=အသုံးမကျတာ။ သစ္စာ=အမှန်။ ဒီခန္ဓာကိုယ်ထဲမှာလေ ဘာတွေ စုဝေးနေတာလဲ မေးရင် စက်ဆုပ်စရာ အသုံးမကျတာ အမှန်တွေ။

ကြည့်စမ်း ခန္ဓာကိုယ်ကြီး ပြင်လိုက်ရတာ ဆင်လိုက်ရတာ၊ ယုယလိုက်ရတာ၊ စောင့်ရှောက်လိုက်ရတာ၊ မျက်လုံးတွေများ အမျိုးမျိုး ခြယ်သလိုက်ကြတာ၊ အစစ်

တွေနုတ် အတုတွေတပ်လို့ အမျိုးမျိုး လုပ်နေကြတာလေ။

ကော့ညွတ်ကွေးလို့ အင်မတန်မှ လှပပါတယ် ထင်ထားတဲ့ ဟောဒီ မျက်တောင်ကြားထဲက ရွှေသမင် မျက်လုံးနဲ့တူပါတယ်၊ တင့်တယ် ချစ်စဖွယ် ကောင်းပါ တယ်ဆိုတဲ့ ဟောဒီ မျက်လုံးကြားထဲက ထွက်လာတာ ဘာတွေလဲ?

"မျက်ချေးပါဘုရား"

ဘုန်းကြီးတို့ ခန္ဓာကိုယ်မှာ စားလေသမျှ ဖြစ်တည် လာသမျှ အရာအားလုံးတွေဟာ သုဘာတွေလား၊ အသုဘ တွေလား?

"အသုဘတွေပါ ဘုရား"

အသုဘဆိုရင် ဘယ်ကို ပို့ရမှာလဲ။ သင်္ချိုင်းကုန်း ပို့ရမှာနော်။ သေသွားတဲ့ အသုဘကောင်တွေ ဆိုရင်လည်း အခေါင်းထဲထည့်၊ မီးသင်္ဂြိုဟ်ရင် သင်္ဂြိုဟ်၊ အမှတ်တရ ဂူသွင်းထားရင်ထား။ အဲဒီဂူထဲမှာ ဘာတွေထည့်ထားသလဲ ဆိုရင် အသုဘတွေ ထည့်ထားတာ။

ယောဂီတို့ရဲ့ကိုးပေါက်ဒွါရ ခန္ဓာအိမ်ကြီးထဲမှာ ဘာတွေ ရှိပါလိမ့်?

"အသုဘတွေ ရှိပါတယ်ဘုရား"

ဒါဖြင့် ယောဂီတို့ရဲ့ ခန္ဓာအိမ်ကြီးက ဘာနဲ့တူပါ လိမ့်?

"ဂူနဲ့တူပါတယ် ဘုရား"

အဲဒါမျိုးဗျာ။ ဂူနဲ့တူတဲ့ ခန္ဓာကိုယ်ကို ရှင်မတောင် သနပ်ခါးလေးနဲ့ ခုခေတ်ဆို ပရိုမီနာတို့အာချီတို့နဲ့ အမျိုးမျိုး ခြယ်သနေလိုက်ကြတာလေ။ အဲဒါ ဘာလုပ်နေတာလဲ ဆိုတော့ ဂူကို ဆေးသုတ်နေကြတာဗျ။

ဒကာမကြီးတွေ လိမ်းဟာ ခြယ်ဟာ ပြင်ဟာ ဆင်ဟာ လုပ်နေကြတာ ဂူဆေးသုတ်နေကြတာပဲ။ ဘယ်နှယ့်ဘုန်းကြီးက တပည့်တော်မတို့ ခန္ဓာအိမ်ကြီးကို ဂူနဲ့တူတယ်၊ ခန္ဓာကိုယ်ကို ပြင်နေဆင်နေကြတာ ဂူကို ဆေးသုတ်တာနဲ့တူတယ်လို့ ပြောရပါ့မလားဆိုပြီး မကျေမနပ်ဖြစ်မနေကြနဲ့၊ ဒကာမကြီးတွေရဲ့ ခန္ဓာကိုယ်ကြီး သင်္ချိုင်းကုန်းနဲ့တူပုံ ပြောပြဦးမယ်။

ဟိုလူတွေသေတော့ သင်္ချိုင်းပို့တယ်နော်။ ကြက်တွေသေတော့ ဘယ်သင်္ချိုင်းပို့သလဲ၊ လူ့ပါးစပ်ထဲပို့လိုက်တာ မဟုတ်လား၊ ဝက်တွေသေတော့ရော လူ့ပါးစပ်ထဲပို့ ပုရစ်တွေ သေတော့ရော လူ့ပါးစပ်ထဲပဲပို့၊ သေချင်တဲ့ တိရစ္ဆာန်၊ သေချင်တဲ့ သတ္တဝါတွေ သေလိုက်စမ်း၊ ဟောဒီ လူ့ပါးစပ်ထဲပဲ ရောက်တာ မဟုတ်လား?

"ရောက်ပါတယ်ဘုရား"

နောက်ဆုံး လယ်ကြွယ်သေလည်း လူ့ပါးစပ်၊ စာကလေးသေလည်း လူ့ပါးစပ်။ ဟာ...ယောဂီတို့

ဘုန်းကြီးတို့ ပါးစပ်ကြီးက သတ္တဝါပေါင်းစုံ သဂြိုဟ်ရာ ဘာကြီးနဲ့တူနေပါလိမ့်?

"သင်္ချိုင်းကုန်းကြီးနဲ့ တူပါတယ်ဘုရား"

သင်္ချိုင်းကုန်းကို သင်္ချိုင်းကုန်းမှန်း မသိတော့ နှုတ်ခမ်း ကိုလေ အမယ်လေး အနီရောင်လေးနဲ့ခြယ်လိုက်၊ ပန်းရောင် ကလေးနဲ့ခြယ်လိုက်၊ အသားရောင်နဲ့ခြယ်လိုက်၊ အနက်ရောင်နဲ့ ခြယ်လိုက် အမျိုးမျိုး ခြယ်သနေကြတာ၊ အဲဒါ ဘာလုပ်တာလဲ မေးရင် သင်္ချိုင်းကုန်းက တံတိုင်းကို ဆေးသုတ်နေကြတာလို့ မှတ်ပါ။

ဒကာကြီးတွေကျတော့ ဘာလုပ်လဲဆိုတော့ နှုတ်ခမ်းမွေးအရှည်ကြီးထား၊ မုတ်ဆိတ်တွေ အရှည်ကြီးထား။ နှုတ်ခမ်းမွေးတသသ မုတ်ဆိတ်မွေး တသသနဲ့ လုပ်နေကြတာလေ။ အဲဒါ သင်္ချိုင်းကုန်း ခြံစည်းရိုးပင် စိုက်ပြီးတော့ တံတိုင်းခတ်နေ ကြတာနော်။

ကြည့်စမ်းပါဦးဗျာ၊ ခန္ဓာကိုယ် တစ်ခုလုံးက ထွက်နေတာ သုဘတွေလား၊ အသုဘတွေလား?

"အသုဘတွေပါဘုရား"

အသုဘဆိုတာ မြန်မာလိုပြန်ရင် မတင့်တယ်တာ ယောဂီတို့ ခန္ဓာထဲက ထွက်လေသမျှ ဘယ်ဟာ တင့်တယ်တုံး။

"မတင့်တယ်ပါဘုရား"

ဒါကြောင့် အသုဘလို့ ပြောတာ သဘောကျ ရဲ့လား။

"ကျပါဘုရား"

ဟိုမှာ တရားနာနေတဲ့ ဝိသာခသူဌေးကိုကြည့်။

နားက တရားနာ ဉာဏ်က ခန္ဓာလှည့်လို့၊ ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်။ ဖြစ်ပျက်မဂ်ကိုက်ပြီးတော့မှ ဖြစ်ပျက်တွေကုန်ဆုံး၊ ဖြစ်ပျက်တွေကုန်ဆုံးတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာ အပြီးတိုင်ပြုတ်ပြီး သစ္စာတွေ ဆိုက်ပြီ။ သစ္စာ ဆိုက်တော့ ဗိမ္ဗိသာရမင်းကြီးနဲ့အတူ ဓမ္မဒိန္နာ သူဌေး ကတော်ရဲ့ ယောကျ်ားဝိသာခသူဌေးနဲ့ တရားနာ ပရိသတ် အားလုံး သောတာပန် တည်ရော။


"မှန်ပါ့ဘုရား"

"တချို့လူတွေ ပြောနေကြတဲ့မင်းတို့ ဘယ်လောက် တရားအားထုတ်အားထုတ် ဒီဘဝ သောတာပန် မဖြစ် နိုင်ပါဘူးကွာ"

ဆိုတဲ့ စကား မှန်ရဲ့လား?

"မမှန်ပါဘူးဘုရား"

ဝိသာခ သူဌေး သောတာပန်တည်သွားပြီ။ ပထမ ဆင့် အရိယာကြီး ဖြစ်သွားပြီ။ ဒါနဲ့ တရားနာပြီးတော့ အိမ်ပြန်တာပေါ့။



# မိန်းမသားတို့ ကြိုးစားစို့

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဗိမ္ဗိသာရမင်းကြီးရဲ့ ကြိုတင် ပင့်လျှောက်ထားချက်အရ ပထမဝါကျွတ်ပြီးတဲ့နောက် မှာပဲ ဗိမ္ဗိသာရမင်းကြီးရဲ့ နိုင်ငံတော်ရာဇဂြိုဟ်ရွှေမြို့တော်ကြီးကို ကြွတော်မူလာတော့ မြတ်စွာဘုရားရှင်ဟာ ခရီးဦးကြိုဆိုတဲ့ပွဲမှာပဲ ပထမဆုံး ဟောကြားတဲ့ တရားပွဲမှာတင် ဗိမ္ဗိသာရမင်းကြီးနဲ့အတူ ဝိသာခသူဌေးကြီးပါ သောတာပန် တည်ကြတယ်။

သောတာပန်ဖြစ်ပြီးတော့ တရားပွဲကနေ ပြန်လာရှင်မဖြစ်တဲ့ ဓမ္မဒိန္နာက အိမ်ပေါက်ဝကနေ ဆီးကြိုတယ်။ ဓမ္မဒိန္နာက ခါတိုင်း လင်ဖြစ်သူ တစ်နေရာက ပြန်လာရင် ကြိုဆိုနေကျအတိုင်း လက်ကလေးကမ်းပြီးတော့ ကြိုဆို။

ဝိသာခ သူဌေးကလည်း ခါတိုင်းလိုပဲ ပြုံးပြုံးရွှင်ရွှင်နဲ့ လက်ကလေး ပြန်ကမ်းပေးတာပဲ။

ဝိသာခ သူဌေးက သောတာပန်အဆင့် ရှိသေးတော့ ကာမရာဂကို မပယ်နိုင်သေးဘူး ကာမရဲ့ အနှောင်အဖွဲ့က မလွတ်သေးဘူးပေါ့။ သောတာပန် ဆိုတာဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပဲ ပြုတ်သေးတာ။ ခန္ဓာပေါ်ဉာဏ်ရောက်တဲ့အတွက် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာတော့ ပြုတ်သွားပြီနော်။

မြတ်စွာဘုရား ကိုယ်တော်မြတ် ဗိမ္ဗိသာရမင်းကြီးရဲ့ ကောင်းမှု ဝေဠုဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးတော်မူနေတယ်။ ဒါနဲ့ တစ်နေ့ကျတော့ ဝိသာခသူဌေးက ဘုရားကျောင်းတော်သွားပြီး တရားနာ၊ နားကတရားနာ ဉာဏ်က ခန္ဓာလှည့်လို့ သကဒါဂါမ် တည်ပြန်ရော။

သကဒါဂါမ်တည်ပြီး ကျောင်းတော်ကနေ ပြန်လာ၊ ဒီလိုပဲ ဓမ္မဒိန္နာရှင်မက အိမ်ကနေ လက်ကလေး ကမ်းပြီး တော့ကြို၊ ဝိသာခသူဌေးကလည်း လက်ကလေး ပြန်ကမ်း၊ ခါတိုင်းလိုပဲ ဓမ္မဒိန္နာက ဖွယ်ဖွယ်ရာရာကျွေးမွေးလို့ မယားဝတ္တရားနဲ့ လျော်ညီစွာ ပြုစုလုပ်ကျွေးတော့ ဝိသာခ သူဌေးကလည်း လက်ခံတယ်။ သကဒါဂါမ်ဖြစ်ပေမဲ့ သူက ကာမရာဂကို မပယ်နိုင်သေးဘူးလေ။ ဒီတော့ ရှင်မဓမ္မဒိန္နာက ခင်ပွန်းဖြစ်သူ ဝိသာခ သောတာပန် သကဒါဂါမ် တစ်ဆင့်ပြီး တစ်ဆင့် တက်သွားတာကို

မရိုပ် မိဘူးပေါ့။

နောက်တစ်ခါ တော်တော်လေး ကြာပြီဆိုတော့လည်း ဝိသာခသူဌေး ဘုရားကျောင်းတော်သွားပြီးတော့ တရားနာပြန်တော့ အနာဂါမ်တည်သွားတယ်။ အနာဂါမ်ဖြစ်ပြီဆိုတော့ ကြမ်းတမ်းတဲ့ ကာမရာဂါနုသယ သံယောဇဉ်တွေကို အပြီးတိုင် ပယ်ထားလိုက်ပြီ။ ပြောပုံဆိုပုံ နေပုံထိုင်ပုံ သွားပုံ လာပုံတွေ အင်မတန်မှ နူးညံ့ညင်သာသွားပြီ။

အဲဒီနေ့ကျမှ ထူးထူးခြားခြား ရှင်မ ဓမ္မဒိန္နာက အိမ်ထဲကနေ ပြတင်းပေါက်ကလေး ဖွင့်လို့ လမ်းမဘက်ကို မျှော်ကြည့်နေခိုက် ဝိသာခသူဌေးက ဘုရားကျောင်းတော်ကနေ ပြန်လာတာကို လှမ်းမြင်နေရတယ်။ ခါတိုင်းဆို ဝိသာခသူဌေး အပြင်က ပြန်လာရင် လူမမြင်ရသေးဘူး၊ အသံက ကြားနေရပြီ၊ မျက်နှာကလည်း ဟိုကြည့် သည်ကြည့်နဲ့ ဟိုလူနှုတ်ဆက် ဒီလူနှုတ်ဆက်နဲ့ ပြုံးရွှင်ရယ်မောပြီးတော့ ပြန်လာတာ။ ဒီတစ်ခါကျတော့ ဘာသံမှလည်း မကြားရ၊ ဘယ်သူ့မှလည်း နှုတ်မဆက်။ ဟိုဟိုသည်သည် မကြည့်ဘဲ မျက်လွှာလေးချလို့ ငြိမ်ငြိမ်ကလေး ပြန်လာတာကိုး။

ဓမ္မဒိန္နာကလည်း ပြတင်းပေါက်ကနေ လှမ်းကြည့်ရင်း ယောကျ်ားဖြစ်သူ ခါတိုင်းနဲ့မတူဘဲ ငြိမ်ငြိမ်ကလေး

ပြန်လာတာမြင်ရတော့ "ဘာဖြစ်လာတာပါလိမ့်၊ တစ်ယောက်ယောက်နဲ့များ စကားများ စိတ်ဆိုးလာသလား" ပေါ့လေ။ ဟိုတွေး ဒီတွေး တွေးရင်းနဲ့ အိမ်ရှေ့ကို ထွက်ပြီးတော့ကြိုတယ်။ ကြိုရင်းနဲ့ ထုံးစံအတိုင်း လက်ကလေးကမ်းပြီး ဆီးကြိုလိုက်တော့ ဝိသာခသူဌေးက ခါတိုင်းလို သူ့လက်ကို ပြန်ကမ်း မပေးဘူး လက်ကလေး နောက်ပစ်ပြီး အိမ်ပေါ်တက်သွားတယ်။

အဲဒါ တို့ယောဂီများမှတ်ထားပါ။ အနာဂါမ်တည်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ အမျိုးသမီးတွေရဲ့လက်ကို ကာမရာဂစိတ်နဲ့သော်လည်းကောင်း၊ ခင်တဲ့မင်တဲ့စိတ်နဲ့သော်လည်းကောင်း၊ ဘယ်လိုမှ ဆွဲကိုင်ခြင်း မပြုတော့ဘူးလို့ မှတ်ရမယ်။

လင်ဖြစ်သူက လက်ကလေးနောက်ပစ်ပြီး ခေါင်းကလေးငုံ့လို့ အိမ်ပေါ်တက်သွားပြီဆိုတော့ ရှင်မ ဓမ္မဒိန္နာ အိမ်အောက်မှာပဲ ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်တာ။ "ငါ့ယောကျာ်း ဘာဖြစ်လာပါလိမ့်၊ လက်ကမ်းပေးတာလည်း မယူဘူး။ သူ့လက်ကလေးတောင် ဝှက်ထားလိုက်သေးတယ်။ ခါတိုင်းဆို ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော စကားပြောနေကျ ဒီနေ့ကျမှ မျက်နှာကြီးငုံ့လို့။ ဘာဖြစ်လာပါလိမ့်။ အေးလေ တစ်အိမ်တည်း အတူနေတဲ့သူ အချင်းချင်းပဲ ဥစ္စာ၊ နောက်တော့ သိရမှာပေါ့"ဆိုပြီး စိတ်ကလေး

ဖြေလို့ လုပ်စရာရှိတာလုပ်နေ တာပဲ။

ဒီလိုနဲ့ မနက်စာစားချိန်ရောက်လို့ ဓမ္မဒိန္နာက ခူးခပ် ပြင်ဆင်ပြီးပြီဆိုတော့ ဝိသာခသူဌေး ရောက်လာပြီး စကား တစ်ခွန်းမှ မပြောဘဲနဲ့ ဘုန်းတော်ကြီးတစ်ပါးလို ကျွန်ကြီးနဲ့ စားနေလိုက်တာ။ ခါတိုင်း ဓမ္မဒိန္နာနဲ့အတူ ရယ်ရယ်မောမောနဲ့ တစ်စားပွဲတည်း စားနေကျ၊ ခုတော့ လာ စားလှည့်ကွလို့လည်း မခေါ်ဘဲနဲ့ တစ်ယောက်တည်း မျက်လွှာကလေးချလို့ ကျွန်ရေရ စားသောက်ပြီးတော့ အိမ်ပေါ်ပြန် တက်သွားပြန်ရော။

ဓမ္မဒိန္နာကတော့ "ဩော် ဘယ်လိုဖြစ်တာပါလိမ့် ခါတိုင်းဆို၊ လာဟေ့ စားကြရအောင်" ဆိုပြီး အတူတူစား နေကျ၊ ဒီနေ့ စကားလည်း တစ်ခွန်းမှမပြောဘူး၊ စားပြီး တာနဲ့ အိမ်ပေါ်တန်းတက်သွားတယ်။ ငါ့ကိုများ စိတ်ဆိုး နေသလား၊ ငါ ဘာများ အမှားလုပ်မိပါလိမ့်" နဲ့ ဟိုတွေး သည်တွေးပေါ့လေ၊ နောက်တော့မှ "ညနေစာစားတော့ သိရမှာပေါ့" ဆိုပြီး ဖြေတွေး ကလေးတွေးနေလိုက်ရော။ ညနေစာ စားချိန်ရောက်တော့လည်း အိမ်ပေါ်က ငြိမ်ငြိမ် ကလေးဆင်းလာ၊ ပြင်ဆင်ထားတဲ့ ထမင်းပွဲမှာ လက် ကလေးဆေးပြီးတော့ထိုင်။ ဘာ စကား စမြည်မှ ပြောမနေ တော့ဘဲ ထမင်းကို အသာကလေးစားပြီး တော့ အိမ်ပေါ် ပြန်တက်သွားသတဲ့။

အဲဒီမှာ ရှင်မ ဓမ္မဒိန္နာ မကျေနပ်နိုင်တော့ဘူး။ ဝိသာခနောက်ကို သုတ်သုတ်ကလေး လိုက်သွား။ အိမ်ပေါ်ရောက်တော့ ဝိသာခ သူဌေးက ဆီးပြီးတော့ ပြောတယ်။ "ရှင်မရေ ငါ့ကို အိပ်ရာတစ်ခု သပ်သပ်ပြင်ပေးပါကွာ" ဆိုပြီးတော့ ခါတိုင်း အတူအိပ်နေကျအခန်းထဲမှာ မအိပ်တော့ဘဲ တစ်နေရာမှာ အိပ်ရာအပြင်ခိုင်း ဝိသာခသူဌေး တစ်ယောက်တည်း အိပ်။

ဓမ္မဒိန္နာသူဌေးကတော်ခမျာ ပုထုဇဉ်သဘာဝ ဆောက် တည်ရာမရဖြစ်ပြီး ဟိုတွေး ဒီတွေးနဲ့ စိတ်မအေးနိုင်တော့ဘူး။ "ငါ့လင်သား အပြင်မှာများ ချစ်သူခင်သူ အသစ်တွေ့နေပြီလား။ ဒါမှမဟုတ် တစ်ယောက်ယောက်ကများ ငါတို့နှစ်ယောက် မသင့်မမြတ်ဖြစ်အောင် ငါ့အကြောင်း မဟုတ်တာတွေ ပြောပြီးတော့များ ဂုံးချောလိုက်လေသလား"ဆိုပြီးတော့ မစားနိုင် မအိပ်နိုင်နဲ့ သောကပူမိနေတာပေါ့လေ။

တစ်ရက် နှစ်ရက်လောက် သူ့ဘက်က ဘာမှ မပြောဘဲနဲ့ မယားဝတ္တရားမပျက် ရူးခပ်ကျွေးမွေး ပြင်ဆင်ပေး။ ဟိုကလည်း စကားတစ်ခွန်းမှ မပြောဘဲ တစ်ယောက်တည်းစား၊ တစ်ယောက်တည်းနေ၊ သုံးရက်မြောက်တော့ ဓမ္မဒိန္နာ မအောင့်နိုင်တော့ဘူး၊ အိမ်အပြန် လက်ကမ်းတာ မယူတဲ့ ကိစ္စကနေ ခုတော့ မိုးမီးလောင်ပြီ။

စကတည်းက ပုံစံပြောင်းလာပြီ၊ ဘာအချိုးချိုး မလို့လဲ မသိဘူးဆိုပြီး စိတ်မချမ်းမသာနဲ့ ဝိသာခသူဌေး အိပ်နေတဲ့ အိပ်ခန်းတံခါးကို သွားခေါက်တယ်။ ဝိသာခ သူဌေးက အထဲကနေ မေးတယ်။

"ဘယ်သူလဲ"

"ကျွန်မ ဓမ္မဒိန္နာပါ"

"ဘာကိစ္စရှိလို့လဲ"

"မေးစရာရှိလို့ပါ"

"ဘာမေးမှာတုန်း။ ကဲ–မေးမေး။ မမေးခင် တစ်ခုတော့ ကြိုပြောရဦးမယ်။ ငါ့နှမ မောင်ကြီးကိုလေ အစ်ကိုအရင်းလို သဘောထားနော်။ မောင်ရင်းနှမရင်းလို သဘောထားပြီးနေကြရအောင်နော်။ မောင်ကြီးကို ခင်ပွန်း သည်လို သဘော မထားပါနဲ့တော့။ မင်းကျွေးချင်တာနဲ့ သာချက်ကျွေးပါ။ ငါ ဘာမှ မပြောတော့ဘူး။ ပြီးတော့ လည်း အိမ်မှာရှိတဲ့ပစ္စည်း ဥစ္စာအရာအားလုံး နှမရဲ့ ကိုယ်ပိုင်ပစ္စည်းတွေလို့ပဲ မှတ်နော်"

"နေစမ်းပါဦး ကိုဝိသာခ ကျွန်မမှာ ဘာအပြစ်ရှိလို့ ဒီလို သစ်စိမ်းချိုး ချိုးရတာတုန်း။ ငါးစိမ်းမြင်လို့ ငါး ကင် ဖြစ်တာလား"

"ဟာ... ဓမ္မဒိန္နာ ဘာတွေ လျှောက်ပြောနေတာ တုန်း ငါ့ နှမရဲ့"

"ဘာတွေ လျှောက်ပြော ရမှာတုန်း၊ တော်နေ ပုံထိုင်ပုံ ကိုလည်း ကြည့်ပါဦး၊ သူစိမ်းတွေလိုပဲ၊ ကျုပ်မှာ ဘာအပြစ် ရှိလို့တုန်း"


အဲဒီမှာ ဝိသာခသူဌေး စဉ်းစားရပြီ။ တော်တော် ခက်ပါလား။ ငါပြောလည်း ပြောချင်ရဲ့။ ငါ အနာဂါမ် တည်နေပြီလို့ ပြောပြန်ရင်လည်း အရိယာတွေရဲ့ သဘော မှာ မပြောကောင်းဘူးဆိုလို့ မပြောပြန်ရင်လည်း ဓမ္မဒိန္နာ လေးမှာ ရင်ကွဲနာကျလို့ ဒုက္ခလှလှ ရောက်တော့မယ်။ ငါက ဘာမှမပြောလို့ သူ့ဘက်က ကြမ်းတမ်းတဲ့စကား လုံးတွေနဲ့ ငါ့ကို ပြန်ပြောရင် အရိယာကို စော်ကားမိပြီး ဒုက္ခရောက်တော့ မှာပဲဆိုပြီးတော့


"ဒီလိုပါ ရှင်မရယ် ငါလေ ဘုရားရှင် ကိုယ် တော်မြတ်ကြီး ရာဇဂြိုဟ်ကို ပထမဆုံး ကြွတော်မူလာ တဲ့နေ့က ဘုရားဟောတဲ့ တရားတော်တွေကို နာယူမှတ် သားပြီးတော့ ခန္ဓာဉာဏ်ရောက် ဖြစ်ပျက်မြင်မှန်းဆုံးပြီး တော့ ပထမဆင့် သောတာပန် တည်ခဲ့တယ်။ နောက် တစ်ခါ ဒုတိယဆင့် သကဒါဂါမ် တည်ခဲ့တယ်။ နောက် တစ်ခါကျတော့ တတိယ ဆင့်အထိ အသိအမြင်တွေ ကြွယ်ဝခဲ့တဲ့အတွက် အနာဂါမ် တည်ခဲ့တယ်။ အနာဂါမိမဂ် အနာဂါမိဖိုလ်ဆိုတဲ့ တရားဓမ္မရဲ့ အစွမ်းသတ္တိကြောင့် ဒီလိုဖြစ်တာပါကွာ။

"ဩော် ဒီလိုလား နဂိုက ရှင်းရှင်းပြောပါတော်။ နေစမ်းပါဦး။ ရှင်တို့ ယောကျ်ားတွေပဲ မြတ်စွာဘုရား တရားတော်ကို နာလို့ရသလား၊ ကျွန်မတို့ မိန်းမသား တွေကော နာလို့မရဘူးလား၊ တရားနာခွင့် တရားအား ထုတ်ခွင့် မရ ဘူးလား"

ဓမ္မဒိန္နာက မခံချိ မခံသာနဲ့မေးတော့

"ဟာ- ဓမ္မဒိန္နာ ဘယ်လို ပြောလိုက်တာလဲ နမ ရယ်။ ငါ့နမတို့လို မိန်းမသားတွေလည်း တရားနာခွင့် တရားအား ထုတ်ခွင့် ရတာပါပဲကွယ်။ တို့ဘုရားဟောတဲ့ တရားတော်ဟာလေ အမျိုးသားတွေပဲနာရမယ်၊ အမျိုးသား တွေပဲ တရားထုတ်ရမယ်။ အမျိုးသမီးတွေ တရားမနာ ရဘူး၊ တရားအား မထုတ်ရဘူးလို့ ဒီလို မရှိပါဘူး။ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်ကိုသည်း အမျိုးသား တွေပဲရမယ်၊ အမျိုးသမီးတွေတော့ မရနိုင်ဘူးလို့ မရှိပါ ဘူးကွာ။ ကြိုးစားရင် ကြိုးစားသလောက် ဘယ်သူမဆို ရနိုင်ပါတယ်ကွယ့်"





# သူဌေးကတော်မှ ထေရီမယ် ဘဝသို့

ဝိသာခသူဌေးဆီက အမျိုးသားတွေမှသာ တရားနာ တရားအားထုတ်ခွင့် ရှိတာမဟုတ်ဘူး။ နိဗ္ဗာန်ကို ရနိုင်တာ မဟုတ်ဘူး။ အမျိုးသမီးတွေလည်း တရားနာနိုင် တရား အားထုတ်နိုင် ကြိုးစားရင် ကြိုးစားသလောက် နိဗ္ဗာန်ကို ရနိုင်တယ်ဆိုတဲ့ စကားကိုလည်းကြားရော၊ ဓမ္မဒိန္နာတစ် ယောက် ဝိသာခအပေါ် သံသယ ဝင်နေတာတွေ ရှင်းသွား ပြီ။ သူကိုယ်တိုင်လည်း တရားဓမ္မရဲ့အရသာ တရားဓမ္မရဲ့ ရွှမ်းရည် ကို ရယူခံစားချင်လာတယ်။ ဒါနဲ့

"ဒီလိုဆိုရင် ကျွန်မ ဘိက္ခုနီမ ဝတ်မယ်"

ဖြစ်လာရော။ ဟိုက လင်ယောကျ်ားက အနာဂါမ်ဖြစ် တာတောင် သက်န်းဝတ်ဖို့ ဘာမှ မပြောသေးဘူး။ ဓမ္မဒိန္နာ ကတော့ ခပ်ပြတ်ပြတ်ပဲ။ ဘိက္ခုနီမဝယ်မယ်တဲ့။ ဝတ်ကြောင်ကို လွတ်အောင် ရှန်းပြီးတော့မှ ဖလ်ဝါဆင်မြန်း ဝတ်သင်္ကန်းနဲ့ ရှင်းရှင်းပြတ်ပြတ် စိတ်အေးလက်အေးနဲ့ တရားနာ တရားထိုင်ပြီးတော့ နေချင်တယ်တဲ့။ ကိုင်း ကြည့်နော်။

ဓမ္မဒိန္နာ ဘိက္ခုနီမ ဝတ်ချင်တယ်လို့ ပြောလာတော့ ဝိသာခသူဌေးက ငါ့နှမ စဉ်းစဉ်းစားစားလဲ လုပ်ပါဦးဗျာ။

"ဘာမှစဉ်းစားစရာ မလိုဘူးတော့။ တော် တရားနာ သလို ကျွန်မလည်း တရားနာနိုင်တယ်။ တော်ဖြစ်ပျက်မြင်အောင် ကြိုးစားသလို ကျွန်မလည်း ဖြစ်ပျက်မြင်အောင် ကြိုးစားနိုင်ပါတယ်"

"စဉ်းစားပါဦးကွာ။ တော်ကြာ မင်းကတုံး အဖတ်တင် နေပါဦးမယ်"ဒီနေရာမှာ တို့ ဒကာ ဒကာမတွေ သတိတစ်ခု ထားလိုက်ပါ၊ မာနဆိုတိုင်း အကုသိုလ်လို့ မထင်လိုက်ပါနဲ့၊ ဖြစ်ကောင်းတဲ့မာနရှိသလို မဖြစ်ကောင်းတဲ့ မာနလည်းရှိတယ်။ တရားထူး တရားမြတ်နဲ့ ပတ်သက်လို့ သူတောင်ရနိုင်သေးတာ၊ ငါဘာဖြစ်လို့ မရနိုင်ရမှာလဲဆိုတဲ့ မာနမျိုးဟာ ဖြစ်ကောင်းတဲ့ မာန၊ လောကီအာရုံ ကာမဂုဏ်နဲ့ပတ်သက်ပြီးဖြစ်တဲ့ ဂုဏ်တု ဂုဏ်ပြိုင် မာနမျိုး

က မဖြစ်ကောင်းတဲ့မာန သေချာမှတ်ပါ။

"ဘာကတုံးမှ အဖတ်တင်စရာ အကြောင်းမရှိဘူး။ ကျွန်မလည်း ဘုရားကျောင်းသွားမယ်၊ တရားနာမယ်၊ တရား ထိုင်မယ်၊ ကျွန်မကို ဘိက္ခုနီမ ဝတ်ခွင့်သာပေးပါ"

"စဉ်းစားပါဦး ခမ္မဒိန္နာရဲ့"

"ဘာမှ စဉ်းစားစရာ မလိုဘူး။ ကျွန်မလည်း ဒီတရား အလုပ်ကို လုပ်မယ်"

အဲဒီလို ခမ္မဒိန္နာက တရားအလုပ် အားထုတ်ဖို့ စိတ်အားထက်သန်သန်နဲ့ ပစ္စည်းဥစ္စာတိုက်တာခြံမြေ လယ်ယာ လင်သား သမီးသား ဆွေမျိုး မိတ်သင်္ဂဟဆိုတာတွေ အားလုံး ကို စွန့်ပစ်ပြီးတော့ လူ့ဘောင်ကို ရှောင်ခွာပြီး ပြတ်ပြတ် ကင်းကင်းနဲ့ ဘိက္ခုနီမ ကျောင်းသင်္ခမ်းမှာပဲ ရာသက်ပန် ပျော်တော့မယ်ဆိုတော့ ဝိသာခသူဌေး အင်မတန်မှ ဝမ်းသာ အားရဖြစ်သွားတယ်။

"အေးပါကွာ၊ ငါကိုယ်တိုင်လည်း မြတ်စွာဘုရား တရားတော်ရဲ့ အရသာကို ပထမဆုံးတွေ့ပြီးကတည်းက မင်းကိုလည်း တရားနာဖို့ တရားထိုင်ဖို့ တရားအလုပ် ကြိုးစား အားထုတ်ဖို့ တိုက်တွန်းမလို့ပါ။ မင်း စိတ်ထဲက ဘယ်လို ရှိမယ်ဆိုတာ မသိတာနဲ့ မတိုက်တွန်းဖြစ်တာပါ။ ဒီလို မင်းစိတ်ထားက တရားထိုင်ချင်မှန်းသိရင် စောစော ကတည်းက ငါတိုက်တွန်းပါရဲ့"

"ဒါဆိုလည်း ခုပဲ ဘုရားကျောင်းတော်သွားကြ စို့တော်၊ ခဏကလေးတော့ စောင့်ပါဦးကွာ။ ခုဟာက လောကီအာရုံ ကာမဂုဏ် စည်းစိမ်တွေကို ရှင်းရှင်းပြတ်ပြတ် စွန့်လွှတ်ပြီးတော့ သွားမှာဆိုတော့ မင်းကို လောကီလူ့ဘောင်ထဲက အကောင်းဆုံး အထက်တန်းအကျဆုံး အဆင့်အမြင့်ဆုံးအနေနဲ့ ဂုဏ်ပြုလိုက်ချင်သေးတယ်၊ ဘုရားကျောင်းတော်ကို စည်စည်ကားကား ခမ်းခမ်းနားနားနဲ့လိုက်ပို့ချင်သေးတယ်၊ ငါတို့က မြို့မျက်နှာဖုံး တစ်မြို့လုံးသိနေတဲ့ လူကြီးလူကောင်းတွေ ဆိုတော့ တိုးတိုးတိတ်တိတ်ကလေး ဘုန်းကြီးကျောင်းသွားပြီး သင်္ကန်းဝတ်လို့တော်ပါ့မလား။ ကိုယ်နဲ့ထိုက်တန်ရာ အခဆောင် အယောင်အခမ်းအနားနဲ့ လူသိထင်ရှား သွားကြမှ တော်တော့မှာပေါ့"

"ဂုဏ်ပကာသနတွေ ဘာတွေ အရေးမကြီးဘူးတော် ကျွန်မ သင်္ကန်းဝတ်ရရင် ပြီးတာပဲ။ ဒါပေမဲ့ ရှင်က လူ့ဘောင်မှာ ကျန်နေရစ်မှာဆိုတော့ ရှင့်ဂုဏ်သိက္ခာအတွက် လိုအပ်ချင် လိုအပ်မှာပေါ့။ သင့်တော်မယ်ထင်ရင် ရှင်ကြိုက် သလိုသာ စီစဉ်ပေတော့။ ကျွန်မကတော့ ဘိက္ခုနီမ ဖြစ်ရဖို့က အရေးကြီးတယ်"

"ကောင်းပါပြီ ရှင်မရယ်။ ခဏကလေး တစ်ရက်နှစ်ရက်တော့ စောင့်ပါဦး။ ငါ အမြန်ဆုံး စီစဉ်ပါ့မယ်"

ဆိုပြီးတော့ ဝိသာခသူဌေး ဗိမ္ဗိသာရမင်းကြီးရှိရာ နန်းတော်ကို အမြန်ပြေးတယ်။ အရင်းအနှီးဆုံး သူငယ်ချင်းတွေဆိုတော့ တိုင်ပင်စရာရှိတာ တိုင်ပင်မယ်။ အကူအညီတောင်း စရာရှိလဲ တောင်းမယ်ပေါ့လေ။

ဒါနဲ့ နန်းတော်ထဲရောက်တော့ ဗိမ္ဗိသာရမင်းကြီးက ရေးကြီးသုတ်ပျာနဲ့ ဝင်လာတဲ့ ဝိသာခသူဌေးကို ကြည့်ပြီးတော့ ဆီးမေးတယ်။

"ဟ သူငယ်ချင်း၊ နန်းတော်ထဲဝင်ဖို့ အချိန်မဟုတ် အခါမဟုတ်နဲ့ ဘာကိစ္စများ အရေးတကြီး ပေါ်လာရပြန်သတုန်း"

"အရေးတကြီးဆို ဒီလို သူငယ်ချင်းရေ၊ အရှင့်နှမ အကျွန်ုပ် အမျိုးသမီးလေ ဓမ္မဒိန္နာ သူဌေးကတော်က ဘုရားကျောင်း တော်သွားပြီး ဘိက္ခုနီမ ဝတ်ချင်တယ်လို့ ပြောနေတယ်။ အဲဒီကိစ္စ အရှင်နဲ့တိုင်ပင်ရင်း အကူအညီ တောင်းစရာရှိ တောင်းမယ်ဆိုပြီးတော့ အရှင့်ဆီပြေးလာခဲ့တာပဲ"

"ဟုတ်ရဲ့လားကွ၊ ကြည့်လည်းလုပ်ပါဦး၊ ဒီလောက် အလှအပကြိုက်တဲ့ ဓမ္မဒိန္နာက ဘိက္ခုနီမ ဝတ်မယ်ဆိုတာ ဟုတ်ကောဟုတ်ရဲ့လား၊ ဝိသာခရယ်၊ မင်း အမျိုးသမီးက စိတ်များ ဖောက်ပြန်နေတာလားကွယ်"

"အရှင်မင်းကြီးပြောသလို မဖြစ်နိုင်ဘူး၊ သူက

သေချာပေါက်ဝတ်မှာလို့ ပြောတယ်။ အကျွန်ုပ်တို့ တရားနာ တရားထိုင်ပြီးတော့ အသိဉာဏ်ထူးတွေ ရနေတာကို သိပ်ပြီးတော့ အားကျနေတဲ့ပုံပဲ။ သူ့ကြည့်ရတာ သိပ်စိတ်အား ထက်သန် နေတယ်။ ဘိက္ခုနီမ ဝတ်ချင်တာ ခွင့်မပြုရင်တောင် သူ့သဘောနဲ့သူကျောင်းကို တစ်ယောက်တည်းသွားပြီး ဝတ်မည့်ပုံပဲ”

“ဒါဆိုလည်း သူငယ်ချင်းရာ သူ ဝတ်ချင်တာ ဝတ်ခွင့် ပေးလိုက်ပေါ့”

“ဝတ်တာက ဟုတ်တယ်၊ တစ်မြို့လုံးက သိတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ဇနီးက မထင်မရှားနဲ့ တိတ်တိတ်ကလေး ကျောင်းကိုသွားပြီး သင်္ကန်းဝတ်လို့ တော်ပါ့မလား။ ပြီးတော့ သူက လောကီအာရုံ ကာမဂုဏ်တောထဲကနေ အပြီးစွန့်ခွာမည့်သူမို့လို့ နောက်ဆုံးအနေနဲ့ အစွမ်းကုန်ပြုစု ပြီးတော့ ဂုဏ်ပြုလိုက်ချင်သေးတယ်”

“မင်းက ဘာတွေလုပ်ချင်နေရတာလဲ”

“ကျောင်းတော်ကို တခမ်းတနားနဲ့ ပို့ချင်တယ်၊ အဲဒါ အရှင့်ရဲ့ အကူအညီရမှဖြစ်မှာ”

“ငါက ဘာတွေ ကူညီရမှာလဲ၊ ငါ တတ်နိုင်တာဆိုရင် အဆင်သင့်ပဲ။ မင်းလိုတဲ့ အကူအညီကိုသာပြော”

“လိုတာကတော့ နံပါတ်တစ် မင်း စီးတဲ့ ရွှေဝေါကြီးခကာငှားပါ”

"သူတော်ကောင်းအလုပ် လုပ်မည့်သူပဲကွာ၊ ငှားရမှာပေါ့၊ ရွှေဝေါကြီးနဲ့ပို့မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရာရောက်တော့မှာပေါ့၊ ကောင်းတယ် ကောင်းတယ်၊ မင်းသုံးမင်းဆောင်ဖြစ်ပေမဲ့ ဓမ္မဒိန္နာရဲ့ သူတော်ကောင်းတို့ သွားရာလမ်းကို ချီးမြှောက် ဂုဏ်ပြုတဲ့အနေနဲ့ ငှားလိုက်မယ်။ နောက်ထပ် ဘာလိုချင်သေးတုန်း"

"နောက်တစ်ခု နံပါတ်နှစ်ကလည်း အရှင်ကူညီမှဖြစ်မှာ၊ ခြွေရံပရိသတ်တွေနဲ့ စည်စည်ကားကား သွားမှာဆိုတော့ လမ်းမကြီးကို သန့်ရှင်းအောင် တာဝန်ယူပြီး စီစဉ် ပေးစေချင်တယ်"

"ရတယ်၊ ရတယ်၊ ငါတို့ဘုရင်များ တိုင်းခန်းလှည့်သလိုပဲ ဓမ္မဒိန္နာ ကျောင်းတော်သွားတဲ့ ခရီးမှာ မင်းရဲ့အိမ်ကနေ ဘုရားကျောင်းတော်အထိ လမ်းမကြီးတစ်ခုလုံးလှဲကျင်းသန့်ရှင်းပြီးတော့ သဲဖြူတွေခင်းပေးမယ်။ လမ်းဘေး မှာရာဇမတ်တွေ ကာပေးမယ်။ တံခွန်ကြက်လျှာအလံတိုင်တွေ စိုက်ပေးမယ်။ ငှက်ပျောပင်ရှင်တွေ၊ ကြံပင်ရှင်တွေ သောက်ရေအိုးတွေ တည်တာကအစ ငါ့တာဝန်ထားလိုက်ကွာ"

"ဒါဆိုရင် ပိုကောင်းတာပေါ့၊ အကျွန်ုပ်အိမ်ပြန်ပြီးတော့ စီစဉ်စရာရှိတာ စီစဉ်ရအောင် လုပ်စရာရှိတာလုပ်ချေဦးမယ်"

ဆိုပြီးတော့ ဝိသာခသူဌေး အိမ်ကိုပြန်လာ၊ အိမ်ရောက်တော့ ဆွေမျိုးမိတ်သင်္ဂဟာတွေနဲ့တိုင်ပင်။ ဓမ္မဒိန္နာကျောင်းတော် မှာ ဘိက္ခုနီမ ဝတ်မည့်ပွဲမှာ တတ်နိုင်သမျှ အစွမ်းကုန် ခမ်းခမ်းနားနားဖြစ်အောင်စီစဉ်တယ်။ အခုခေတ် ရှင်ပြုပွဲတွေမှာ ရှင်လောင်းလှည့်ဖို့ ရပ်ကွက်ထဲက လူကြီးလူငယ်တွေနဲ့ တိုင်ပင်ကြသလို နေမှာပေါ့။

ကျောင်းတော်ကို သွားမည့်နေ့ကျတော့ ဓမ္မဒိန္နာသူဌေးကတော်ကို နံ့သာရေတွေနဲ့ ရေချိုးပေး။ အကောင်းဆုံး အဖိုးအတန်ဆုံး ညွှန့်ပေဆိုတဲ့ ဝတ်ကောင်းစားလှတွေဝတ်ဆင်ပေး။ လက်ဝတ်ရတနာ လည်ဆွဲဘယက်တန်ဆာ ပုတီးနားဋောင်း လက်ကောက်ကအစမကျန် အဖိုးတန်ရတနာတွေ ဆင်ယင်ပြီးတော့ပေးတယ်။ ဝတ်စားဆင်ယင်လို့ ပြီးပြီဆိုမှ ဓမ္မဒိန္နာကို ရွှေဝေါကြီးပေါ်တင်၊ အမျိုးသားလေးယောက် ကို အထမ်းခိုင်းပြီးပို့တာ။

ကြည့်စမ်း ဓမ္မဒိန္နာက ရွှေဝေါကြီးစီးပြီးတော့ကျောင်းတော်ကို သွားတာတဲ့နော်။ သာမန်ဆိုရင် လူတွေကဝေါနဲ့ ထမ်းပါ့မလား။ သေမှထမ်းမှာနော်။ အခုလို ရွှေဝေါကြီးနဲ့ ထမ်းပြီးတော့ တခမ်းတနားပို့တာ ဘာအလုပ်လုပ်လို့လဲ။ သူတော်ကောင်း အလုပ်လုပ်လို့။

ဓမ္မဒိန္နာက ရွှေဝေါကြီးစီးလို့ ရှေ့ကနေသွား။ ဝိသာခသူဌေးနဲ့ ဆွေမျိုးမိတ်သင်္ဂဟာတွေက နောက်ကနေ

ဝန်းရံ လိုက်ပါကြပြီးတော့ လမ်းတစ်လျှောက် အမွှေး အကြိုင် ပန်းနံ့သာတွေ ကြဲပက်လို့ စည်စည်ကားကား ကြီးနဲ့ ကျောင်း တော်ကို သွားကြတယ်။

ကျောင်းတော်ကို ရောက်တော့ ဘိက္ခုနီမ ကျောင်း ဆောင်ကိုဝင် ဘိက္ခုနီ ထေရီမကြီးတွေကို ဝိသာခသူဌေးက လျှောက်တယ်။

"အရှင်မကြီးတို့ဘုရား တပည့်တော် ဝိသာခရဲ့ နှမလေး ဖြစ်သူ သူဌေးကတော် ဓမ္မဒိန္နာအား ရှင်ရဟန်းမ အဖြစ်သို့ပို့ဆောင် ပေးတော်မူကြပါဘုရား"

လျှောက်တော့ ဘိက္ခုနီမကြီးတွေက ကေန္ဒဒီသူဌေး သူ့မိန်းမ အပြစ်ရှိလို့စိတ်ဆိုးပြီး ကျောင်းလာပို့တာလေ လား ထင်ပြီးတော့–


"သည်းခံပါ သူဌေးကြီး တစ်ကြိမ်တစ်ခါ မှားမိတဲ့ အပြစ်များရှိရင် သည်းခံလိုက်ပါ"

ဆိုတော့ ဝိသာခသူဌေးက

"အဲဒီလို မဟုတ်ပါဘူး၊ ဓမ္မဒိန္နာမှာ အပြစ်ရှိလို့ ကျောင်းတော်ကို လာပို့တာ မဟုတ်ပါဘူးဘုရား၊ သူ့မှာ ဘာအပြစ်မှ မရှိပါဘူး၊ သူကိုယ်တိုင် သာသနာကို ကြည်ညိုလို့ တရားနာ တရားအားထုတ်ချင်ပြီး ရှင်ရဟန်းမ ဝတ်ချင်လို့ လိုက်ပို့ပေးရတာပါဘုရား"

လျှောက်တော့မှ ဘိက္ခုနီမကြီးတွေက သဘောကျ

သွားပြီးတော့ ဆံပင်တွေရိတ်ချ၊ ဖလ်ဝါဆင်မြန်း ဝတ်သင်္ကန်းတွေ ဝတ်ရုံလိုက်ပြီး ဓမ္မဒိန္နာ သူဌေးကတော်ကြီးဘဝကနေ ဓမ္မဒိန္နာ ထေရီမကြီးရယ်လို့ ဖြစ်လာပါရော။





# ဂုဏ်ပြုထိုက်သော မိန်းမသား

ဓမ္မဒိန္နာ သူဌေးကတော်ကြီးကနေ ဓမ္မဒိန္နာထေရီမကြီးဖြစ်လာပြီဆိုတော့ ဝိသာခသူဌေးက "အရှင်မ ဓမ္မဒိန္နာ သာသနာတော်မှာ ပျော်ပျော်ကြီးသာ စံတော်မူပါ" ဆိုပြီးတော့ လက်အုပ်ချီ ရှိခိုးဦးချ လျှောက်ထားပြီး အိမ်ကို ပြန်သွားတယ်။ လူလိုဆိုရင်တော့ ဇနီးသည် တော်စပ်ပေမဲ့ အခုဟာက ရဟန်းမကြီး ဖြစ်သွားပြီ။ ဝိသာခက အနာဂါမ် အရိယာကြီးဖြစ်ပေမဲ့ လူဝတ်ကြောင် ဟိုမှာက သာသနာ့ ဝန်ထမ်း ရဟန်းမထေရီမ ဖြစ်သွားပြီဆိုတော့ ဓမ္မဒိန္နာ အရှင်မကို ရှိခိုးရတယ်။

အဲဒီမှာ ရာဇဂြိုဟ်မြို့သူ မြို့သား ဒကာ ဒကာမတွေက "ဟာ– ဓမ္မဒိန္နာ သူဌေးကတော်ကြီး သူကော ကောင်း အလုပ်လုပ်တယ်၊ ဘိက္ခုနီမဝတ်တယ်၊ တရားနာ

တရားထိုင် ကမ္မဋ္ဌာန်းဘာဝနာ ပွားများတယ်” ဆိုပြီးတော့ အားလုံးက ဝိုင်းပြီးတော့ ကြည်ညိုလိုက်ကြတာ။ ဓမ္မဒိန္နာ ထေရီမကြီး သီတင်းသုံးတဲ့ ကျောင်းတစ်ခုလုံး မဆံ့အောင် ကို များနေသတဲ့။

နဂိုကတည်းကလည်း ဂုဏ်သတင်းက ခပ်ကြီးကြီး ချောလိုက်တာကလည်း အလွန့်အလွန်ချော၊ ပစ္စည်းဥစ္စာ ကလည်းပေါလိုက်တာ။ ဥစ္စာပေါ ရုပ်ချော နာမည်ကျော် သူဌေးကတော်ကြီးရယ်လို့ ဂုဏ်သတင်းတွေ ကျော်နေတာ ဆိုတော့ ဟိုကလာပြီး ဦးတိုက်လိုက်၊ ဒီကလာပြီး ဦး တိုက်လိုက် နဲ့၊ ဟိုကလာပြီး ချီးမွမ်းလိုက်၊ ဒီကလာပြီး ချီးမွမ်းလိုက်နဲ့ ကြည်ညိုတဲ့သူတွေက သိပ်ကိုများတယ်။

ကြည်ညိုတဲ့သူတွေ များတော့ ဒီပရိသတ်ကို ဧည့်ခံ နေရတာနဲ့ သူ့ရဲ့ သူတော်ကောင်းအလုပ်တွေ လုပ်ရသေး ရဲ့လား။ အဲဒါနဲ့၊ သြော် ငါ ဒီတိုင်းနေလို့တော့မဖြစ်ဘူး။ ငါ့ရည်ရွယ် ချက် ပျောက်တော့မယ်”

ခင်ပွန်းဖြစ်သူ ဝိသာခသူဌေး ရရှိသွားတဲ့ မျက် မှောက်ပြုအပ်တဲ့ နိဗ္ဗာန်ကို သူလည်း မျက်မှောက်ပြုရ အောင်ဆိုပြီးတော့မှ ဆံကိုပယ်ပြီး ဖလ်ရည်ဆင်မြန်း ဝတ်သင်္ကန်းကို ဝတ်လာခဲ့တာ မဟုတ်လား။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရမလားလို့ “သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဆိုတဲ့ ရည်ရွယ်ချက်ကြီးနဲ့

သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကင်းရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်သောအားဖြင့် သက်န်းဝတ်လာတာ။

ဒီကျတော့ လာဘ်လာဘတွေနဲ့ အချိန်ကုန်၊ ညှော်ခံစကားပြောရတာတွေနဲ့ အချိန်ကုန်တာကြောင့်မို့လို့ ခန္ဓာအရှိ ဖြစ်ပျက် ဉာဏ်အသိမဂ်နဲ့ကိုက်တဲ့ ဝိပဿနာအလုပ်ကောင်း ကောင်းလုပ်လို့မရဘူးတဲ့။

ဓမ္မဒိန္နာ ထေရီမကြီး စဉ်းစားတယ်။ တရားထူးရအောင် "ဝိသာခသူဌေး လုပ်နိုင်သေးတယ်။ ငါက ရှင်ရဟန်းမဝတ်ပြီးတော့ အဲဒီလို မလုပ်နိုင်ဘူးဆိုရင် တော်ပါ့မလား။ ငါလည်း သံသရာဝဋ်ဒုက္ခ ဆုံးအောင်လုပ်မှ သင့်တော့မယ်"လို့ တွေးပြီးတော့ ဘိက္ခုနီမကြီးတွေထံ တောရဆောက်တည် ခွင့်တောင်း၊ မြတ်စွာဘုရားထံက ဝိပဿနာအလုပ် နည်းနာနိဿျတွေ ခံယူပြီးတော့ ပရိသတ်ကင်းရာ တောထဲမှာ ကေစာရီတစ်ပါးတည်း သွားပြီး တရားကျင့်တယ်။

ယောဂီတို့ နေ့တိုင်းနေ့တိုင်း ညနေ ၄ နာရီခွဲနဲ့ ၅ နာရီခွဲမှာ သင်သလိုပေါ့နော်။ ဓမ္မဒိန္နာ ထေရီမကြီး မြတ်စွာ ဘုရားထံတော်က ဝိပဿနာအလုပ် နည်းနာနိဿျတွေ ခံယူပြီးတော့ နာယူမှတ်သားပြီးတော့ တစ်ခါတည်းတောထဲမှာ တရားအားထုတ်လိုက်တာလေ ဖြစ်ပျက်မြင်မှန်းဆုံး လေးကြိမ် လေးခါဆုံးတော့ ရဟန္တာမကြီး

ဖြစ်တာတဲ့။

ဘာမှမကြာဘူး။ ခုနစ်ရက်အတွင်း ရဟန္တာဖြစ်တာ၊ ဉာဏ်ကလည်း ထက်လိုက်တာ၊ ပဋိသမ္ဘိဒါ ဉာဏ်လေးပါး နှင့်တကွ အရဟတ္တဖိုလ်ကို ဆိုက်ရောက်တဲ့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမကြီး ဖြစ်သွားတယ်။

ရဟန္တာမကြီး ဖြစ်သွားပြီဆိုတော့ ဓမ္မဒိန္နာ ထေရီမ ကြီးက စဉ်းစားတယ်။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန် ကိုရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တောထဲကို လာနေခဲ့ တာ။ အခုတော့ ငါ့ရည်ရွယ်ချက်ပြည့်ဝသွားပြီ။ တောထဲမှာ နေစရာမလိုတော့ဘူး။ တောထဲမှာ နေလို့ ဘာမှ အကျိုးမရှိ တော့ဘူး။ ရာဇဂြိုဟ်မြို့တော်ကြီးကို ပြန်နေမှသာ ငါ့ကို အကြောင်းပြုပြီးတော့ ဆွေမျိုးမိတ်သင်္ဂဟ ဒကာ ဒကာမ တွေ ကောင်းမှုကုသိုလ် တိုးပွားလို့ အကျိုးများလိမ့်မယ် ဆိုပြီး တောထဲကနေ မြို့ပေါ်ကို ပြန်လာတယ်။

"ဟာ ဓမ္မဒိန္နာ ပြန်လာတယ်"ဆိုတဲ့ သတင်းကြား လိုက်တော့ အိမ်က ဝိသာခဆိုတဲ့ အနာဂါမ်ဒကာကြီးက အင်း...လုပ်ပြီ ခက်တယ် သူတို့ မိန်းမများ စိတ်ထဲ ရှိတဲ့အတိုင်း ဖြစ်သင့်တာကို မရွေးချယ်ဘူး၊ ဖြစ်ချင်တာကို စွက်စွက်လုပ်တာ၊ အခုကြည့်လေ တောထဲကနေ မြို့ပေါ်ကို ပြန်လာတာ၊ ဒါ လူထွက်ချင်လို့ ပြန်လာတာနေမှာ"တဲ့။

ဒါကြောင့် အထက်အထက်သော ပုဂ္ဂိုလ်တွေရဲ့

ဉာဏ် ရည်ဉာဏ်သွေး၊ အဆင့်အတန်းကို အောက်အောက် သောပုဂ္ဂိုလ်တွေက အမှန်အတိုင်း မမြင်နိုင်ဘူးလို့ မှတ်ရ မယ်နော်။ အထက်အထက်သော ပုဂ္ဂိုလ်တွေရဲ့ ဉာဏ်စဉ်ကို အောက်အောက်သော ပုဂ္ဂိုလ်တွေ အမှန်အတိုင်း မသိနိုင် သော်လည်း အောက်အောက်သော ပုဂ္ဂိုလ်တွေရဲ့အဆင့်ကို ကျတော့ အထက်အထက်သော ပုဂ္ဂိုလ်တွေက အမှန် အတိုင်း သိနိုင်တယ်။

ဒါနဲ့ ဓမ္မဒိန္နာတောရဆောက်တည်ရာကနေ တစ်ပတ်လောက်ပဲနေပြီးတော့ မြို့ပေါ်က ကျောင်းကိုပြန် ရောက်လာ ပြီတဲ့ဆိုတော့ ဝိသာခသူဌေးက "ဘယ်လို ဖြစ်တာပါလိမ့်" ဆိုပြီး ကျောင်းတော်ကိုရောက်သွား။ ရောက်တာနဲ့ "ရှင်မ လူထွက်ချင်လို့ ပြန်လာတာလားလို့ မေးလိုက်ရင် ပညာရှိ မဆန်ရာ ရောက်မယ်။ ဒီတော့သူ ဘယ်သဘောနဲ့ ပြန်လာတာလဲဆိုတာ အမှန်အတိုင်း သိရအောင် တရားတော်နဲ့ မေးရရင် ကောင်းမှာပဲ" ပေါ့။

အဲဒီမှာ တရားတော်နဲ့ ပတ်သက်တဲ့ မေးခွန်းတွေ မေးတာ၊ နံပါတ်တစ်မေးခွန်းက–

"အရှင်မ ဓမ္မဒိန္နာ လောကမှာ ပြောနေကြတဲ့ သက္ကာယ သက္ကာယဆိုတာ ဘာကို ပြောနေတာပါလဲ အရှင်မ"

"ဒါယကာကြီး သက္ကာယဆိုတာ အရှိထင်ရှား

ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးထဲက ဖောက်ပြန်လာတဲ့ ပူတဲ့သဘော၊ အေးတဲ့သဘော၊ လှုပ်တဲ့သဘော၊ ငြိမ်တဲ့သဘော၊ တောင့်တဲ့ သဘော၊ တင်းတဲ့သဘော ခန္ဓာကိုယ်ထဲမှာ ထင်ထင်ရှားရှား ပေါ်လာတာ သက္ကာယပေါ့ ဒကာကြီးရယ်"

ဖောက်ပြန်မှုနဲ့ ပေါ်လာတာမှန်သမျှ ဘာတရားလဲ?

"သက္ကာယ တရားပါဘုရား"

ဘာပြုလို့ သက္ကာယတရားလို့ ပြောတာလဲ?

"ထင်ရှားရှိလို့ပါ ဘုရား"

ဝိသာခသူဌေးက တရားတော်နဲ့စုံစမ်းကြည့်ရင် ဓမ္မဒိန္နာ လူထွက်ချင်လို့ ပြန်လာတာလား၊ တရားရလို့ ပြန်လာတာလား၊ သိနိုင်တယ်ဆိုပြီးတော့ ပထမဆုံးမေးစစ်ကြည့်လိုက်တာက သက္ကာယတရားအကြောင်း၊ သူမေးတဲ့ သက္ကာယကို ဓမ္မဒိန္နာက ကောင်းကောင်းကြီး ဖြေပြလိုက်တယ်၊ ဒါပေမဲ့ သက္ကာယအကြောင်း သူသိနေတာဟာ တရားရလို့ ဟုတ်ဟန် မတူဘူး၊ ဆရာသမားတွေဆီက ကြားဖူးနားဝနဲ့ နည်းမှီပြီးတော့ ဖြေတာနဲ့တူပါရဲ့ဆိုပြီး ဒုတိယမေးခွန်းတစ်ခု ထပ်မေးလိုက် ပြန်ရော။

"သက္ကာယကနေ သက္ကာယဒိဋ္ဌိ ဘာကြောင့်ဖြစ်ရတာလဲ ရှင်မ ဓမ္မဒိန္နာ"

"အရှိ ထင်ရှား ခန္ဓာငါးပါးရဲ့ အပေါ်မှာ အမှန်

အတိုင်း ဖောက်ပြန်တယ်လို့မသိဘဲနဲ့ ငါကောင်း သူကောင်း ငါနာတယ်၊ ငါ ကျင်တယ်၊ ငါကိုက်တယ်၊ ငါခဲတယ်၊ ငါအောင့်တယ်လို့ စွဲယူလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိ ဖြစ်တာပေါ့ ဒကာကြီးရဲ့”

ဖြေတာကတော့ တယ်ဟုတ်နေတာပါလား၊ သူ့ တကယ်များ တရားရလာခဲ့လေသလား၊ မေးခွန်းတစ်ခု နောက်ထပ် မေးကြည့်ဦးမှပဲ။

“အဲဒီသက္ကာယဒိဋ္ဌိ ပြုတ်ချင်ရင်ကော မမွဒိန္နာ”

အဲဒီပေါ်လာတဲ့ တရားလေးတွေ အပေါ်မှာ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးလို့ ကင်းသွားအောင်ကျတော့ ဘယ်လိုမြင်မှာလဲ ရှင်မမွဒိန္နာ။

“သြော်...ဒါယကာကြီး ဝိသာခရယ် တဏှာမာန ဒိဋ္ဌိတွေ ခန္ဓာပေါ်က ကင်းသွားဖို့ကျတော့ ပေါ်လာတဲ့ တရားတွေကို ဖြစ်ပြီး ပျက်တယ်လို့ မြင်အောင်ရှုရမယ်။ အဲဒီလို ရှုနိုင်ရင် သက္ကာယဒိဋ္ဌိတွင် မကဘူး၊ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပါ စင်တာပေါ့ ဒကာကြီးရယ်”

ကြည့်စမ်း ယောဂီတို့ အပျက်ကိုမြင်ရင် သဿတ ဒိဋ္ဌိ စင်တယ်တဲ့။ အဖြစ်ကိုမြင်လိုက်တော့ ဥစ္ဆေဒဒိဋ္ဌိ စင်တာ ပေါ့နော်။ ပေါ်လာတဲ့တရား ဖောက်ပြန်တာပဲလို့ သိလိုက်တော့ သက္ကာယဒိဋ္ဌိ စင်တယ်။

ဒါ ဝိသာခသူဌေး၊ အနာဂါမ်အရိယာ သူတော်

ကောင်းကြီးက ဓမ္မဒိန္နာထေရီမကြီးကို မေးနေတာဟာ ယောဂီတို့ နေ့တိုင်းနေ့တိုင်း ခန္ဓာဉာဏ်ရောက် သင်ပေးနေတဲ့ တရားတွေကိုမေးနေတာ။ ဒါကြောင့် သူတော်ကောင်းတွေ တွေ့တဲ့အခါတိုင်း ခန္ဓာဉာဏ်ရောက်တဲ့အခါ ယောဂီတို့ကို ဘယ်နှစ်ကြိမ် တရားထိုင်တာလဲဟင်။ ဘယ်နှစ်နာရီ ဆက်တိုက်ထိုင် နိုင်သလဲ။ ဘယ်နှစ်ကြိမ် စခန်းဝင်ဖူးလဲဟင်လို့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေက အဲဒါတွေ မမေးတော့ဘူး။ အခု ဝိသာခသူဋ္ဌေးက ဓမ္မဒိန္နာကိုမေးတဲ့ ဒိဋ္ဌိဖြုတ်တရားတွေကိုပဲ မေးလိမ့်မယ်လို့မှတ်ပါ။

သဘောကျရဲ့လား။ ဒါတွေက အရည်အချင်းတွေဗျ။ ဘယ်နှစ်ကြိမ် စခန်းဝင်နိုင်တယ်။ ဘယ်နှစ်ကြိမ်ထိုင်နိုင်တယ် ဆိုတာက အရေအတွက်။ ဒါကြောင့် အရေအတွက်ထက် အရည်အချင်းက အရေးကြီးတယ်လို့ ပြောတာ။

အဲဒီမှာ ဝိသာခသူဋ္ဌေးက "ဩော် သူဖြေလိုက်တာတွေ တယ်ဟုတ်နေပါလား၊ ဆက်မေးကြည့်ဦးမှပဲ"ပေါ့။

"လောကီအမြင်နဲ့ လောကုတ္တရာအမြင်ကို ပြောပါဦး"

"ဒကာကြီးရယ် ဖြစ်ပျက်ကို မြင်နေတာ လောကီမဂ္ဂင်ငါးပါးပေါ့။ အဲဒီဖြစ်ပျက်ကို မြင်ရင်းကနေ ရင်ထဲအေးလာလို့ ဒီဖြစ်ပျက်ကလေးများ ဆုံးလိုက်ရင် ဘယ်

လောက်အေး လိုက်မတုန်းလို့ ဖြစ်ပျက်တွေ ဆုံးချင်တာက နိဗ္ဗိန္ဒဉာဏ်ပေါ့ ဒကာကြီးရယ်။

ဖြစ်ပျက်မြင်တာက ယထာဘူတဉာဏ်။

ဖြစ်ပျက်တွေ ဆုံးချင်တာက နိဗ္ဗိန္ဒဉာဏ်။

ဒီနေရာကျတော့ သားငယ်သမီးငယ်နဲ့ ညတရားနာ ပရိသတ်က နည်းနည်းလေး သည်းခံရမယ်နော်။ ဒီသဘော တရားဆိုတာ ခန္ဓာပေါ်ဉာဏ်ရောက်အောင် ကြိုးစားထား တဲ့ ယောဂီမှပဲ နားလည်နိုင်တဲ့ စကားဖြစ်နေပြီနော်။

ခန္ဓာပေါ် ဘာရောက်အောင် ပြောနေတာလဲ?

"ဉာဏ်ရောက်အောင်ပါဘုရား"

ဝိသာခသူဌေးလေးက ဓမ္မဒိန္နာထေရီမကြီးက ခန္ဓာပေါ် ဘာရောက်အောင် ပြောနေတာလဲ?

"ခန္ဓာပေါ် ဉာဏ်ရောက်အောင်ပါ ဘုရား"

ဖြစ်ပျက်မြင်ပြီးတော့မှ ရင်ထဲအေးနေတာကို ဖြစ် ပျက်တွေများ ငြိမ်းလို့ဆုံးရင် ဘယ်လောက်များ အေးလိမ့် မလဲနော်ဆိုပြီး အဲဒီဆုံးချင်တဲ့ ဉာဏ်ပေါ်တာက နိဗ္ဗိန္ဒဉာဏ် ပေါ့ ဒကာကြီးရယ်။ အဲဒီကနေ ဆက်ပြီး ကြိုးစားအား ထုတ်ရင် ဖြစ်ပျက်တွေ ဉာဏ်အောက်မှာ လယ်ပြင်ဆင် သွားသလို ထင်ရှားစွာ ချုပ်ပျောက်သွားတာကို မြင်လိုက်မှ ဖြစ်ပျက် အောက်က လွတ်သွားတဲ့အမြင်က မဂ်အမြင်ပေါ့ ဒကာကြီးရဲ့။ အဲဒီမဂ်အမြင်ကို သောကုတ္တရာမဂ်အမြင်လို့

ဒကာကြီး မှတ်ရမယ်။

ဖြစ်ပျက်မြင်တာက လောကီမဂ်။

ဖြစ်ပျက်အဆုံးမြင်တာက လောကုတ္တရာမဂ်။

အဲဒါ လောကီမဂ္ဂင်ငါးပါးနဲ့ လောကုတ္တရာမဂ္ဂင် ရှစ်ပါးရဲ့ အမြင်ထူးခြားပုံတွေပေါ့ ဒကာကြီး ဝိသာခရဲ့လို့ အဲဒီလိုလဲပြောလိုက်ရော "အလို တယ်ကောင်းတဲ့ အဖြေပါလား" ဆိုပြီး ဝိသာခသူဌေး သဘောကျသွားတယ်။

ဝိသာခသူဌေးက သောတာပန်ကနေ သကဒါဂါမ် တက်တဲ့ မေးခွန်းတွေမေး။ သကဒါဂါမ်ကနေ အနာဂါမ် တတ်တဲ့မေးခွန်းတွေမေး။ သူတည်ထားတာက အနာဂါမ် နော်။ သူရထားတာက အနာဂါမ်ဆိုတော့ အနာဂါမ် အဆင့်လောက်ပဲ မေးနိုင်တယ်။ ရဟန္တာအမြင်ကျတော့ မမေးတတ်တော့ဘူး။

ဝိသာခက အနာဂါမ်၊ ဓမ္မဒိန္နာက ရဟန္တာဖြစ် နေပြီဆိုတော့ အနာဂါမ်ကနေ ရဟန္တာဖြစ်အောင် ဆက် လက် အားထုတ်ပုံတွေကို ဓမ္မဒိန္နာကနေ ဟောပြလိုက်တဲ့ အခါ ဝိသာခမှာ နားက တရားနာ ဉာဏ်က ခန္ဓာလှည့်ပြီး ကြည့်တော့

"တယ်ဟုတ်တဲ့တရား တယ်ကောင်းတဲ့တရား ဒါဆိုရင် အရှင်မဓမ္မဒိန္နာ လူထွက်ချင်လို့ ပြန်လာတာ မဟုတ်ဘူး။ တယ်အဆင့်အတန်းရှိတဲ့ အမြင်တွေပါလား၊

တကယ်ကောင်းတဲ့ အမြင်တွေပါလား”

လို့ ကျေနပ်သဘောကျ အားရဝမ်းသာဖြစ်နေတုန်း ဓမ္မဒိန္နာ ထေရီမကြီးက နောက်ဆုံးမှာ ရဟန္တာအမြင်တွေကိုလည်း ပြောလိုက်ရော “ဝမ်းသာလိုက်တာ အရှင်မ ဓမ္မဒိန္နာရယ်”ဆိုပြီး လက်အုပ်ချီရင်း လက်ယာရစ်သုံးပတ်ပတ်ပြီး တော့ ပူဇော်သတဲ့။

လက်ယာရစ် ဘယ်နှစ်ပတ်ပတ် ပူဇော်တာလဲ?

“သုံးပတ်ပါဘုရား”

အမျိုးသမီးကို ဘယ်သူက ပူဇော်တာလဲ

“အမျိုးသားကပါဘုရား”

အမျိုးသားဖြစ်တဲ့ ဝိသာခက ပူဇော်တာပါ”

ကဲ–ကြည့်စမ်း အမျိုးသားဖြစ်တဲ့ ပုဂ္ဂိုလ်က ပူဇော်တာနော်။ ဘုန်းကြီးတို့ရဲ့ သမီးလေး ထက်ထက်အောင် သူတော်ကောင်းတရားတွေ အားထုတ်ခွင့်ရလိုက်တဲ့ အတွက်ကြောင့်လေ အားလုံးက ဝိုင်းပြီးတော့ သာဓု အနုမောဒနာတွေ အကြိမ်ကြိမ်ခေါ်ကြတယ်

သူ့ကို အကြောင်းပြုပြီး သူတော်ကောင်းတရားတွေ အားထုတ်ခွင့် ရလိုက်တဲ့ ပုဂ္ဂိုလ်တွေကလည်း အများကြီး။

ဖခင်ကြီးဖြစ်တဲ့ ဦးဇော်နီဆိုတာ ဟိုအရင်တုန်းက ခရစ်ယာန် ဘာသာဝင်ပဲ။ သမီးလေးကို သိပ်ချစ်တယ်။ အဲဒီ သူချစ်တဲ့ သမီးကလေးက သူ့ကို ခရစ်ယာန်ကနေ

ဗုဒ္ဓဘာသာဝင်ဖြစ်အောင် လုပ်ပေးလိုက်တာ။

သမီးလေး ထက်ထက်အောင် ၁၂ နှစ်သမီးကလေးက အဖေကို ဘာနဲ့ ကျေးဇူးဆပ်တာလဲ?

"တရားနဲ့ ကျေးဇူးဆပ်တာပါဘုရား"


မြတ်ဗုဒ္ဓလက်ထက်တော်က သူဌေးကတော် ဓမ္မဒိန္နာဆိုရင် အမျိုးသားတွေမှ တရားထူးရနိုင်သလား၊ ငါတို့မိန်းမသားတွေကော မရနိုင်ဘူးလားဆိုပြီး မခံချိမခံသာနဲ့ အင်မတန်မှ ပြည့်စုံကြွယ်ဝချမ်းသာတဲ့ စည်းစိမ်ဥစ္စာရတနာ တိုက်တာခြံမြေ တွေကို စွန့်ခွာပြီး သာသနာ့ဘောင်ဝင်ရောက်လို့ တရားအားထုတ်လိုက်တော့ နောက်ဆုံးမှာ တရားထူးရပြီး ရဟန္တာမ ဖြစ်သွားတာပဲ။

ဒါဖြင့် ဒီလို မိန်းမသားမျိုးတွေ လောကကြီးမှာ ရှာကြည့်စမ်း ယောဂီတို့ရေ ပေါမလား၊ ရှားမလား?

"ရှားပါတယ်ဘုရား"

ဒါကြောင့် ဒီနေ့ဟောတဲ့ တရားအမည်က ဘာတဲ့ "သူလို မိန်းမသား ရှားမှရှား"ပါဘုရား။





# မိဘကျေးဇူးကျေတဲ့ သူတော်ကောင်းမလေး

အခုလည်းကြည့်စမ်း ထက်ထက်အောင်ဆိုတဲ့ သမီး ရတနာလေးဟာ သမီး လိမ္မာကလေး ဖြစ်ရုံတင်မကဘူး။ သူတော်ကောင်းရတနာလေးလို့လည်း ဆိုရမယ်နော်။ ခန္ဓာဉာဏ်ရောက် တရားတွေကို ဖြစ်ပျက်သိမြင် တရား အသိဉာဏ်တွေ ဝင်အောင် ကြိုးစား အားထုတ်သွားတဲ့ သမီးရတနာ သူတော်ကောင်းလေး မဟုတ်လား။

သူက မိဘတွေကို သူ့လိုပဲ သူတော်ကောင်း ရတနာတွေ ဖြစ်အောင် တိုက်တွန်းပြီးတော့ ကျေးဇူးဆပ် သွားတယ်။ မိဘတွေကိုသာမက ပတ်ဝန်းကျင်က ဆွေမျိုး မိတ်သင်္ဂဟတွေ ယောဂီတွေကိုလည်း လက်တွေ့သာဓက ပြပြီးတော့ တရား အားထုတ်ဖြစ်အောင် အားထုတ်ကြပါ။

တရားတော်ရဲ့ ဂုဏ်ကျေးဇူးဆိုတာ ဒီလိုရှိပါတယ်လို့ပြောပြသွားတယ်၊ တိုက်တွန်းပြီးတော့ ကျေးဇူးပြုသွားတယ်။

မိဘကျေးဇူးဆပ်တဲ့နေရာမှာ ဘုရားအလိုတော်ကျ အင်မတန်မှ တာဝန်ကျေပွန်ခဲ့တဲ့ သူတော်ကောင်းလေးနော်၊ အားလုံးသော ယောဂီတို့ ကြားဖူးပါတယ်။ မိဘအပေါ် သားသမီးက ပြုကျင့်ဆောင်ရွက်ရမည့် ဝတ္တရားတွေလေ။

* ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမံ
မွေခံထိုက်စေ၊ လျှုမျှဝေ၍
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်
ကျင့်ဖွယ် သားတို့တာ။
ကျင့်ဖွယ် သမီးတို့တာ။

မိဘတွေအပေါ်မှာ သားသမီးက ပြုကျင့်ရမည့် ဝတ္တရား ငါးပါး၊ ငါးပါးလုံး အသာထားဦး၊ နံပါတ်တစ် ကျွေးမွေးမပျက် ဆိုတာကလေး တစ်ခုတည်း ပြောကြည့်။ မိဘတွေကို ကျွေးရမယ် မွေးရမယ်။ ဒါ သားသမီးတာဝန်၊ တာဝန်ဝတ္တရား ဆိုတဲ့အတိုင်း မဖြစ်မနေ လုပ်ရမှာနော်။

မိဘကို ကျွေးမွေးရမယ်ဆိုတဲ့နေရာမှာ ငါတတ်နိုင်သလောက် ကျွေးမွေးမယ်။ တတ်နိုင်တဲ့အခါမှာ ကျွေးမယ် ဒီလို မဟုတ်ဘူး။ ကျွေးကို ကျွေးရမှာ၊ ကိုယ့်ဝမ်းကိုယ့်ခါး မစားချင်နေ မဝတ်ချင်နေ။ မိဘကိုတော့ ဝအောင်ကျွေးရမယ်။ ဒါ မဖြစ်မနေ လိုက်နာရမယ့် တာဝန်နော်။

ဘယ့်နှယ့်လဲ ဒီတာဝန်ကို ကျေကြရဲ့လား။ ခုခေတ်ကတော့ မဟုတ်ပါဘူး၊ မယားဆီ ဘယက်တစ်ကုံးရောက်မှအမေ့ဆီ လက်ဖက်တစ်ထုပ် ရောက်တဲ့ခေတ်ဗျ။

အဲဒီလို ကျွေးမွေးပြီးတော့ ကျေးဇူးဆပ်လိုက်တော့ မိဘကျေးဇူးကျေသလားဆိုတော့

* မိကိုလက်ယာ၊ ဘကိုလက်ဝဲ
ကိုင်စွဲချီလျက်၊ ပခုံးထက်ဝယ်
အသက်ဆုံးအောင်၊ မြတ်နိုးဆောင်၍
အခေါင်အဖျား၊ လုပ်ကျွေးငြားလည်း
မွေးဖွားပိုက်ကျုး၊ ရှေးတင်ဖူးသည့်
ကျေးဇူးလှယ်ပြိုင်၊ မဆပ်နိုင်ခဲ့။

**(ရှင်မဟာရဋ္ဌသာရ၊ စတုဓမ္မသာရကိုးခန်းပျို့)**

သိပ်အဖိုးတန်တဲ့ လင်္ကာကလေးနော်။ လင်္ကာကလေးက တိုတိုကလေးနဲ့ အဓိပ္ပာယ်ကျတော့ အင်မတန်မှ ကျယ်ဝန်းတယ်။ အသက်တစ်ရာရှည်မည့် လူတစ်ယောက် ရှိတယ်ထား ပါတော့။ အဲဒီလူက သူ့ဘဝတစ်လျှောက်လုံး အသက်တစ်ရာ အနှစ်တစ်ရာကာလပတ်လုံး မိဘတွေရဲ့ ကျေးဇူးကြီးသဟဲ့၊ ငါတော့ မိဘတွေရဲ့ကျေးဇူးကို ကျေ အောင်ဆပ်မဟဲ့ ဆိုပြီးတော့ သူက ကြိုးစားတာတဲ့။

သူက အသက်ရှည်သမျှ အနှစ်တစ်ရာလုံးလုံး မိဘ

ကျေးဇူးတွေ ကျေအောင်ဆိုပြီးတော့ အမေကို သူ့ရဲ့ လက်ယာပခုံး ညာဘက်ပခုံးပေါ်မှာ တင်ထား၊ အဖေကို တော့ လက်ဝဲပခုံးပေါ်မှာတင်ထား၊ အမေနဲ့အဖေ သူ့ရဲ့ ပခုံးပေါ်မှာ တစ်သက်လုံး နေပါစေ။ အဲဒီလိုတင်ပြီးတော့ ပြုစုတယ်။

အမေက ညာဘက်ပခုံးမှာ အဖေက လက်ဝဲဘက်ပခုံး မှာထိုင်နေပြီးတော့ သူက မိဘတွေကို အမွှေး အကြိုင်တွေ လိမ်းပေးမယ်၊ ခြေတွေလက်တွေကို ဆုပ်နယ် ပေးမယ်၊ အေးတဲ့ချမ်းတဲ့ ကာလရောက်ရင် ရေနွေး ကလေးနဲ့ ရေချိုးပေးမယ်။ ပူတဲ့ အိုက်တဲ့ အချိန်ရောက်ရင် ရေအေးအေးကလေးနဲ့ ချိုးပေးမယ်။ အဖေနဲ့အမေ ဒီပခုံး ပေါ်မှာပဲ ထမင်းစား၊ ဒီပခုံးပေါ်မှာပဲအိပ်၊ ဒီပခုံးပေါ်ပဲ ကျင်ကြီး ကျင်ငယ်တွေ စွန့်ချလိုက်ပါတဲ့။ မိဘဝေယျာဝစ္စ တွေ အကုန်လုံး သူတစ်ယောက်တည်း အနှစ်တစ်ရာ ပတ်လုံး လုပ်ကိုင်ပြုစုပြီး ကျွေးမွေး ပြုစုသွားပါတဲ့။

ကဲ–ဘယ်နှစ်တုန်း။ ဒီလိုပြုစုတာမျိုး နားရှိလို့သာ ကြားရတယ်။ မြင်ဖူးကြုံဖူးကြရဲ့လား။ မိဘကျေးဇူး ဆိုတာလေ အဲဒီလို ကိုယ့်မိဘနှစ်ပါးလုံးကို ပခုံးပေါ်တင်ပြီး တော့ တစ်သက်လုံး ပြုစုပြီး ကျေးဇူးဆပ်တော့ရော ကျေသတဲ့လားဆိုတော့–

* အခေါင်အဖျား၊ လုပ်ကျွေးညားလည်း

မွေးဖွားပိုက်ကျူး၊ ရှေးတင်ဖူးသည်
ကျေးဇူးလှယ်ပြိုင်၊ မဆပ်နိုင်ခဲ့။

ဘယ်လိုပဲ လုပ်ကျွေး လုပ်ကျွေး မိဘကျေးဇူးဆိုတာ ကျေတယ်လို့ မရှိပါဘူးတဲ့။

ဒါဖြင့် မိဘကျေးဇူးကျေအောင်ဆပ်လို့ မရဘူးလားဆိုတော့ဆပ်တဲ့နည်းကို ဗုဒ္ဓကိုယ်တော်မြတ်ကြီးက ဟောဖော် ညွှန်ပြနည်းလမ်းပေးထားတာ ရှိပါတယ်။ အဲဒါက ဘာလဲ ဆိုရင် နံပါတ်တစ် သဒ္ဓါတရားမရှိတဲ့ မိဘတွေကို သဒ္ဓါ တရားရှိလာအောင် တိုက်တွန်းပေးပါ။ နံပါတ်နှစ် သီလမရှိတဲ့ မိဘတွေကို သီလရှိအောင် တိုက်တွန်းပေးပါ။ နံပါတ်သုံး အလှူဒါနမရှိတဲ့ မိဘတွေကို လှူတတ်တန်းတတ်အောင် တိုက်တွန်းပေးပါ။ နံပါတ်လေး ပညာမရှိတဲ့ မိဘတွေကို ပညာရှိအောင် တိုက်တွန်းပေးပါတဲ့။ ဒါဆိုရင် မိဘကျေးဇူး ကျေပါတယ်လို့ နည်းလမ်းပေးထားပါတယ်။

အဲဒီလိုပဲ သူတော်စင်များက ငါးပါးသီလ ရှစ်ပါးသီလ ဥပုသ်သီတင်း ဆောက်တည်တဲ့ အလေ့အကျင့်မရှိတဲ့ မိဘတွေကို သီလ ဆောက်တည်ဖို့ တိုက်တွန်းပေးရမယ်။ သီလဆောက်တည် နိုင်အောင်လို့ အမေအဖေအတွက် လိုအပ်တာတွေ စီမံပေးရမယ်။ နောက်တစ်ခါ မလှူချင် မတန်းချင် နှမြောစေးနဲတဲ့ မိဘတွေကိုလည်း တတ်အားသမျှ လှူဖို့ရာ တိုက်တွန်းပေးရမယ်။ လှူဖို့တန်းဖို့ရာ

လျှပ်ဖွယ်ပစ္စည်းတွေ ရှာဖွေစီမံပေးရမယ်။ ပြီးတော့ အသိပညာနည်းပါးတဲ့ မိဘတွေကို အသိပညာ ရှိလာအောင် တိုက်တွန်းပေးရမယ်။ အသိပညာရရာရကြောင်း ဆောင်ရွက်ပေးရမယ်။ သဒ္ဓါတရား မနာဘူးသေးတဲ့ မိဘကို သဒ္ဓါတရားနာတတ်အောင် သဒ္ဓာခမ္မသဘင်ပွဲရှိရာ တရားစခန်းပွဲရှိရာ ဌာနတွေကို လိုက်ပို့ပေးရတယ်၊ မျက်လုံးအမြင်မကြည်ရှာတော့တဲ့ မိဘတွေကို ခမ္မစာပေများ ဖတ်ပြရမယ်။ ဒါမှ မိဘကျေးဇူးဆပ်ရာရောက်တယ်၊ မိဘကျေးဇူးတွေ ကျေပွန်ပါတယ်တဲ့။

အားလုံးသော ယောဂီများ ကိုယ့်ရဲ့ မိဘနှစ်ပါးကို ကျေးဇူး ကျေအောင်ဆပ်နည်းကလေး မှတ်သားပြီးတော့ ကျေပွန်အောင်သာဆပ်ကြပါတော့လို့ လေးစားစွာ တိုက်တွန်းလိုက်ပါတယ်နော်။

မှန်ပါဘုရား။

အခု သမီးကလေး ထက်ထက်အောင်ဆိုရင် သူကိုယ်တိုင်က သဒ္ဓါ သီလ ဒါန ပညာတွေ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ပီပီ မိဘတွေကိုလည်း သဒ္ဓါသီလ ဒါန ပညာ ရရာရကြောင်း လက်တွေ့ပြပြီးတော့ တိုက်တွန်းသွားခဲ့ပြီ။ သူသိမြင်ထားတဲ့ ခန္ဓာဉာဏ်ရောက် ဖြစ်ပျက်တရားတွေကို ကြိုးစားအားထုတ်ကြ ပါလို့ တိုက်တွန်းသွားခဲ့တဲ့ သူတော်ကောင်းမလေးနော်။

ဘုရားအလိုတော်ကျ ကိုယ်တိုင်ကျင့်ကြံ အားထုတ်ရုံမက မိဘတွေကိုလည်း ကျင့်ကြံအားထုတ် ချင်လာအောင် ဆွဲဆောင်တိုက်တွန်းပြီးတော့ မိဘကျေးဇူးကျေအောင် ဆပ်သွားခဲ့တယ်လို့ ပြောရင်တော့ မှားပါ့မလား။

မမှားပါဘုရား။



# သမီးအလိမ္မာ စူဠသုဘဒ္ဒါ

သမီးလေးထက်ထက်အောင်လိုပဲ သမီးလိမ္မာ သူတော်ကောင်းမလေးတစ်ယောက် မြတ်စွာဘုရားလက်ထက်တော်က ပေါ်ထွန်းခဲ့ဖူးတယ်။ သူ့နာမည်က စူဠသုဘဒ္ဒါတဲ့။ စူဠသုဘဒ္ဒါက နာမည်ကျော် ဇေတဝန်ကျောင်းဒကာကြီး အနာထပိဏ် သူဌေးကြီးရဲ့ သမီးလေး။

အနာထပိဏ်သူဌေးကြီးမှာ သားတစ်ယောက်နဲ့ သမီး သုံးယောက်ရှိတယ်။ သားနာမည်က မောင်ကာလ တဲ့။ သမီးတွေက မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနဒေဝီ ဆိုပြီးတော့ သုံးယောက်။ စူဠသုဘဒ္ဒါ သူတော်ကောင်း မလေးက သမီး အလတ်ပေါ့။

ဒါနအရာမှာ တွေ့ခဲ့ရတဲ့ ကျောင်းဒကာကြီးရဲ့ သားသမီးတွေဆိုတော့ ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့သူတော်ကောင်း တရားတွေကို နာကြားရပြီးတော့ မှတ်သားပွားများအားထုတ် ပြီးတော့ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်တွေ၊ မောင်ကာလ စောစောပိုင်းကတော့ ယောကျာ်းလေးပီပီ ခပ်ဆိုးဆိုးပေါ့။ နောင်ကျတော့ ဖခင်ကြီးရဲ့ တိုက်တွန်းချက်နဲ့ ဘုရားကျောင်းတော်ကို သွားတရားနာ တရားအားထုတ်ပြီးတော့မှ အသိဉာဏ်ထူးတွေ ရသွားတာ။

သူတို့အိမ်မှာ သံဃာတော်တွေ နေ့စဉ်ဆွမ်းစားကြွတယ်။ ကြွတော့ သံဃာဝေယျာဝစ္စတွေ ဘယ်သူလုပ်ရသလဲ ဆိုရင်ပထမတော့ သမီးအကြီး မဟာသုဘဒ္ဒါ။ အဲဒီ သမီးအကြီးက အိမ်ထောင်ရက်သားကျသွားပြီဆိုတော့ ကျန်တဲ့ သမီးအလတ် စူဠသုဘဒ္ဒါရဲ့ တာဝန် ဖြစ်လာတယ်။

စူဠသုဘဒ္ဒါ သမီးလေးက ငယ်ရွယ်ပေမဲ့ အိမ်မှုကိစ္စဗာဟိရ ချက်ပြုတ်ပြင်ဆင် သုတ်သင်ဆေးကြော အင်မတန်မှ ကျွမ်းကျင်စေ့စပ်တယ်။ ဖခင်အလိုကျ သံဃာတော်တွေရဲ့ ဆွမ်းကွမ်းဝေယျာဝစ္စမှာ လိုလေသေးမရှိ တာဝန်ယူနိုင်တဲ့ အပြင် အိမ်မှုကိစ္စလည်း အင်မတန်မှ ကျွမ်းတယ်။

အနာထပိဏ်သူဌေးကြီးက ကုန်သည်သူဌေးကြီးဆိုတော့ သူကိုယ်တိုင်ကလည်း လှည်းတွေနဲ့ ကုန်ပစ္စည်း

တွေ တင်ပြီး တစ်ရွာတစ်ပြည်ကို ကုန်ရောင်းကုန်ဝယ် သွားရတယ်။ ရောက်တဲ့အရပ်မှာ သူလို ကုန်သည် သူဌေးတွေရဲ့အိမ်မှာ တည်းခိုပြီးတော့ ကုန်ပစ္စည်းတွေ ရောင်းဝယ်။ သူ့ဆီကိုလည်း ဒီလိုပဲ တစ်နယ်တစ်ကျေးက ကုန်သည်တွေ ကုန်ရောင်းကုန် ဝယ်လာရင်းနဲ့ တည်းနေခို နေကျတဲ့။ အဲဒီလို ကုန်သည်တွေ ရောက်လာရင်လည်း စားရေးသောက်ရေး နေရေးထိုင်ရေးက အစ ကျွေးမွေးပြုစု ရတာက သမီးလေး စူဠသုဘဒ္ဒါရဲ့ တာဝန်ပေါ့။

တစ်နေ့တော့ အနာထပိဏ်သူဌေးကြီးရဲ့အိမ်ကို ဥဂ္ဂမြို့က ဥဂ္ဂသူဌေးဆိုတာ လှည်းအစီးပေါင်းငါးရာနဲ့ ရောက်လာရော။ ဥဂ္ဂသူဌေးကတော့ အနာထပိဏ်နဲ့က ကုန်ရောင်း ကုန်ဝယ်ဘက် ကုန်သည်အချင်းချင်း သာမက ဘူး၊ ငယ်ပေါင်း မိတ်ဆွေပညာသင် အတူတူ ကျောင်းနေ ဖက်သူငယ်ချင်းလည်း ဖြစ်တော့။

တခြားကုန်သည်တွေအပေါ်ထောင်မှ ညော့ဝတ် ကျေတဲ့ အနာထပိဏ်၊ သူ့သူငယ်ချင်း ဥဂ္ဂကျတော့ပိုပြီး တော့ ဂရုစိုက်တာပေါ့။

သမီးရေ စူဠသုဘဒ္ဒါ လာပါဦးကွာ။ သူကအဖေရဲ့ ငယ်သူငယ်ချင်း ပညာသင်ဖက် စီးပွားဖက်တွေကွ။ သူ့ကို ကောင်းကောင်းပြုစုနော်။ လိုတာမှန်သမျှ အကုန် လုပ်ပေးလိုက်ပါ“ဆိုတော့ စူဠသုဘဒ္ဒါသမီးလေးက ဥဂ္ဂ

သူဌေးအတွက် ကိုယ်တိုင်ကိုယ်ကျ ချက်ပြုတ်ကျွေးမွေး။ ချိုးရေတွေခပ်ပေးနဲ့ ဖခင်အရင်းပမာ ရိုသေစွာပြုစုစောင့်ရှောက်တယ်။

ရှုဋ္ဌသုဘဒ္ဒါရဲ့ အိမ်မှုကိစ္စ နိုင်နင်းပုံ ယဉ်ကျေးသိမ်မွေ့ လိမ္မာပုံတွေကို ဥဂ္ဂသူဌေးက မျက်စိကျသွားတယ်။ ငါ့သားလေး မောင်ဥဂ္ဂနဲ့ ပေးစားလိုက်ရရင် ဘယ်လောက်ကောင်းမလဲ။ ငါ့သမီးလေး ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲပေါ့။

ဒါနဲ့ တစ်ညနေမှာ ထမင်းစားပြီးစ အချိုပွဲတည်ရင်းနဲ့အနာထပိဏ်သူဌေးကိုပြောတယ်။ "ဟေ့ သုဒတ္တရေ" ဆိုတော့ အနာထပိဏ်သူဌေးရဲ့ ငယ်နာမည်က သုဒတ္တတဲ့။ သူတို့က ငယ်သူငယ်ချင်းတွေမို့ ငယ်ငယ်က နာမည်အတိုင်း ခေါ်လိုက် တာ။

"ဟေ့…သုဒတ္တရေ"

"ဘာလဲ သူငယ်ချင်းရ"

"မင်းနဲ့ငါနဲ့လေ ငယ်ငယ်တုန်းက ပညာသင်ပြီးလို့ တစ်ယောက်တစ်နေရာဆီ ခွဲခွာကြတော့မယ်ဆိုတော့ ကတိကဝတ်ပြုခဲ့ကြတာ မှတ်မိသေးရဲ့လား။

"ဘာကတိ ကဝတ်လဲကွ"

"မင်း မေ့ချင်ယောင် ဆောင်မနေပါနဲ့ကွာ၊ မင်းနဲ့ငါ ကိုယ့်ရပ်ကိုယ့်ရွာရောက်လို့ အိမ်ထောင်ကျပြီး သားသမီး

ရပြီဆိုရင် မင်းက သမီးမွေးရင် ငါ့သားနဲ့ လက်ထပ်မယ်၊ ငါက သမီးမွေးရင်လည်း မင်းသားနဲ့ လက်ထပ်မယ်ဆိုတဲ့ ကတိလေကွာ"

"ဪ…ဟုတ်ပ သူငယ်ချင်းရာ၊ ငါ မေ့နေလိုက်တာ"

"မမေ့နဲ့ သူငယ်ချင်း အခု မင်းသမီးလေး ရူဥ္ဂ သုဘဒ္ဒါအရွယ်ရောက်ပြီလေကွာ၊ သမီးကညာ၊ အရွယ်ရောက်လာ၊ အခါမလင့်ပါစေနဲ့တဲ့၊ အခု ငါ့သားလည်း မင်းသမီးနဲ့ရွယ်တူ ဖြစ်နေပြီ။ အိမ်ထောင်ပြုရမည့် အချိန်တန်ပြီ။ ဒါကြောင့် ငါတို့ ငယ်ငယ်တုန်းက ကတိကဝတ်ရှိတဲ့အတိုင်း မင်းသမီးနဲ့ ငါ့သား အိမ်ထောင် ချပေးရအောင်နော်"

"အင်း လူကြီးတွေ ကတိထားကြတာတော့ ထားတာပေါ့ကွာ၊ ငါ မိဘပဲဆိုပြီး သားသမီးအပေါ် နိုင်ထက်စီးနင်းနဲ့ ကိုယ့်စိတ်တိုင်းကျ လုပ်တာတော့ မကောင်းဘူးထင်တယ်။ ကလေးတွေရဲ့ စိတ်နေ စိတ်ထား သဘောသွားကို မေးဦးမှ ပေါ့ကွ"

"ဟ… ဘာမေးစရာ လိုသေးလဲကွ၊ ကလေးတွေရဲ့ အိမ်ထောင်ရေးဟာ မိဘတွေရဲ့ လက်ထဲမှာ အကုန်ရှိတာပဲ"

"မင်း အဲဒီလိုကြီးတော့ တစ်ဖက်သတ် မဆန်နဲ့၊

အတ္တဝါဒနဲ့ ငါသာလျှင် အမိ ငါသာလျှင်အဖ ငါသာလျှင် ချုပ်ကိုင်ခွင့် ရှိတယ်လို့ ဒီလိုတော့ မလုပ်လိုက်ပါနဲ့”

ကြည့်လေ၊ ဥဂ္ဂသူဌေးက အသိဉာဏ်မရှိတဲ့ ဒိဋ္ဌိ အယူစွဲ၊ အနာထပိဏ်ဆိုတာက သောတာပန်ပုဂ္ဂိုလ်။ ခန္ဓာပေါ် ဉာဏ်ရောက်ပြီးတော့ ဒိဋ္ဌိကို ပိုင်အောင်ဖြုတ်ထားတာ။ ဒိဋ္ဌိ ပြုတ်သွားတဲ့ မိဘတွေဟာ သားသမီးအပေါ် ဘယ်တော့မှ အတ္တဝါဒစွဲတွေနဲ့ လွှမ်းမိုးချုပ်ကိုင်တာ မရှိဘူးဆိုတာ မှတ်ရမယ်နော်။

အေး သားတို့ သမီးတို့ကလည်း ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ် တရားတွေ နာကြားပြီးပြီဆိုရင် အကြောင်းအကျိုး သိမြင်တဲ့ သူတော်ကောင်းတရားတွေ နာနိုင်ရင် မိဘတွေ အပေါ်မှာ နားလည်မှုတွေ အများကြီး ပေးနိုင်တယ်လို့ မှတ်ပါ။ မိဘတွေကလည်း သူတော်ကောင်းတရား နာကြား ပြီးရင် သားသမီးအပေါ်မှာ အများကြီး နားလည်မှု ပေးနိုင်ပါတယ်။

အခုလည်းကြည့်စမ်း အနာထပိဏ်သူဌေးက သမီးလေးအပေါ် မတော်မတရား နိုင်ထက်စီးနင်း မလုပ်ရက်ဘူး။

“ငါ့ကလေးရဲ့ ဆန္ဒကို မေးပါရစေဦးကွာ”

“ကဲ...သူငယ်ချင်း ငါ မပြန်ခင် အဖြေသိချင်တယ်ကွာ၊ မင်းသမီးကို သေချာမေး၊ ငါ့သားဘက်ကတော့

ဖိတ်စာ တစ်ခြမ်း သေချာပြီးလို့ မင်းတွက်ထား"

ဆိုတော့ အနာထပိဏ်သူဌေးက သမီးလေးရှိတဲ့ နေရာသွားပြီးတော့ အကျိုးအကြောင်းပြောပြတယ်။

"သမီးရေ သမီးကိုလေ ဥဂ္ဂသူဌေးက သဘောကျလို့ သူ့သားနဲ့ သမီးကို လက်ထပ်ပေးချင်လို့တဲ့ကွယ်"

"လက်ထပ်တာက လောကနိယာမ အတိုင်းပါပဲ ဖေဖေ ရယ်၊ ဒါပေမဲ့ ဖေဖေ့မှာ စကားလွန်ကျံထားတာများ ရှိသလား"

"ဒီလိုကွယ် ဟိုတုန်းကတော့ တစ်ယောက်နဲ့တစ်ယောက် သူက သမီးမွေးရင် ဖေဖေ့သားနဲ့၊ ဖေဖေက သမီး မွေးရင်လည်း သူ့သားနဲ့ လက်ထပ်ပေးကြရအောင် ဆိုပြီး ကတိကဝတ် ရှိထားခဲ့ဖူးတယ်"

"ဖေဖေတို့အချင်းချင်း ကတိကဝတ်ရှိတာတော့ ရှိတာပေါ့၊ သူတို့ ဥဂ္ဂတစ်မြို့လုံးက မိစ္ဆာဒိဋ္ဌိတွေ ဖြစ်နေတော့ သမီးတို့က ဗုဒ္ဓဘာသာတွေနော် ဖေဖေ၊ မဖြစ်နိုင်ဘူးထင်တယ် ဖေဖေရဲ့"

"အဲဒါကြောင့် ဖေဖေက သမီးရဲ့ဆန္ဒကို အတင်း မချုပ်ကိုင်ချင်လို့ သမီးကို မေးတာပေါ့"

"သမီးတို့က ဗုဒ္ဓဘာသာ၊ သူတို့က မိစ္ဆာဒိဋ္ဌိ၊ သမီး စဉ်းစားပါရစေဦး ဖေဖေရယ်"

"စဉ်းစားပါ သမီး၊ အေးအေးဆေးဆေး စဉ်းစားပြီး

တော့မှ ဖေဖေ့ကိုပြောပါ”

ရှင်ဥသုဘဒ္ဒါ သမီးလိမ္မာကလေးက တစ်ရက်လောက် စဉ်းစားပြီးတော့မှ နောက်တစ်ရက် မနက်ကျတော့ “ဖေဖေက လူကြီးချင်း ကတိကဝတ်ရှိထားပြီးသားဆိုရင် သမီးကြောင့် ဖေဖေ့ကတိကဝတ် အပျက်မခံစေချင်ဘူး၊ ဖေဖေစီမံတဲ့အတိုင်း သမီး လိုက်နာပါမယ်” လို့ဆိုတော့ အနာထပိဏ်သူဌေးကြီးက “သမီးလိုက်နာမယ်ဆိုဦးတော့ ဖေဖေလည်း အရမ်းမဆုံးဖြတ်ချင်ဘူး၊ မြတ်စွာဘုရားထံ အကျိုးအကြောင်း လျှောက်ထားကြဦးစို့”လို့ ပြောလိုက်တယ်။

အနာထပိဏ် သူဌေးကြီးက သောတာပန်တည်ပြီး ဇေတဝန်ကျောင်း ဒကာကြီးဖြစ်ပြီဆိုကတည်းက ဘုရားကျောင်းတော်ကို မနက်တစ်ခေါက် ညနေတစ်ခေါက် သွားနေကျ။ လှူဖွယ်တန်းဖွယ်တွေ ယူပြီးတော့ တရားနာရောက်နေကျ။ သစ္စာတရား နာကြားတဲ့အပြင် သူဌေးကြီးရဲ့ အိမ်မှုရေးရာ လောကီပြဿနာတွေဆိုရင်လည်း ဘုရားကို လျှောက်ထားပြီးတော့ အဆုံးအဖြတ် ခံနေကျနော်။


ဒီလိုနဲ့ သားအဖနှစ်ယောက် ဘုရားကျောင်းတော်ကို သွားပြီးတော့ ဥဂ္ဂသူဌေးသားနဲ့ ရှင်ဥသုဘဒ္ဒါ ကိစ္စ လျှောက်ထားတယ်။ ဘုရားကိုယ်တော်မြတ်က ကျောင်းဒကာကြီး

သမီးနဲ့ ဥဂ္ဂသူဌေးသားနဲ့ လက်ထပ်ပေးလိုက်ရင် ဥဂ္ဂသူဌေးနဲ့တကွ တစ်မြို့လုံးဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီးတော့ သစ္စာလေးပါးတရား သိမြင်ကြလိမ့်မယ်ဆိုတာကို မြင်တော်မူတဲ့အတွက် လက်ထပ်ခွင့် ပြုတော်မူလိုက်တယ်။

ဘုရားထံမှ ခွင့်ပြုချက်ရပြီဆိုတော့ အနာထပိဏ်သူဌေး ကတော်ကြီး ပုညလက္ခဏာဒေဝီနဲ့တိုင်ပင်၊ နေ့ကောင်းရက်သာ တွေရွေးပြီး မိခင် သူဌေးကတော်ကြီးက သမီးလေးကို မှာစရာရှိတာမှာ ဆုံးမစရာ ရှိတာဆုံးမပြီးတော့မှနောက်လိုက်နောက်ပါအခြွေအရံအသုံးအဆောင်ပစ္စည်း ဥစ္စာရတနာတွေ အပြည့်အစုံထည့်ပေးပြီး ဥဂ္ဂသူဌေးသားနဲ့ လက်ထပ်ပေးလိုက်တယ်။ စူဠ သုဘဒ္ဒါလည်း ယောင်နောက်ဆံထုံးပါဆိုတဲ့အတိုင်း ဥဂ္ဂသူဌေး သားနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားရှာတယ်။

စူဠသုဘဒ္ဒါရဲ့ အိမ်ထောင်ရေးမှာ သူကိုယ်တိုင်လည်း စဉ်းစားချင့်ချိန် ဘုရားကိုယ်တော်မြတ်ရဲ့ သာဝကတွေပီပီ ဘုရားရဲ့ အဆုံးအဖြတ်ကိုလည်း နာခံပြီးတော့မှ မိခင်ရဲ့ အဆုံးအမကိုလည်း နာယူလို့။ မိဘတွေကလည်း ကိုယ့်သမီး လေး သူ့ရပ်သူ့ရွာမှာ မညိုးမငယ်ရအောင် ဥစ္စာအခြွေအရံ အစုံအလင် ထည့်ပေးလိုက်တာတွေဟာ လောကီရေးရာဘက်က ကြည့်ရင် တော်တော်လေးကို

ထောင့်စေ့ပြီး ပြည့်စုံတယ်လို့ မှတ်ရမယ်နော်။
မှန်ပါ့ဘုရား။



# အရိယာသံဃာ ဂုဏ်ပေါင်းဖြာ

ဒါနဲ့ ဥဂ္ဂမြို့ကို ရောက်ပြီဆိုတော့ ဥဂ္ဂသူဌေးကြီး မျက်နှာဖုံး သူဌေးကြီး၊ အသိုင်းအဝိုင်းလည်းကောင်း၊ ရပ်ထဲရွာထဲမှာလည်း ဩဇာညောင်းတော့ မြို့သူမြို့သား တွေ အကုန်လုံးကထွက်ပြီးတော့ သတို့သမီးကို ကြိုဆိုကြ တယ်။ စူဠသုဘဒ္ဒါကလည်း ရုပ်ရည်ကချောမော၊ အရွယ် ကလည်း နုနယ်၊ နောက်လိုက် နောက်ပါ အခြွေအရံတွေက လည်း များပြား၊ အသုံးအဆောင် ပရိဘောဂတွေကလည်း တစ်ပုံတပင်ကြီးနဲ့ ခံ့ခံ့ညားညား တင့်တင့်တယ်တယ်နဲ့ ရင်ကော့ပြီးတော့ မြို့ထဲကို ဝင်လာခဲ့တာ။

စူဠသုဘဒ္ဒါရောက်လာပြီဆိုတော့ ဥဂ္ဂသူဌေးရဲ့ အပေါင်းအသင်းမိတ်ဆွေ သူဌေးတွေ ဆွေမျိုးသားချင်း တွေက သတို့သမီးချွေးမ အလိမ္မာကလေးမို့ လက်ဆောင်

ပဏ္ဏာ အဖိုးတန် တွေလာပို့ကြတာပေါ့။ ရှင်သုဘဒ္ဒါက လည်း ပါလာတဲ့ လက်ဆောင်ပဏ္ဏာတွေနဲ့ ပြန်ပြီးတော့ ပေးတယ်။ ရက်နည်းနည်းကြာတော့ သူတို့ဥဂ္ဂမြို့က ထုံးစံအတိုင်း လက်ထပ် မင်္ဂလာပွဲကျင်းပတာ။

လက်ထပ်မင်္ဂလာပွဲကျင်းပတော့ သူတို့ထုံးစံအတိုင်း မနက်စောစောမှာ သူတို့ကိုးကွယ်တဲ့ မိစ္ဆာဒိဋ္ဌိ အစေလက တွေကို ကျွေးမွေးကြတယ်။ အဲဒီ အစေလက တဏ္ဍတွန်း တွေက အဝတ်မဝတ်တဲ့ ကိုယ်တုံးလုံး တိတ္ထိကြီးတွေတဲ့။ သူတို့ဓလေ့အရ အဲဒီကိုယ်တုံးလုံး တိတ္ထိကြီးတွေကို ချွေးမ သတို့သမီးက ရှိခိုးရမှာ။ ဒါနဲ့ ယောက္ခမ ဥဂ္ဂ သူဋ္ဌေးက ရှင်သုဘဒ္ဒါကို တိတ္ထိကြီးတွေ ရှိခိုးဖို့ ပြောရော။

ဒီတော့ ရှင်သုဘဒ္ဒါက “အကျင့်စရဏ မကောင်းတဲ့ ဘာအဝတ်မှ မဝတ်တဲ့ တိတ္ထိကြီးတွေကို ရှိမခိုးနိုင်ပါဘူးလို့ ငြင်းတာပေါ့၊ ငြင်းတော့ ဥဂ္ဂသူဋ္ဌေးက

“ဟဲ့…သုဘဒ္ဒါ မင်းဘယ်လိုလုပ်တာတုန်း၊ ငါတို့ ကိုးကွယ်တဲ့ တိတ္ထိကြီးတွေက အကျင့်စရဏ မကောင်းဘူး ဆိုရင် ညည်းတို့ကိုးကွယ်တဲ့ ကိုယ်တော်တွေကရော ဘယ် လောက်ကောင်းလို့လဲ။ ဦးပြည်းကတုံးနဲ့ အလကား ပိတ်ဖြုန်းတွေ”

“အဖေရယ် အဲဒီလို ရက်ရက်စက်စက် မပြောပါနဲ့၊ ကျွန်မတို့ ကိုးကွယ်တဲ့ သံဃာတော်မြတ်တွေရဲ့ ဂုဏ်ကျေး

ရုးတွေကို အဖေ တကယ်သိချင်လို့လား”

“ဟဲ့– တကယ်သိချင်တာပေါ့။ သိချင်လို့ မေးတာ၊ ညည်းတို့ ကိုးကွယ်နေတဲ့ သံဃာတော်တွေက ဘယ်လောက်များ မြတ်လို့တုန်း”

အဲဒီမှာတင် ရှင်ဥသုဘဒ္ဒါက သံဃာ့ဂုဏ်ရည် အကြောင်းကို ပြောပြတယ်။

သံသုဋ္ဌ ကိလေသေ ဟိံသတိတိ သံဃော။

သံသုဋ္ဌ–ကောင်းမွန်စွာ၊ ကိလေသေ– ကိလေသာတို့ကို၊ ဟိံသတိ–ပယ်သတ်တတ်၏။ ဣတိတသ္မာ–ထို့ကြောင့်၊ သံဃော– သံဃာမည်၏။

ကိလေသာ ပယ်သတ်ကြောင်းအလုပ်ကို လုပ်တတ်သောကြောင့် သံဃာ။ ကိလေသာ ပယ်သတ်ကြောင်း အလုပ်ဆိုတာ ခန္ဓာအရှိ ဖြစ်ပျက်ပေါ်မှာ ဉာဏ်အသိမဂ်နဲ့ ကိုက်အောင်လုပ်တဲ့အလုပ်။ ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်။

ဟော ဖြစ်ပျက်က ဘာသစ္စာ?

“ဒုက္ခ သစ္စာပါ ဘုရား”

သိတဲ့ဉာဏ်က?

“မဂ္ဂသစ္စာပါဘုရား”

ယောဂီတို့ တကယ်ဖြစ်ပျက်ကိုက်လို့ ဖြစ်ပျက်သာ မြင်နေရပါစေ၊ ယောဂီတို့မှာ ခင်တယ် မင်တယ်ဆိုတဲ့

လောဘ လာပါဦးမလား?

“မလာပါဘုရား”

ဟိုလူ့မကျေနပ် ဒီလူ့မကျေနပ်ဆိုတဲ့ ဒေါသ လာပါဦး မလား?

“မလာပါဘုရား”

ငါစွဲဆိုတဲ့ တဏှာ မာနဒိဋ္ဌိတွေ လာပါဦးမလား?

“မလာပါဘုရား”

အဲဒီလို လောဘ ဒေါသ တဏှာ မာနဒိဋ္ဌိတွေမလာ တာဟာ ခန္ဓာပေါ်ကို ဉာဏ်ရောက်ထားလို့ပဲ။ ခန္ဓာဉာဏ် ရောက်အောင် ကျင့်ရင် ကိလေသာကို ပယ်သတ်နေတာပဲ။

ဒါဖြင့် ယောဂီတို့ နေ့တိုင်း ကျင့်နေတဲ့ အကျင့်၊ ထက်ထက်အောင်တို့ ကျင့်သွားတဲ့အကျင့်၊ ရှင်ဒွေသုဘဒ္ဒါတို့ ကျင့်သွားတဲ့အကျင့်၊ ဘုရားတပည့် သာဝကတွေ ကျင့်သွား တဲ့ အကျင့်။ ခန္ဓာအရှိ ဖြစ်ပျက်၊ ဉာဏ်အသိ မဂ်နဲ့ကိုက် အောင်ကျင့်တဲ့ အကျင့်မှန်သမျှတို့သည် ဘာကို ပယ်သတ် နေတဲ့ အကျင့်တွေလဲ?

“ကိလေသာကို ပယ်သတ်နေတဲ့ အကျင့်တွေပါ ဘုရား”

ကိလေသာကို ပယ်သတ်တဲ့အကျင့်ကို ကျင့်သုံးနေ လို့ ဘာလို့ ခေါ်ပါလိမ့်?

“သံဃာလို့ ခေါ်ပါတယ်ဘုရား”

"ဖြစ်ပျက် မဂ်"ကိုက်အောင် ကျင့်သုံးနေတဲ့ အလုပ်သည် ကောင်းတဲ့အလုပ်လား၊ မကောင်းတဲ့ အလုပ်လား?

"ကောင်းတဲ့ အလုပ်ပါဘုရား"

သုပ္ပဋိပန္နော= ကောင်းသောအကျင့်ကို ကျင့်ပြီး ကျင့်ဆဲဖြစ်သော အရိယာ သံဃာရှစ်ပါး အပေါင်းပါတကား။

ကြည့်စမ်း "ဖြစ်ပျက် မဂ်"ကိုက်အောင် ကျင့်တဲ့ အကျင့်သည် ကောင်းတဲ့ အကျင့်လား၊ မကောင်းတဲ့ အကျင့်လား?

"ကောင်းတဲ့ အကျင့်ပါဘုရား"

ဒါကြောင့် ယောဂီတို့ ဖြစ်ပျက် မဂ်သာ ကိုက်နေပါစေ။ အဲဒီမှာ သုပ္ပဋိပန္နဆိုတဲ့ သံဃာ့ဂုဏ်ထိုက်ပြီ။ ဆံပင် ကိုပယ်ချ အရဟတ္တဓဇ ဖလ်ဝါဆင်မြန်း သင်္ကန်းကြီးဝတ်မှ ဒီဂုဏ်မြောက်တယ်လို့ သွားမယူနဲ့နော်။ ဖြစ်ပျက် မဂ်ကိုက်အောင် ကိလေသာကို ပယ်သတ်တဲ့ အလုပ်သည် ကောင်းတဲ့ အလုပ်။ ကောင်းတဲ့ အလုပ်မို့လို့ ဖြစ်ပျက် မဂ်ကိုက်နေရင် ယောဂီတို့ ဝမ်းထဲမှာ သုပ္ပဋိပန္န ဆိုတဲ့ သံဃာ့ဂုဏ် ထိုက်နေပြီ။

နောက်ပြီးတော့ ဥဇုပ္ပဋိပန္နဂုဏ် ဖြောင့်မတ်တဲ့ အကျင့်ကို ကျင့်နေတယ်။ ဉာယပ္ပဋိပန္နဂုဏ်– နိဗ္ဗာန်၏ အကျိုးငှာ ကျင့်ပြီး ကျင့်ဆဲဖြစ်သော အရိယာသံဃာရှစ်ပါး

အပေါင်းပါတကား။

ဒီအကျင့်ကို ကျင့်တဲ့အခါမှာ ပေါ့ပျက်ပျက် ကျင့်ရမှာ မဟုတ်ဘူး၊ လေးလေးနက်နက် လေးလေးစားစား ကျင့်ရမှာ။ လေးလေးစားစား ကျင့်မှသာလျှင် နိဗ္ဗာန်ရမှာ။ ဒါကြောင့် သာမိစိပ္ပငိုပန္နော – လေးလေးစားစားကျင့်ပြီး ကျင့်ဆဲ ဖြစ်သော အရိယာ သံဃာရှစ်ပါး အပေါင်းပါတကား။

ဥက္ကသူဌေးကို ရှင်ဥသုဘဒ္ဒါ ၂၀–၂၅ နှစ်အရွယ် သမီး ကလေးက သံဃာ့ဂုဏ်ရည် နိဗ္ဗာန်ရောက်ကြောင်း တရားတွေ ဟောနေတာနော်။ သူကိုယ်တိုင်က ဒီတရားတွေ သိမထားရင်

"မဟောနိုင်ပါ ဘုရား"

သူများမေးရင်ကော ကျကျနန ဖြေနိုင်ပါ့မလား?

"မဖြေနိုင်ပါဘုရား"

အခုတော့ ရှင်ဥသုဘဒ္ဒါ သူတော်ကောင်းမလေး သူ့ခန္ဓာပေါ် သူ့ဉာဏ်ရောက်နေတဲ့အတွက် သူကိုယ်တိုင်ကလည်း သံဃာ့ဂုဏ်တွေ ထိုက်နေတော့ မဖြေနိုင်ဘူးလား၊ ဖြေနိုင်လား?

"ဖြေနိုင်ပါတယ် ဘုရား"


ဒါကြောင့် သားတို့သမီးတို့ရေ ဘာသာတရား ကိုးကွယ် ဆည်းကပ်တဲ့နေရာမှာ အထက်တန်းကျကျ

မျက်နှာပန်းလှလှ မေးသမျှကို ဖြေနိုင်ဖို့အတွက် အခု ကတည်းက ခန္ဓာပေါ်ကို ဉာဏ်ရောက်ထားဖို့ မလိုဘူး လား?

"လိုပါတယ်ဘုရား"

ကြည့်စမ်းလေ ထက်ထက်အောင်တို့ကလည်း သူသိထားတဲ့တရား သူ့အဖေကြီးကို သိစေချင်တော့ "ဖေဖေ သမီးနဲ့ လိုက်ပြီးတော့ တရားနာနော်"ဆိုပြီးတော့ အဖေကို တရားနဲ့ကျေးဇူးဆပ်တယ်။ အဖေအမေကိုသဒ္ဓါ တရားရှိအောင် သီလရှိအောင် စာဂရှိအောင် အသိပညာ ရှိအောင် ကျေးဇူးဆပ်တာမိုလို့ အကောင်းဆုံးသောနည်းနဲ့ ကျေးဇူး ဆပ်တာလို့ မှတ်ရမယ်နော်။

ထက်ထက်အောင် သမီးလေးဆုံးပါးခါနီး အဖေ အမေက ဆေးခွက်ကလေးကိုင်လို့ စောင့်နေရတဲ့ အချိန် တောင်မှလေ "ဖေဖေ သမီးအတွက် မပူနဲ့နော်၊ သမီးမှာ သူတော် ကောင်းတရားတွေ ရှိတယ်။ မိုးကုတ်ဆရာတော် ဓမ္မရံသီ ဆရာတော်တွေ ဟောထားတဲ့ တရားတွေရှိတယ်၊ ဖေဖေ မေမေ သမီးကိုချစ်ရင် ဒီခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်တွေကို ဆက်လက်ကြိုးစားပြီး အားထုတ် ပါနော်"လို့မှာ သွားရှာတဲ့ သူတော်ကောင်း သမီး လိမ္မာလေး မဟုတ်လား။



# သူလိုမိန်းမသား ရှားမှရှား

ချွေးမအလိမ္မာ စူဠသုဘဒ္ဒါ သူတော်ကောင်းမကလေးက ယောက္ခမဖြစ်သူ ဥဂ္ဂသူဌေးကို သံဃာတော်ရဲ့ ဂုဏ်တွေ ပြောပြလိုက်တော့ ဥဂ္ဂသူဌေး စဉ်းစားစရာဖြစ်သွားတယ်။

"ကြည့်စမ်း ငါ့သမီးကိုးကွယ်တဲ့ သံဃာတော်တွေက ကောင်းစွာကျင့်တယ်၊ ဖြောင့်မှန်စွာကျင့်တယ်၊ နိဗ္ဗာန်အကျိုးငှာကျင့်တယ်၊ လေးလေးစားစားနဲ့ ကျင့်တယ်ဆိုပါလား၊ ဦးပြည်းကတုံးလေးနဲ့ သင်္ကန်းဝတ်ထားရုံပဲလို့ သံဃာတွေကို သိထားတာ ဘယ်မှာဟုတ်လို့လဲ။ ငါတို့မျိုးရိုးစဉ်လာ ကိုးကွယ်ခဲ့တဲ့ အစေလက တိတ္ထိတက္ကတွန်းတွေနဲ့တော့ကွာပါ့။ သူတို့မှာ ဘာအကျင့်မှလည်းကောင်း

တာ မရှိဘူး၊ အိပ်လိုက် စားလိုက်နဲ့ အလကား အချိန်ကုန်နေကြတယ်။ ဒီကြားထဲ ကိုယ်တုံးလုံးကြီးနဲ့ အနေအထိုင် ညစ်ပတ်တာက ပိုသေး။ ငါတို့ တိတ္ထိတွေနဲ့စာရင် ဗုဒ္ဓဘာသာ သံဃာတော်တွေက အများကြီးကို ကြည်ညိုစရာ ကောင်းပါလား"

ဆိုပြီးတော့ သူကိုးကွယ်နေတဲ့ တိတ္ထိတွေနဲ့ ရှင်ဥသုဘဒ္ဒါ ပြောပြတဲ့ သံဃာဂုဏ်တော်တွေနဲ့ တိုက်ကြည့်ပြီးတော့ တိတ္ထိတွေကို စိတ်ပျက်ပြီး သံဃာတော်တွေကို ကြည်ညိုချင်တဲ့ စိတ်ကလေး ပေါ်လာတယ်။ ဒါနဲ့

"သမီးရဲ့ သမီးကိုးကွယ်တဲ့ သံဃာတော်တွေက ဒီလောက် မြတ်သလား"

"မြတ်တာပေါ့ ဖေဖေရဲ့၊ သမီးပြောနိုင်တာက နည်း နည်းကလေး၊ သမီးတို့ကိုးကွယ်တဲ့ သံဃာတော်တွေ မြတ်တယ် ဆိုတာက ဒီ့ထက်မက များပါသေးတယ် ဖေဖေရယ်။ သမီး ပြောမပြတတ်တဲ့ သံဃာဂုဏ်တော်တွေ အများကြီး ရှိသေးတယ်"

"ဒါဆိုရင် သမီးတို့ ကိုးကွယ်တဲ့ ရတနာမြတ်သုံးပါးကို ဖေဖေတို့ ကိုးကွယ်လို့ မရဘူးလား။ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဖေဖေတို့ ဆည်းကပ်ခွင့် ဖူးမြော်ခွင့် မရဘူးလားကွယ်"

"ရတာပေါ့ ဖေဖေရယ်"

"ဒါဖြင့်ရင် ဖေဖေတို့ ဥဂ္ဂမြို့ကို သမီးတို့ ကိုးကွယ်တဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ပင့်ပေးလို့ မရ ဘူးလား"

"ရတယ် ဖေဖေ၊ ဒီကနေပြီးတော့ သမီး လှမ်းပင့်ပေးမယ်"

"တကယ်လား သမီးရဲ့။ ဒါဆိုရင် ဘုရားရှင်နဲ့ သံဃာတော်တွေ ဆွမ်းကပ်ဖို့ အဖေစီစဉ်ထားလိုက်တော့မယ်"

အဲဒီမှာ စူဠသုဘဒ္ဒါက အိမ်အပေါ်ထပ်ကို တက်ပြီးတော့ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတိုက်ကြီးဘက်ကို မျက်နှာမူပြီးတော့ ရိုရိုသေသေ ရှိခိုးလိုက်တယ်။ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေကို အောက်မေ့အာရုံပြုပြီးတော့ မုလေးပန်းတွေ နံ့သာတွေ အမွှေး တိုင်တွေနဲ့ ပူဇော်ရင်းနဲ့

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား မနက်ဖြန် တပည့်တော်မအိမ်သို့ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဘုဉ်းပေးကြွဖို့ ပင့်လျှောက်ပါ တယ်ဘုရား"

ဆိုပြီးတော့ မုလေးပန်းရှစ်ဆုပ်ကို ခေါင်းပေါ်တင်ပြီးတော့ ကောင်းကင်မှာ ပစ်တင်လိုက်သတဲ့။ မုလေးပန်းတွေဟာ ကောင်းကင်ကနေ လိပ်ပြာကလေးတွေလို ပျံဝဲပြီး

သာဝတ္ထိ ပြည်မွန် ဇေတဝန်ကျောင်းတော်ထဲက တရားနာ ပရိသတ်တွေ အလည်မှာ တရားဟောတော်မူနေတဲ့ မြတ်စွာဘုရားရဲ့ အထက်မှာ ပန်းမျက်နှာကြက်ပမာ တွဲလွဲ စွဲလို့ နေသတဲ့။

မြတ်စွာဘုရား တရားပွဲက တရားနာ ပရိသတ်ထဲမှာ အနာထပိဏ် သူဌေးကြီးလည်း ပါတယ်။ မြတ်စွာဘုရား တရားဟောလို့ ပြီးပြီလည်းဆိုရော အနာထပိဏ်သူဌေးကြီး က မြတ်စွာဘုရား မနက်ဖြန် တပည့်တော်အိမ်ကို ဘုရား အမှူးရှိတဲ့ သံဃာတော်တွေ ဆွမ်းဘုဥ်းပေး ကြွတော်မူပါ ဘုရား”လို့ လျှောက်တယ်။ အဲဒီမှာ မြတ်ဗုဒ္ဓက “ဒကာကြီး မနက်ဖြန် ဆွမ်းအတွက် ဒကာကြီး အရင်ပင့်ထားတဲ့သူ ရှိနေပြီ”လို့ မိန့်တော်မူရော။

“မြတ်စွာဘုရား ဒီတရားပွဲမှာ တပည့်တော် အရင် ဆွမ်းစားပင့်တဲ့လူ မရှိပါဘူးဘုရား၊ တပည့်တော်ဖြင့် ပင့်တဲ့လူ မမြင်မိပါဘူး၊ ဆွမ်းဒကာက ဘယ်သူပါလဲ ဘုရား”

“ဒကာကြီးရဲ့ သမီး စူဠသုဘဒ္ဒါပေါ့”

“မြတ်စွာဘုရား တပည့်တော်သမီး စူဠသုဘဒ္ဒါက ဒီ သာဝတ္ထိမြို့ကနေ ယူဇနာ တစ်ရာ့နှစ်ဆယ်ဝေးတဲ့ ဥဂ္ဂမြို့မှာ နေတာဘုရား၊ ဘယ်လိုလုပ် ဆွမ်းစားပင့်နိုင်မှာလဲ ဘုရား” အဲဒီလို လျှောက်ထားလိုက်တော့ မြတ်ဗုဒ္ဓက

"ဒကာကြီး ဟိမဝန္တာတောင်ကြီးကို ဘယ်လောက်ဝေးဝေး အဝေးကြီးကနေ မြင်နိုင်သလိုပဲ၊ သူတော်ကောင်းတွေ ဟာလည်း ခရီးယူဇနာဝေးကွာတဲ့ အရပ်မှာ နေပေမဲ့ ငါဘုရား ထံတော်မှောက်မှာ ထင်ထင်ရှားရှားရပ်တည်နိုင်တယ်။ အခု မုလေးပန်းတွေနဲ့ ဥဂ္ဂမြို့ကနေပြီးတော့ စူဠသုဘဒ္ဒါက ဆွမ်းစား ပင့်လိုက်ပြီ"

လို့ မိန့်တော်မူလိုက်တယ်။ အနာထပိဏ်သူဌေးကြီးလည်း မျက်နှာကြက်က မုလေးပန်းတွေကို ကြည့်ပြီးတော့ ကျေနပ်သွားတယ်။

နောက်တစ်နေ့ မနက်ကျတော့ ဘုရားအမှူးရှိတဲ့ သံဃာတော် အပါးငါးရာ ဥဂ္ဂမြို့ကို ကောင်းကင်ခရီးကနေ ကြွတော်မူလို့ အရိယာတို့ရဲ့ နှလုံးသားကို မြတ်စွာဘုရားတောင် မနေနိုင်ဘူး လိုက်ပြီးတော့ ချီးမြှောက်ရတယ်နော်။

ဥဂ္ဂမြို့မှာတော့ စူဠသုဘဒ္ဒါ ညွှန်ကြားသင်ပြထားတဲ့ အတိုင်း ဥဂ္ဂသူဌေးကြီးနဲ့ မြို့သူမြို့သားတွေ အကုန်လုံး မြတ်စွာဘုရား ကြွတော်မူမည့်လမ်းကနေပြီးတော့ လက်အုပ် ကလေးတွေချီလို့ ကြိုနေကြတယ်။ မြတ်စွာဘုရားနဲ့ သံဃာတော်အပါး ငါးရာ ကောင်းကင်ခရီးက ကြွလာပြီဆိုတော့ အားရဝမ်းသာ ကြည်နူးစွာနဲ့ ရှိခိုးကန်တော့ကြ။ အိမ်မှာ နေရာတွေ ခင်းကျင်းပြီး ဆွမ်းကပ်လှူ၊ မြတ်စွာဘုရားနဲ့ သံဃာတော်တွေ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ

မြတ်ဗုဒ္ဓက အနမောဒနာ တရားဟောပြီဆိုတော့ သစ္စာတရားဟောတော် မူတယ်။

မြတ်စွာဘုရား တရားဟောရင် ဘာတရားဟောပါလိမ့်?

"သစ္စာတရားပါဘုရား"

သစ္စာဆိုတာ ဘယ်မှာရှိပါလိမ့်?

"ခန္ဓာမှာပါဘုရား"

ဥဂ္ဂသူဌေးနဲ့ တရားနာပရိသတ်တွေမှာ ခန္ဓာ ဘယ်နှစ်ပါး ရှိပါလိမ့်?

"ငါးပါးပါဘုရား"

ခန္ဓာငါးပါးကို အကျဉ်းချုပ်လိုက်တော့ ဘာနဲ့ဘာ?

"ရုပ်နဲ့နာမ်ပါဘုရား"

ခန္ဓာကိုယ်ထဲက ဖောက်ပြန်ပျက်စီးနေတဲ့ သဘောတရားတွေကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မြင်အောင်ဟောတော်မူလိုက်တော့ ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်။

ဖြစ်ပျက်က ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

သိတဲ့ဉာဏ်က?

"မဂ္ဂသစ္စာပါဘုရား"

သေသွားတဲ့ ကိလေသာတွေက?

"သမုဒယသစ္စာပါ ဘုရား"

သမုဒယတို့ရဲ့ ချုပ်ရာ ငြိမ်းရာ သိမ်းရာက?

"နိရောဓသစ္စာပါဘုရား"

အဲဒီမှာ သစ္စာ ဘယ်နှစ်ချက်ဆိုက်လဲ?

"လေးချက်ပါဘုရား"

သစ္စာလေးချက်လဲ ဆိုက်တော့ ဥဂ္ဂ သူဌေးနဲ့ ဥဂ္ဂ သူဌေးသားလေးရယ်၊ ဥဂ္ဂမြို့က မြို့သူမြို့သားတွေရယ် တချို့ သောတာပန် တည်တဲ့လူကတည် သရဏဂုံတည်တဲ့ လူကတည်။

ဗုဒ္ဓံမေ သရဏံ အညံ နတ္ထိ။

ဓမ္မော မေ သရဏံ အညံ နတ္ထိ။

သံဃောမေ သရဏံ အညံ နတ္ထိ။

ဤယနေ့မှ အစပြု၍ တပည့်တော်မှာ ဘုရားတရား သံဃာ ရတနာမြတ်သုံးပါးမှတပါး ကိုးကွယ်ရာ မရှိတော့ ပါဘုရား။ ဘုရားပည့်တော်ကို မြတ်စွာဘုရား၏ တပည့် သား သာဝက အစစ်အဖြစ် မှတ်တော်မူပါ ဘုရား။

ခေတ်စကားနဲ့ ပြောရလျှင် ဗုဒ္ဓဘာသာအစစ်ဟူ၍ မှတ်တော်မူပါဘုရားလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ရှေ့မှာ သရဏဂုံတည်ကြတယ်။ သာမန် သရဏဂုံမဟုတ် ဘူးနော်၊ အရိယာတို့ရဲ့ သရဏဂုံ။

ရုဋ္ဌသုဘဒ္ဒါနဲ့ မတွေ့ခင်တုန်းက မိစ္ဆာဒိဋ္ဌိ။ ရုဋ္ဌ

သုဘဒ္ဒါနဲ့ တွေ့ပြီးတော့ သူ့ကျေးဇူးကြောင့် ဘုရားဖူးခွင့်ရ၊ ဘုရား ကိုယ်တော်မြတ်ကြီးထံမှ သစ္စာလေးပါး တရားတော်မြတ်ကို နာကြားရတဲ့အတွက်ကြောင့် ဗုဒ္ဓဘာသာ အရိယာ သရဏဂုံ တည်တဲ့ ဗုဒ္ဓဘာသာအစစ်ကြီး ဖြစ်သွားတယ်။

စူဠသုဘဒ္ဒါကို အမှီပြုပြီးတော့ ဥဂ္ဂမြို့သူမြို့သားတွေ သရဏဂုံတည် အရိယာသူတော်ကောင်းတွေဖြစ်လို့ ဗုဒ္ဓဘာသာ အစစ်ကြီးတွေ ဖြစ်ကြရတယ် မဟုတ်လား။

ထိုနည်းတူစွာပဲပေါ့ သမီးလေး ထက်ထက်အောင်ကို အမှီပြုပြီးတော့ ဖခင်ကြီး ဦးဇော်နီလည်း သရဏဂုံတည်ကိန်းပြီး ဗုဒ္ဓဘာသာအစစ်ကြီး ဖြစ်ခွင့်ရခဲ့တယ် မဟုတ်လား။

မှန်ပါဘုရား။

ဒါတွင်မကသေးပါဘူး။ ဩော် ထက်ထက်အောင်လေးမှာလဲ ရုပ်ရှိရင် ရောဂါရှိမယ်ဆိုတဲ့ အတိုင်း ပညာရေး၊ ဘာသာရေး၊ လောကီလောကုတ် မယုတ်တိုးပွား အကျိုးများအောင် ကြိုးစားနေရင်းက တစ်နေ့ကျတော့ အပြင်းဖျားပါလေရော၊ မိဘတွေကတော့ ရိုးရိုးအဖျားထင်ပြီး အရပ်သုံးဆေးနည်းတိုလေးတွေနဲ့ ကုတာပေါ့၊ ဒါပေမဲ့ အဖျားကမကျဘူး၊ တစ်နေ့ထက်တစ်နေ့ ရောဂါက ပြင်းလာတော့ ဆေးရုံကိုပို့ သိပ်နောက်ကျသွားပြီ။ ဆေးရုံက ဆရာဝန်

ကြီးတွေ လဟော်သွေ့ရတဲ့အဆင့် ရောက်နေပြီ။

ဒီလိုနဲ့ ကလေးကို အိမ်ပြန်ခေါ်လာဆရာမကို ခေါ်ပြီး ဆေးထိုးမယ်လုပ်တော့ သမီးထက်ထက်အောင်က "ဆရာမရယ် သမီးသိပါတယ်၊ သမီး မနေရတော့ပါဘူး၊ သမီးလေ မေမေတို့ ဖေဖေတို့နဲ့ ခွဲရတော့မယ် သိလား"

အဲဒီလိုပြောနေရင်းက အန်လိုက်တာ သွေးစိမ်းတွေ ပါလာပြီ။ အဲဒီကျမှ ဪ… သမီးဖြစ်တဲ့ရောဂါက "သွေးလွန်တုပ်ကွေးရောဂါပါလားဆိုတာ သိကြရတော့တယ်၊ အချိန်က နှောင်းသွားပြီ၊ ယောဂီတို့ရေ သေခြင်းတရားဆိုတာ ဘယ်သူမှ ရှောင်လွှဲလို့ မရဘူးနော်။

မှန်ပါဘုရား။

ခန္ဓာရှိသူတိုင်းဟာ တစ်နေ့တစ်နေ့ တငွေ့ငွေ့နဲ့ သေရာကိုသွားနေကြတယ်ဆိုတာ သဘောပေါက်လိုက်ကြစမ်းပါ။ အရပ်ထဲမှာ သွားနေတဲ့ ခြေလှမ်းတွေက လမ်းမှားသွားတယ်ဆိုရင် နောက်တစ်လမ်း နောက်ဆုတ်ပြီး သွားလို့ရပေမဲ့ ခန္ဓာသွားနေတဲ့လမ်းက ဘယ်လမ်းတုံး။

"သေလမ်းပါဘုရား"

နောက်ဆုတ်လို့များ ရသေးရဲ့လား။

"မရတော့ပါဘုရား"

ဒါကြောင့် "နောက်မဆုတ်သော ခြေလှမ်းများ"

ဆိုတာ ဘယ်လမ်းကို သွားနေတာတုံး။

"သေမယ့်လမ်းကို သွားနေတာပါဘုရား"

"ဘာရှိလို့ပါလိမ့်"

"ခန္ဓာရှိလို့ပါဘုရား"

"ပြင်လို့များ ရကြသေးရဲ့လား"

"မရပါဘုရား"

ဒါတောင် နောင်တမရကြသေးဘဲ ကုသိုလ်လုပ်ပြီး နောက်ထပ် ဟိုဘဝ ဒီဘဝ ဆုတောင်းနေတာ သေချင်လို့ သာမှတ်။ သဘောကျရဲ့လား။

"ကျပါဘုရား"

"ဘာမသိပါလိမ့်"

"သစ္စာမသိလို့ပါဘုရား"

ဒါကြောင့် ကျေးရှူးရှင် မိုးကုတ်ဆရာတော်ဘုရား ကြီးက ပြောတာပေါ့။

"လက်ရှိ ခန္ဓာအသေထည်ကြီး ထမ်းပြီး နောက်ထပ် အသေထည်ခန္ဓာကြီး ဆုတောင်းနေကြတာ၊ ဘုရားရှေ့ သေကြောင်းကြံနေကြတာ"တဲ့ ဟုတ်ကော ဟုတ်ရဲ့လား"

"ဟုတ်ပါဘုရား"


အခု ကြည့် ထက်ထက်အောင်လေး "လှော်ရင်း နစ်ရတော့မယ်" လုံထမ်းတာကို မြင်ရပေမဲ့ ကံထမ်းတာကို

မမြင်ရဘူးဆိုတဲ့အတိုင်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုရောဂါဝေဒနာတွေ နှိပ်စက်ခံရပြီး သေမယ်လို့ ဘယ်သူထင်တုံး

"မထင်ပါဘုရား"

ဩော်…ဒါကြောင့် အခုတရားပွဲထဲပါတဲ့ သားငယ်သမီးငယ် ညီငယ် နှမငယ်များနှင့်တကွ အားလုံးသောပရိသတ်အပေါင်း သူတော်ကောင်းတို့ ငါတို့ ငယ်ပါသေးတယ်ဆိုပြီး ပေါ့ပျက်ပျက် မနေလိုက်ကြပါနဲ့နော်၊ ထက်ထက်အောင်ရဲ့ ခန္ဓာက သက်သေပြနေပြီ။ ဒါကြောင့်လေ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက "ငါနှင့်ရွယ်တူ ငါ့အောက်လူကြီးသူသေကြ များလှပြီ။ ခဏမစဲ အိုစမြဲကိုယ်လဲသေဘက်နီးခဲ့ပြီ၊ ဇရာမီးတောင် ကိုယ်တည်းလောင် သေအောင်မြိုက်တော့သည်။ မသေရခင် သွားလမ်းစဉ် ကြိုတင်ပြင်သင့်ပြီ၊ မဂ္ဂင်ယာဉ်ကြီး အမြန်စီးခရီးသွားတော့မည်"လို့ သံဝေဂလင်္ကာနဲ့အတူ ဆုံးမသြဝါဒပေးခဲ့တာပေါ့။ သဘာကျရဲ့လား။

"ကျပါဘုရား"



## မသေခင်လေး ဉာဏ်ချင့်တွေး

ဟိုမှာကြည့် ထက်ထက်အောင် "သမီးလေး မေတို့ ဖေတို့နဲ့ ခွဲရတော့မယ်၊ သမီး မနေရတော့ပါဘူး" မိဘများ ဖြစ်ကြတဲ့ ဦးဇော်နီနဲ့ ဒေါ်နန်းရွှေအိမ်တို့ကလည်း သားကနေ ဆေးခွက်ကလေးကိုင်ပြီး မျက်နှာ ညှိုးငယ်စွာနဲ့

"ဩော် သမီးရယ် ဘာတွေလျှောက်ပြောနေတာလဲ သမ်း မသေရပါဘူး"

"မေမေရယ် သမီးကိုယ်သမီး သိပါတယ်"

"ဖေဖေ"

"ဟင် ဘာလဲသမီး"

"ဖေတို့မေတို့ရဲ့ လက်ကလေးတွေ သမီးရင်ဘတ်ပေါ် တင်ပေးပါလားဟင်"

"ကောင်းပါပြီသမီးရယ်"

တင်ပေးလာတဲ့ မိဘနှစ်ပါးရဲ့ လက်အစုံကို သူ့ရဲ့ လက်ကလေးအစုံနဲ့ ကိုင်ပြီး ဘာပြောတယ် မှတ်တုံး

"သမီးလေး ဖေတို့မေတို့နဲ့နေခဲ့ရတဲ့ ဘဝ တစ်သက်တာမှာ ဖေတို့မေတို့အပေါ် ဆိုးခဲ့နွဲ့ခဲ့တဲ့ အကု သိုလ်အပြစ် အနာအဆာများရှိရင် သမီးကို ခွင့်လွှတ်ကြပါ နော်"

"အောင်မလေး ခွင့်လွှတ်ပါတယ် သမီးရယ်၊ သမီးမှာ ဘာအပြစ်မှ မရှိပါဘူး"

"ဖေတို့မေတို့ သမီးကို တကယ်ချစ်ရဲ့လားဟင်"

"ဘယ်လို မေးလိုက်တာလဲသမီးရယ် အမေရင်ကွဲရ တော့မတ်သိလား"

"ဟင်... မေမေ ငိုနေတယ် မငိုပါနဲ့ မေမေရယ်၊ တစ်နေ့ တစ်ချိန်ကျရင် သမီးတို့ မေတို့ဖေတို့ သေကွဲ ခွဲရင်ခွဲမခွဲရင် ရှင်ကွဲ ခွဲရမယ်ဆိုတာ ဘုန်းဘုရားဟောထား တဲ့ တရားတွေ ခဏခဏ နာနေရတာပဲမေရယ်"

ဟုတ်ပါတယ် သမီးရယ်"

"ဖေကြီး"

"ဟင်... ဘာလဲသမီး"

သမီးကို တကယ်ချစ်ရဲ့လားဟင်။

ဩော်...ဖေဖေတို့မှာ ချစ်စရာဆိုလို့ ဒီသမီးလေး တစ်ယောက်တည်းရှိတာ ချစ်တာပေါ့သမီးရယ်"

"တကယ်လားဟင်"

"တကယ်ပေါ့သမီးရဲ့"

"သမီးကို တကယ်ချစ်တယ်ဆိုရင် ဖေဖေ ခံယူဆောက်တည်ထားတဲ့ သရဏဂုံသုံးပါးနဲ့ မြင့်မြတ်တဲ့ ဗုဒ္ဓဘာသာအဖြစ်ကို ဖေဖေဘယ်တော့မှ မစွန့်လွှတ်လိုက်ပါနဲ့နော်"

"စိတ်ချပါ သမီးရယ်၊ ဖေဖေရဲရဲကြီး ကတိပေးပါတယ်၊ ပြီးတော့လေ သမီးကို တကယ်ချစ်တယ်ဆိုရင် တရားကို များများလေး အားထုတ်ပေးကြပါနော်"

"စိတ်ချပါသမီးရယ်၊ ဖေတို့ အားထုတ်ပါမယ်"

"ဩော် မေမေ သမီးကို ဆေးတိုက်မလို့ မဟုတ်လား၊ တိုက်လေ၊ သမီးအနားယူချင်ပြီ"

ဒါနဲ့ မိဘများကလည်း ဆေးတိုက် ဆေးသောက်ပြီးတော့

"အမေ သမီးကိုလေ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောထားတဲ့ဟို (၄–၃–၆၀) ဖဂ္ဂုဏရဟန်း သေနည်းသုံးမျိုး သင်ပေးပုံဆိုတဲ့ တရားပြီးရင်လေ (၂၈–၁၁–၅၉) ဂိလာန ရဟန်းအား ဝေဒနာပြ၍ ဟောကြားပုံဆိုတဲ့ တရားပြီးတော့ ဓမ္မရံသီ ဘုန်းဘုရား လူမမာများအတွက် လှားရှိုးမှာ အထူးဟောကြားပေးတဲ့ ဇာတ်ရှင် ၇ ပါး အလုပ်ပေးတရားနဲ့ ဝေဒနာနုပဿနာ ရှုပွားနည်း အလုပ်ပေးတရားပြီးတော့ သိပေါ ဆရာမကြီး

ဒေါနန်းသန်းပွင့်ဟောထားတဲ့ အလုပ် ပေးတရားခွေတွေ ဖွင့်ပေးပါနော်၊ သမီးတရားနဲ့ပဲ နေတော့ မယ်။

"ကောင်းပါပြီ သမီးရယ်"

ကြည်စမ်း သေခါနီးထက်ထက်အောင် ဘာတွေ လုပ်သွားသလဲ မိဘတွေကို တောင်းပန်တယ်၊ တရား အားထုတ်ဖို့ တိုက်တွန်းတယ်၊ သေခါနီး သူဘယ်တရား နာရမယ်ဆိုတာ သူ့ဟာသူသိတယ်၊ သေချာစွာ ရွေးချယ် စိစစ်တယ်၊ တည်တည်ငြိမ်ငြိမ်နဲ့ သေခြင်းတရားကို ဘာရားနဲ့အညီ ရဲဝံ့စွာရင်ဆိုင်တယ်၊ ဘယ်လောက် အတု ယူဖို့ကောင်းလဲ သတိထားကြပါနော်။


တချို့လူကြီးတွေ ကျန်းမာရေးကောင်းတုံးကလည်း ဒီလို သစ္စာတရားနာရကောင်းမှန်း တရားထိုင်ရကောင်း မှန်းမသိ သားရေး သမီးရေး စီးပွားရေးတွေနဲ့ အချိန်ကုန် ကိုယ့်ဟာကိုယ် ဘယ်တရားနာပြီး ဘယ်လိုနှလုံးသွင်းရမှန်း မသိ၊ ဘေးက သားသမီးဆွေမျိုးတွေကလည်း တရား အသိဉာဏ် ဗဟုသုတကနည်းပါး၊ သေခါနီး ပရိတ်ကြီးခွေ ဖွင့်ပေး၊ မဖွင့်စေချင်လို့ပြောတာ မဟုတ်ဘူးနော်၊ ရှင်တုန်း က တောင်မှ ဘာရွတ်မှန်း အဓိပ္ပာယ်မသိတာ သေခါနီး ကျတော့ကော သိမလား စဉ်းစား။

ဒါကြောင့် ရှင်တော်မြတ်ဗုဒ္ဓက "ဈာယထ ဘိက္ခဝေ အစရှိတဲ့ ဝိပဿနာခန္ဓာဉာဏ်ရောက် အလုပ်ကို ကြိုးစား

အားထုတ်ကြစမ်းပါ၊ သေခါနီး အိပ်ရာပေါ် မျက်ရည်ကြီး ငယ် မကျကြစေနဲ့လို့” အကြိမ်ကြိမ်မှာခဲ့တာပေါ့ “မသေ ခင်လေး၊ ဉာဏ်ချင့်တွေးပြီး “ကိုယ်လုပ်ရမဲ့ အလုပ်ကို သွက်သွက်ကလေး လုပ်လိုက်ပါလို့ တိုက်တွန်းတယ်နော်။

“မှန်ပါ့ဘုရား”





# တခဏဖြစ်ရ လူ့ဘဝ
# အနှစ်ရှိအောင် ကြိုးစားကြ

"စပါးနှံအဆံပြည့်လျှင် ငိုက်သည်။
လူလိမ္မာ ပညာစုံလျှင် စိုက်သည်"တဲ့။

အခု ထက်ထက်အောင်လေးကို ကြည့်စမ်း၊ ပညာဆုံးခန်းတိုင်အောင်တောင် မသင်လိုက်ရဘူး၊ မရဏမင်းနောက် လိုက်ရတော့မယ်၊ ကိုမရဏမင်းရယ်၊ သမီးလေး ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ပါရစေနော်၊ မခေါ်ပါနဲ့ဦးလို့"

သမီးလေး ထက်ထက်အောင် ကကော တောင်းပန်လို့ ရရဲ့လား။

"မရပါဘုရား"

မိဘများကလည်း

"ကိုမရဏာမင်းရယ်၊ ကျွန်မတို့မှာ ဒီသမီးလေး တစ်ယောက်တည်းမို့ သေတပန်သက်တစ်ဆုံး နေပါရစေ၊ ခေါ်မသွားပါနဲ့လို့ တောင်းပန်လို့ ရရဲ့လား?

"မရပါဘုရား"

"သံဝေဂယူပြီး တရားကို ကြိုးစားအားထုတ်ကြစမ်းပါယောဂီတို့ရယ်"

"ဒီလိုနဲ့ နောက်တစ်နေ့ မနက် အစောကြီးရှိသေး သမီးလေး သွေးစိမ်းတွေ အန်လိုက်တာ၊ ရောဂါဝေဒနာရဲ့ နှိပ်စက်ခြင်းကို ခံနေတာ မျက်နှာများ ဖြူဖတ်ဖြူရော်ဖြစ်လို့။ ဒါပေမဲ့ သမီးထက်ထက်အောင် တစ်ချက်ကလေးမှ မညည်းဘူး။"

နေ့လယ်လောက်ကျတော့ သူ့အမေကို ပြောတယ် "အမေ သမီးသူငယ်ချင်း ညှော့သည်တွေလာရင် အမေပဲ ညှော့ခံလိုက်ပါနော်၊ သမီး ဘယ်သူနဲ့မှ သိပ်စကားမပြောချင်တော့ဘူး၊ ပြီးတော့ မေမေတို့ကိုလည်း သမီး မနေ့ညက စကားတွေ အများကြီးပြောခဲ့ပြီးပြီ၊ နောက်ထပ်လည်း ပြောစရာသိပ်မကျန်တော့ပါဘူး၊ သမီး အေးအေးချမ်းချမ်း

တရားပဲနှလုံးသွင်းပါရစေနော်၊ အချိန်သိပ်မရှိတော့ဘူး၊ သမီးကိုယ်သမီး သိပါတယ်၊ ဒီနေ့ တစ်နေ့တာအားဖြင့် လွန်မယ် မထင်တော့ပါဘူး၊ သမီးကို မနေ့ညက ဖွင့်ပေးတဲ့ တရားခွေလေးပဲဖွင့်ပေးပါ၊ ပြီးရင် အမေအပြင်ထွက်တော့နော်"

ဒါထက်ထက်အောင်ရဲ့ နောက်ဆုံးမှာတမ်းစကားပဲ နောက်ထပ် ဘာမှမပြောတော့ဘဲ တရားနဲ့သာ နေသွားလိုက်တာ အဲဒီနေ့ညဉ့်ဦးလွန်မြောက် ညဉ့်လယ်ရောက်လို့ မိုးသောက်ခါနီး နံနက် ၃ နာရီအချိန် တစ်ဘ၀၊ တစ်ခန္ဓာ ချုပ်ငြိမ်းရုပ်သိမ်းသွားခဲ့ရပါတော့တယ်။

သတိထားကြနော်၊ ခန္ဓာရှိသူတိုင်း ဘယ်သူမှ မလွန်ဆန်နိုင်တဲ့ သေခြင်းတရားကို တည်တည်ငြိမ်ငြိမ် မညည်းမညူဘဲ ပြုံးပြုံးကလေးနဲ့ ရင်ဆိုင်နိုင်ဖို့ဆိုတာ လွယ်သလား။

"မလွယ်ပါဘူး"

ဒါကြောင့် ဘုန်းကြီးတို့ယောဂီများအား "ပြုံးသေနည်းလှ ဤလောက"ဆိုတဲ့ တရားတော်ကို ဟိုလွန်ခဲ့တဲ့ ၂ နှစ်လောက်က ဘုန်းကြီးတို့ ကျေးဇူးဆပ်ခဲ့ပြီး ပါပြီ။ အားလုံးလဲ နာရမှာနော်။

"မှန်ပါ နာရပါဘုရား"

အေး နာတဲ့အတိုင်း သိကြပါစေ၊ သိတဲ့အတိုင်း

လည်း ကျင့်နိုင်ကြပါစေလို့ တိုက်တွန်းပါတယ်နော်။

"မှန်ပါဘုရား"

တရားတော်ရဲ့ကျေးဇူးဟာ ကြီးမားလိုက်တာ သမီးလေးသေပြီး ၃ ရက်မြောက်ရောက်တဲ့အချိန် ခေါင်းထဲသွင်းမယ်လို့ မလိုက်တဲ့အချိန် ခန္ဓာကိုယ်က ပျော့ပြောင်းနူးညံ့နေတဲ့အပြင် အေးမနေဘဲ နွေးနေတယ်၊ အပုပ်နံ့လုံးဝမရှိဘဲ အိပ်ပျော်နေသလိုပဲ၊ မိဘများနှင့်တကွ အားလုံးက သေတယ်ဆိုတာ မယုံကြည်နိုင်ကြဘဲ မျောနေတာနေမှာဆိုပြီး ၁၀ ကြိမ်တိုင်တိုင် ဆရာဝန်ကြီးများနဲ့ စစ်ခဲ့ကြပါသေးတယ်။

ဒါပေမဲ့ အဖြေကတော့ သေတာပါပဲ၊ ဆရာဝန်ကြီးများကတောင် ပြောလိုက်ပါသေးတယ်။

"ဒီ သမီးလေးတော်တော် တရားအားထုတ်သွားတယ် ထင်တယ်"

"ဟုတ်ပါတယ်ဆရာ"

"ဪ. ဒါတရားရဲ့ သဘောပါတဲ့"

ဝိပဿနာတန်ခိုး ချစ်မြတ်နိုး။ ဒါကြောင့် တို့ဒကာဒကာမတွေ

"ညည်းညူမရှိ၊ မြဂ်တိနှင့်၊ သတိမမေ့၊ ချိန်ပြည့်သိပြန်၊ မျက်လှန်ကြောဆွဲ မရှိဘဲနှင့်၊ သေလည်း မတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာ တန်ခိုးတည်း"

ဆိုတဲ့အတိုင်း...

ရှင်ဥသုဘဒ္ဒါကလည်း မိမိကိုယ်တိုင်လည်း သစ္စာသိအောင် ကြိုးစားခဲ့သလို ခင်ပွန်းသည်အသိုင်းအဝိုင်းကိုလည်း ဗုဒ္ဓဘာသာစစ်စစ်ကြီးတွေဖြစ်အောင် ကြိုးစားသွားခဲ့၊ အခုခေတ် သမီးလေးထက်ထက်အောင်လည်း ဘက်စုံထူးချွန်သည့်အပြင် အဖေကြီးကို ဗုဒ္ဓဘာသာဖြစ်အောင် စွမ်းဆောင်ပြီး၊ နောက်ဆုံးဝိညာဏ်ချုပ်ခါနီးအထိ ဘာနဲ့ကျေးဇူးဆပ်သွားတာလဲ။

"တရားနဲ့ ကျေးဇူးဆပ်သွားတာပါဘုရား။"

သူကိုယ်တိုင်ကော ဘယ်လိုသေတာလဲ?

"တရားနှလုံးသွင်း သေတာပါဘုရား"

သေပြီး ၃ ရက်ကြာတာတောင်သူ့ခန္ဓာက ဘယ်လိုနေလဲ။

"ပျော့ပြောင်းလှပါတယ်ဘုရား"

တို့ယောဂီတွေလည်း ဒီလို သက်သက်သာသာ ပျော့ပျော့ပြောင်းပြောင်းနဲ့ မဖြစ်ချင်ဘူးလား။

"ဖြစ်ချင်ပါတယ်ဘုရား။"

သူလိုဖြစ်ချင် သူလိုလုပ်၊ သူလို ပြစ်ရမည်ဆိုတဲ့အတိုင်း သူလိုဖြစ်ချင်ရင် ခန္ဓာပေါ် ဘာရောက်ရမယ်။

"ဉာဏ်ရောက်ရမှာပါဘုရား"

ခန္ဓာက ဖြစ်ပျက် ရှုတဲ့ဉာဏ်ကမဂ်၊ ဖြစ်ပျက်က ဘာသစ္စာ။

"ဒုက္ခသစ္စာပါဘုရား"
သိတဲ့ဉာဏ်က ဘာသစ္စာ?
မဂ္ဂသစ္စာပါဘုရား။
သေသွားတဲ ဒိဋ္ဌိဝိစိကိစ္ဆာ၊ ကိလေသာတွေက
"သမုဒယသစ္စာပါဘုရား"
သမုဒယတို့၏ ချုပ်ရာငြိမ်းရာ
သိမ်းရာက
"နိရောဓသစ္စာ ပါဘုရား"
"သစ္စာ ဘယ်နှစ်ချက်ပါလိမ့်"
"လေးချက်ပါဘုရား"

အဲဒီလိုဖြစ်ပျက် မဂ်ကိုက်လို့သစ္စာနှင့်ယှဉ်ပြီးသေလျှင် ဒီဘဝ သောတာပန်တည်ရင်တည် မတည်ရင် ဒုတိယဘဝ သောတာပန်တည်ကို တည်ရမယ်ဆိုတာ ဆုံးဖြတ်ပါ။

"မှန်ပါဘုရား"

အေးဒါကြောင့် ယနေ့ည နာခဲ့ရတဲ့ အရှယ်ကြီးပိုင်းဖြစ်တဲ့ ဓမ္မဒိန္နာ အရွယ်မ အလတ်ပိုင်းဖြစ်တဲ့ ရူဌသုဘဒ္ဒါ အငယ်ပိုင်းဖြစ်တဲ့ အခုခေတ် နန်းထက်ထက်အောင်တို့ဆိုတာ ယောကျ်ားသားတွေလား၊ မိန်းမသားတွေလား။

"မိန်းမသားတွေပါ ဘုရား"

ဒီလို မိန်းမသားမျိုးတွေ လောကမှာပေါ်သလား၊

ရှားသလား ဟေ့။

"ရှားပါဘုရား။"

ဒါကြောင့် ဒီနေ့ညဟောတဲ့ တရားနာမည်က ဘာတဲ့။

"သူလိုမိန်းမသား ရှားမှရှားပါဘုရား။"

အေးတို့အားလုံး ဒီတရားကို နာကြားမှတ်သားပြီး တခဏဖြစ်ရလူ့ဘဝမှာ အနှစ်ရှိအောင် ကြိုးစားနိုင်တဲ့ အမြတ်ဆုံးလူသားတွေ ဖြစ်ကြပါစေလို့တိုက်တွန်းရင်းနဲ့ ကိုင်းနာရီစေ့ပြီး တော်ကြဦးစို့။

သာဓု သာဓု သာဓု

**သုစိတ္တာဟောထ ဒုက္ခမုစ္စထ**
**သစ္စာလင်းရောင် ဉာဏ်တန်ဆောင်ဖြင့်**
**မိုက်မှောင်ပယ်စွင်း၍**
**နိဗ္ဗာန်ကိုချဉ်းကပ်နိုင်ကြပါစေ။**
**စေတနာ၊ မေတ္တာများစွာဖြင့်**
**မမွှေရုံသီဆရာတော်**

# ဓမ္မရံသီ ဓမ္မစာပေ ဖြန့်ချိရေးဌာန

၁။ ဓမ္မဒီပစာပေ အမှတ် (၉၇)၊ ရွှေတိဂုံဘုရားအရှေ့မုခ်။
ဖုန်း (အိမ်) ၃၈၁၈၃၃-၂၃၇၊ (ဆိုင်) ၃၇၈၆၂၃

၂။ ဓမ္မရံသီဝိပဿနာပြန့်ပွားရေးအဖွဲ့ မိုးကုတ်မြို့။
ဦးအောင်ကျော် (ဘဏ္ဍာရေးမှူး) ဖုန်း ၆၉-၇၀၄၃၈။
ဖုန်း ၀၉၉၀-၃၀၂၆၅၊ ၀၉-၅၃၄၁၁၂၆။

၃။ ဓမ္မရံသီဝိပဿနာပြန့်ပွားရေးအဖွဲ့၊ မန္တလေးမြို့။
ဦးမြဝင်း (ဥက္ကဋ္ဌ) ဖုန်း ၀၂- ၃၁၄၃၀။
ဦးဆန်းထွန်းဦး (အတွင်းရေးမှူး)
ဖုန်း ၀၉-၂၀၀၀၅၈၇၊ ၀၂-၆၈၆၆၁။
ဦးသန့် (အမှုဆောင်) ဖုန်း ၀၉-၉၀-၅၀၃၁၃။

၄။ ဓမ္မရံသီဝိပဿနာပြန့်ပွားရေးအဖွဲ့၊ မုံရွာမြို့။
ဦးတင့်ဆွေ ဖုန်း ၀၇၁-၂၁၇၉၈။
ဦးဝင်းမင်းထွန်း ဖုန်း ၀၇၁-၂၂၄၁၂။

၅။ ဓမ္မရံသီ သစ္စာဓမ္မသဘင် ကျင်းပရာဌာနများ။

၆။ မြမာလာ အထည်ဆိုင်၊ အဆင့်မြင့် ဈေးချိုတော်
အလယ်ထပ် B ရုံ မန္တလေးမြို့။
ဖုန်း ၀၂-[illegible]၊ ၃၂၇၈၉။

၇။ စစ်ငြိမ်းပန် [illegible] အမှတ် ၇၆၊ ကြာညိုလမ်း၊ ရပ်ကွက်
၃၊ လားရှိုးမြို့။
ဖုန်း ၀၉-၅၂၆၁၀၈၃၊ ၀၈၂-၂၂၃၃၉။

- နိဗ္ဗာန်ဆိုတာလေ...
  အမျိုးသားဝင်စံတဲ့ နိဗ္ဗာန်
  အမျိုးသမီးဝင်စံတဲ့ နိဗ္ဗာန်ရယ်လို့
  သီးသန့်မရှိပါဘူး။
- အမျိုးသားတွေမှသာလျှင် နိဗ္ဗာန်ဝင်စံရမယ်
  အမျိုးသားတွေမှသာလျှင် ဒီသစ္စာတရားနာရမယ်
  ဒီလိုလည်းမဟုတ်ပါဘူး...
- အမျိုးသမီးတွေလည်းပဲ ခန္ဓာဉာဏ်ရောက်ဝိပဿနာ
  တရားကိုသေချာကျနစွာ အားထုတ်ရင်
  နိဗ္ဗာန်ကိုရနိုင်ပါတယ်...

